www.burmeseclassic.com

# နေလင်းအောင်

## သိုင်းလောကအငြိုးခံ မိုးပျံမြွေခွေး

၄




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

## ခေါင်းဆောင်ချုပ် ခနရာလုပ်ပွဲ

မြောင်ယိုလန့်သည် တပွဲပွဲကျနေသော နှင်းမှုန်ကလေးများကို ငေးကြည့်နေမိလေ၏။

စင်စစ် မြောင်ယိုလန့် ဘာကိုမျှ တွေးနေခြင်း မဟုတ်ပါ။

သူ့စိတ်ထဲ၌ မည့်သည့်အရာမျှ မရှိဘဲ နှင်းမှုန်ကလေးများကို အကြောင်းမဲ့ ငေးမောနေခြင်းသာ ဖြစ်ပါသည်။

"သခင်မလေး ဘာတွေ တွေးနေတာလဲရှင့်၊ အဆောင်တွေ ရှိရာကို ပြန်ကြပါစို့၊ ဒီမှာ သိပ်အေးနေပြီ"

ခင်၏ သတိပေးသံကြောင့် မြောင်ယိုလန့် သတိပြန်ဝင်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး.....အေး.....ပြန်ကြစို့"

သူတို့နှစ်ယောက်သည် ခန်းမကြီးရှိရာ အဆောင်သို့ပင် ပြန်လာခဲ့ကြ၏။

သူတို့နှစ်ယောက် ခန်းမထဲသို့ ရောက်သောအခါ စောစောက လူသူကင်းရှင်းနေသည့် ခန်းမကြီးထဲ၌ သိုင်းဆရာများနှင့် ပြန်လည်၍ စည်စည်ကားကား ဖြစ်နေချေပြီ။

စောစောက ကြောက်လန့်တကြား ပုန်းရှောင်ခဲ့ကြသော သိုင်းသမားကြီးများသည် အရှက်မရှိသောမျက်နှာများဖြင့် မြောင်ယိုလန် အား ကြိုဆိုနေကြလေ၏။

"သူ.....သူ.....ဆင်းသွားပြီလား"

မြောင်ယိုလန်က.....

"ဘယ်သူ ဆင်းသွားရမှာလဲ"

"ဟူဖေးလေ၊ ရှိစန်းဟူဖေးပေါ့"

"ဆင်းသွားပြီ"

"သူတစ်ယောက်တည်းလား"

"ဦးလေး ဗိန်အာစစ်ကိုပါ ခေါ်သွားတယ်"

မြောင်ယိုလန်သည် ဤသတ္တိရှင်ယောက်ျားကြီးများကို အလွန် တရာ စိတ်ပျက်နေလေပြီ။

ဤတောင်ကလပ်ထိပ်ပေါ်၌ စိတ်ထား အမြင့်မြတ်ဆုံးနှင့် အရဲရင့်ဆုံးလူဆို၍ ဘဏ္ဍာစိုးကြီးယီ တစ်ယောက်တည်းသာ ရှိကြောင်း



မြောင်ယိုလန် သိရှိပြီးခဲ့လေပြီ။

ထိုအခိုက်မှာပင် မေးခွန်းအသီးသီး ထုတ်ကြပြန်လေတော့၏။

"သူ ဘာတွေ ပြောသွားသလဲ"

"သူ ဘယ်သူ့ကို ရှာတာလဲ၊ သူ တွေ့ချင်တာ ဒီတောင်ကလပ် ထိပ်က သခင်ကြီးတစ်ယောက်တည်းပဲလား"

"သူ ဘယ်တော့ ထပ်လာဦးမှာလဲ"

မြောင်ယိုလန်သည် မိန်းမသားများချည်း ထားရစ်ခဲ့ပြီး ထွက် ပြေးသွားသူများကို စိတ်အချဉ်ပေါက်နေသဖြင့် စကားကို သံပြတ်နှင့် ပြောလိုက်လေ၏။

"သူက ဘာမှ ပြောမသွားဘူး"

သိုင်းသမားများ၏ မျက်နှာများ၌ မယုံကြည်သည့် အရိပ် အရောင်များ ယှက်သန်းသွား၏။

မျက်ခုံးဖြူပေါင်စုက ဦးဆောင်၍ ပြောသည်။

"ကျုပ်တော့ မယုံပေါင်ဗျာ၊ လုံမလေးဟာ ရှိစန်းဟူဖေးနဲ့ ဒီခန်းမကြီးထဲမှာ အကြာကြီး စကားပြောနေခဲ့တာပဲ"

ပေါင်စုသည် ဘဏ္ဍာစိုးကြီးယီဘက်သို့ လှည့်မေးပြန်၏။

"ခင်ဗျားကော ဘာမှ မသိလိုက်ဘူးလား"

ယီက မှုန်ကုပ်ကုပ်ဖြင့် ပြန်ဖြေသည်။

"သခင်မလေး မြောင်ယိုလန် ပြောနေတာ စကားကုန်ပဲဗျ၊ ကျုပ်ကို ဘာမှ လာမေးမနေနဲ့၊ ကျုပ် ဘာမှ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



မြောင်ယိုလန်သည် စကားမပြောဘဲ ငြိမ်နေ၏။

ပေါင်စုက ထပ်၍ ပြောပြန်သည်။

''လုံမလေး.....ရှိစန်းဟူဖေးက ဘာပြောသွားတယ်ဆိုတာ ကျုပ်တို့အဖို့ သိပ်အရေးကြီးပါတယ်၊ ကျေးဇူးပြုပြီး တဆိတ်လောက် ပြောပြပါကွယ်''

မြောင်ယိုလန်သည် အေးအေးစက်စက် ပြုံးလိုက်မိ၏။

''ကောင်းပါပြီရှင်၊ ရှင်တို့ ဒီလောက်တောင် သိချင်ကြမှတော့ ရှိစန်းဟူဖေး ဘာပြောသွားတယ်ဆိုတာ ပြောရတော့မှာပေါ့၊ဟောဟိုမှာ သူ ပြောသွားတဲ့စကားတွေ''

မြောင်ယိုလန်သည် စားပွဲခုံကြီးပေါ်မှ စာလုံးများကို လက်ညှိုး ထိုး ပြသလိုက်လေ၏။

ပေါင်စုသည် ထိုအခါကျမှ စားပွဲပေါ်မှ စာများကို တွေ့မြင် တော့သည်။

သူသည် ရှေ့တိုး၍ စာကို ဖတ်လေ၏။

''လူဆိုတာ ခေါင်းမာရမှာ.....

သုံးပေရှည်တဲ့ဓားနဲ့ သုံးကြိမ်ထိုးကာ.....

အသေခံတိုက်၍ အသက်ကိုရင်းပါ.....

ရွှေငွေဆိုတာ အချည်းအနှီးပလာ.....

မှန်းသူအားလုံး စိန်ခေါ်မှာ''

ပေါင်စုသည် ဟူဖေး ရေးထားသည့်စာများကို အသံထွက်



ဖတ်ပြီး တဖြည်းဖြည်း ရင်ထိတ်လာလေ၏။

ထို့နောက် မည်သည့်စကားမျှ မပြောတော့ဘဲ ငြိမ်၍ ကုပ်သွား တော့သည်။

ဟူဖေးသည် သူ့အား ဘေးမဲ့ပေးကာ ချန်လှပ်ထားခဲ့မည် မဟုတ်ကြောင်း ကောင်းစွာ ရိပ်စားမိသွားပေပြီ။

မြောင်ယိုလန်သည် ယုတ်မာသော မျက်ခုံးဖြူပေါင်စု၏မျက်နှာ ပျက်သွားသည်ကို ကောင်းစွာ သတိပြုလိုက်မိသဖြင့် ထပ်မံငြိမ်းခြောက် ရန် စိတ်ကူးပေါ်သွားလေ၏။

''ရှိစန်းဟူဖေး ပြောသွားတဲ့ အချက်တစ်ချက်ကို ကျွန်မ သတိရပြီ''

ပေါင်စုအပါအဝင် သိုင်းသမားအားလုံး ခေါင်းထောင်လာကြ သည်။

မျက်ခုံးဖြူပေါင်စုက မဝံ့မရဲ မေးမြန်းလေ၏။

''သူ.....သူ ဘာပြောခဲ့သလဲ''

''သူ ပြောခဲ့တာကတော့ ခပ်ရိုးရိုးနဲ့ ခပ်ရှင်းရှင်းပါပဲ၊ သူဟာ သူ့ဖခင် အသတ်ခံရတဲ့ ရန်ငြိုးကို လက်စားချေရအောင် လာခဲ့တာတဲ့၊ အခုတော့ သူ့ရန်သူတွေက ကြောက်ချေး ကြောက်သေးတွေ ပါပြီး ရှောင်ပုန်းနေကြတော့ သူ ဒီကို လာရတာ အချည်းအနှီးပါတဲ့၊ ဒီလို ပုန်းနေကြမယ်မှန်းသိရင် သူ ဒီအပေါ်ကို တက်မလာဘူးတဲ့၊ သူက နောက်ဆုံး ပြောသွားခဲ့တယ်''

www.burmeseclassic.com

www.burmeseclassic.com



မြောင်ပိုလန်သည် စကားတစ်လုံးမျှ ဆက်၍ မပြောတော့ဘဲ ရုတ်တရက် ရပ်တန့်ပစ်လိုက်၏။

နားထောင်နေသူများမှာ အားလုံး ဆန့်တင့်င့် ဖြစ်သွားကြလေတော့သည်။

မျက်ခုံးဖြူပေါင်စုသာမက ချောင်ယွင်ချိုနှင့် ယွမ်စစ်ကျုံးတို့ကပါ ထပ်မံ လောဆော်ကြပြန်တော့သည်။

''ပြောပါ.....ဆက်ပြောပါ၊ သူ.....သူ နောက်ဆုံး ဘာတွေပြောသွားခဲ့သလဲ''

''သူက ပြောသွားခဲ့တယ်၊ ခု သူ တောင်အောက်ကစောင့်ဆိုင်းနေမယ်တဲ့၊ လူတစ်ယောက် ဆင်းလာရင် တစ်ယောက်ကို သတ်ပစ်မယ်တဲ့၊ နှစ်ယောက် ဆင်းလာရင် နှစ်ယောက်ကို သတ်ပစ်မယ်တဲ့''

မျက်ခုံးဖြူပေါင်စု၊ ရွှံ့ယွမ်ရှန့်၊ လိုယွန်ဟို၊ ယင်ကြည်၊ ယွမ်စစ်ကျုံး၊ ချောင်ယွင်ချို၊ ကျိုးယွင်ကာန်၊ ထန်ချင်ဝင်း၊ ကျင့်စန်နန်၊ ထောင်ပိုင်စွေ့နှင့် ထောင်ကြည်အန်းတို့အားလုံး မျက်စိမျက်နှာ ပျက်လျက် အားလုံးလိုလို မျက်နှာငယ်ကလေးများနှင့် ဖြစ်သွားကြတော့သည်။

တောင်အောက်သို့ ဆင်းသက်နိုင်မည့် အသက်ကယ်ကြိုးရှည်ကြီး ရရှိထားခြင်းအတွက် မည်သူမျှ ဝမ်းမသာ နိုင်ကြတော့ပေ။

လူတိုင်းလူတိုင်း စိတ်နှလုံး ညှိုးငယ်သွားကြသည်။

သူတို့ တွေးနေကြ၏။

---



''တောင်ထိပ်မှာလဲ ရိက္ခာဆိုလို့ ဘာမှ မရှိတော့ဘူး၊ တောင်အောက်မှာလဲ နတ်ဆိုးက စောင့်နေပြန်ပြီ၊ ငါတို့ ဘယ်လိုလုပ် အသက်ရှင်နိုင်တော့မှာလဲ''

မြောင်ပိုလန်၏စိတ်ထဲ၌မူ ဟူ၊ မြောင်၊ ဖန့်နှင့် ထန် မိသားစုတို့တွင် မိသားစုအတွင်းရေးများ ရှိရဦးမည်ဟု တွေးနေ၏။

ထိုအချက်များကို ဖော်ထုတ်လျှင် မိသားစုအားလုံး ငြိမ်းချမ်းမှုကို ရရှိနိုင်မည့် လမ်းစကို မုချ တွေ့ရမည်ဟု သူမ ယုံကြည်မိသည်။

ထိုမိသားစုများ၏ အတွင်းရေးကို တစ်နည်းတစ်လမ်းဖြင့် ထွက်ပေါ်လာအောင် ကြံဆောင်ရမည်ဖြစ်ကြောင်း သူမ သိသည်။

''ရှိစန်းဟူဖေးက တစ်ခု ပြောခဲ့ပါသေးတယ်ရှင်၊ ပေါ်ဒီတောင်ထိပ်ပေါ်မှာ ရှိနေသူအားလုံးဟာ သူနဲ့ ရန်ငြိုးရန်စ ရှိသူတွေချည်းဖြစ်ပါသတဲ့''

''ဟင်.....ဟယ်.....' ဟူသော အာမေဋိတ်သံများသည် ကျယ်လောင်စွာ ထွက်ပေါ်လာကြပြန်လေ၏။

''ဒါပေမယ့် တစ်ခုတော့ ကွာခြားချက် ရှိပါသတဲ့၊ တချို့က များများစားစား ရန်ငြိုးရှိသူတွေဖြစ်ပြီး တစ်ချို့ကတော့ နည်းနည်းပါးပါးသာ ရန်ငြိုးရှိသူတွေ ဖြစ်ပါတယ်တဲ့''

မျက်ခုံးဖြူပေါင်စုသည် အတွေ့အကြုံ ရင့်ကျက်သူ၊ ဝါစဉ်ကြီးသူ ဖြစ်ငြားသော်လည်း သူ၏တုန်လှုပ်မှုကို မထိန်းချုပ်နိုင်ဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



''သူ.....သူ.....ဘာတွေ ဆက်ပြောသွားသေးသလဲ''

''ဆက်ပြောသွားတာပေါ့၊ ရန်ငြိုးများများစားစား ရှိတဲ့လူကို သေလောက်အောင် တိုက်ခိုက်မယ်တဲ့၊ ရန်ငြိုး နည်းနည်းပါးပါး ရှိသူကိုတော့ တော်ရုံသင့်ရုံပဲ ဆုံးမမယ်တဲ့၊ သူက ရှင်တို့အားလုံးကို မေးခွန်းတစ်ခု မေးနိုင်းခဲ့ပါတယ်၊ ရှင်တို့ စုပေါင်းပြီး ရောက်လာခြင်းဟာ သူ့ကို ဝိုင်းတိုက်မလို့လားလို့ မေးနိုင်းခဲ့ပါတယ်''

ထိုစကားကို ကြားသောအခါ မျက်ခုံးဖြူပေါင်စုမှလွဲ၍ လူအားလုံး တစ်ယောက်တစ်ပေါက် ဝင်ပြောကြတော့သည်။

''ဟာ.....လုံမလေးရာ၊ ကျုပ်တို့က ရှိစန်းဟူပေး ဆိုတဲ့ နာမည်ကိုတောင် ခုမှပဲ ကြားဖူးခဲ့တာပါဗျာ၊ ရုပ်ရည်ဆိုရင်လဲ တစ်ခါမှတောင် မမြင်ဖူးခဲ့ပါဘူး။ သူနဲ့ ရန်ငြိုးရန်စ ရှိတယ်ဆိုတဲ့ အချက်က ဘယ်မှာ ဟုတ်နိုင်ပါ့မလဲဗျာ၊ နာမည်လဲ မကြားဖူး လူလဲ မမြင်ဖူးဘဲနဲ့ ဘယ်လိုလုပ် ရန်ငြိုး ရှိနိုင်မှာလဲဗျာ၊ သူ ဒီလို ပြောတာကတော့ ကျုပ်တို့ကို သက်သက် ဒုက္ခပေးချင်လို့ပဲ ဖြစ်ပါလိမ့်မယ်''

မြောင်ယိုလန်သည် ထိုအခါကျမှ တစ်စုံတစ်ခုကို သတိရသွားလေ၏။

ထောင်ပိုင်ဇွေ့ကို လှမ်းကြည့်လိုက်ပြီး.....

''ဘဘကြီး ထောင်ပိုင်ဇွေ့ဟာ ခပ်စောစောတုန်းက ကျွန်မတို့ သိချင်နေတဲ့ အကြောင်းအရာတစ်ခုကို ပြောပြမလို့ လုပ်ခဲ့ပါသေးတယ်၊ နောက်ပိုင်းမှာ စကားစ ပြတ်သွားပြီး အဲဒီအကြောင်းအရာ ပျောက်



သွားပါတယ်၊ အခု ဘဘကြီးထောင်ပိုင်ဇွေ့ ပြောပြရင် ဖြစ်နိုင်ပါပြီ''

ထောင်ပိုင်ဇွေ့က.....

''ကျုပ်တောင် မေ့တေ့တေ့ ဖြစ်သွားပါပြီဗျာ၊ အဲဒီတုန်းက ဘာအကြောင်းများ ပြောမိခဲ့ပါလိမ့်''

''ကောင်းပါပြီ၊ ကျွန်မ ပြန်ပြီး အစဖော်ပေးပါ့မယ်၊ စောစောပိုင်းက ဦးလေးဖိန်အာစင်က ပြောခဲ့ပါတယ်၊ ဘဘကြီးဟူယိတောင်းဟာ နှစ်ပေါင်းတစ်ရာလုံးလုံး ပုံးကွယ်ထားတဲ့ ပြဿနာကြီးသုံးရပ်ကို ဆေးဆရာကြီးကို ပြောပြပြီး ကျင်းမြန့်ဖူဆီ သွားအသိပေး ခိုင်းခဲ့ပါတယ်တဲ့။ အဲဒီအကြောင်းမှန်တွေ သိသွားရင် ကျင်းမြန့်ဖူ မြောင်ရင်ဖုန့် အနေနဲ့ ဘဘကြီးဟူယိတောင်းကို ဘယ်လိုမှ လာရောက်တိုက်ခိုက်တော့မှာ မဟုတ်ပါဘူးတဲ့။ ဘာကြောင့် မြောင်ရင်ဖုန့် လာတိုက်သလဲ ဆိုတာကိုတော့ သခင်ကြီး ဟူယိတောင်းလဲ သေတဲ့အထိ သိမသွားရှာပါဘူးတဲ့၊ ဦးလေးဖိန်အာစင်လဲ ဘာကြောင့်ဆိုတာ လုံးဝ မသိပါဘူးတဲ့၊ အဲဒီလူတွေ မသိတဲ့အကြောင်းကို ဘဘကြီးထောင်ပိုင်ဇွေ့က သိရှိထားတယ်လို့ စောစောက ပြောခဲ့ပါတယ်၊ စကားစပြတ်သွားပြီး ဒီအကြောင်းကို ဘဘကြီးအနေနဲ့ မပြောဖြစ်ခဲ့ပါဘူး၊ ကဲ.....အဆက်အစပ် ရသွားပြီလား''

မြောင်ယိုလန်သည် ရှည်လျားစွာ ရှင်းပြသောအခါမှ ထောင်ပိုင်ဇွေ့သည် သူပြောရမည့်စကားကို ပြန်လည်အမှတ်ရလာလေတော့၏။

''အား.....ဟုတ်ပြီ.....ဟုတ်ပြီ၊ ကျုပ်ကောင်းကောင်း သတိရလာပြီ၊ ဒီအကြောင်းတွေပြောရင် အစကနေ ပြန်ပြောမှ ဖြစ်လိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါရှင်၊ အစအဆုံးပြောမှ ပိုပြီးရေရေလည်လည် နားလည်သဘောပေါက်ကြတော့မှာပေါ့"

"ဟားဟားဟား..... နားလည်သဘောပေါက်မှာလဲ သေချာသကွာ၊ အယုတ်တမာတွေ မဟုတ်တရုတ်တွေ လုပ်တာလဲ အထုပ် ပြေသလို သေချာသကွ၊ ညောင်မြစ်တူးရင် ပုတ်သင်ဥ ပေါ်တယ်ဆိုတာ ဒါမျိုးပဲ ဖြစ်မှာပေါ့ကွာ"

မြောင်ယိုလန်က ကျေနပ်စွာ ပြုံးလိုက်မိသည်။

သူမ လိုချင်သည့် အကွက်ထဲသို့ ထောင်ပိုင်ဇွေ့တစ်ယောက် လည်စင်း၍ ဝင်ရောက်လာပြီ မဟုတ်ပါလား။

ဤခန်းမထဲရှိ သိုင်းသမားအချို့၏ မဟုတ်မတရားလုပ်မှုများကို ထောင်ပိုင်ဇွေ့ ဖော်ထုတ်တော့မည်မှာ သေချာနေတော့သည်။

ထောင်ပိုင်ဇွေ့က တဟားဟားရယ်ရင်း ယွမ်စစ်ကျုံး၊ ယင်ကြည်နှင့် ချောင်ယွင်ချီတို့အား လက်ညှိုးထိုးပြလေ၏။

"ဟောဒီ ထန်းလုံသိုင်းအဖွဲ့ခေါင်းဆောင်တွေက ကျုပ်သားကပဲ ထန်ကျွေနုံးကို သတ်သယောင်ယောင် စွပ်စွဲနေကြတယ်၊ ကျုပ်ကတော့ ရယ်ချင်သဗျာ"

ထောင်ပိုင်ဇွေ့သည် အသံကျယ်ကျယ်လောင်လောင် ရှုးရှုးဝါးဝါးဖြင့် ပြောတတ်သူဖြစ်၏။

ထိုသို့ ပြောတတ်ရသည့်အထဲ သူ့စိတ်ထဲ၌ မခံချိမခံသာ ဖြစ်နေသည့် အကြောင်းအရာကို ပြောရမည်ဆိုသောအခါ သူ့အသံသည်



မူလအသံထက် ပိုမိုကျယ်လောင်စူးရှလာလေတော့သည်။

"ကျုပ်ကတော့ပြောရင် ဘွင်းဘွင်းပဲဗျ၊ လျှို့ထားတာတွေ၊ မြှုပ်ထားတာတွေ၊ ချန်ထားတာတွေ တစ်ခုမှမလုပ်ဘူး။ မှန်တယ်၊ မှားတယ် ဖြစ်နိုင်၊ မဖြစ်နိုင်ဘူးဆိုတာတော့ ခင်ဗျားတို့ဘာသာပဲ ဆုံးဖြတ်ကြပေတော့"

အဘိုးအိုယင်ကြည်သည် စိတ်လိုလက်ရပင် ဝင်ရောက်၍ ထောက်ခံလေ၏။

"သိပ်ကောင်းမြတ်တဲ့ စကားပါပဲဗျာ၊ ကျုပ်တို့ကလဲ ဆရာကြီးကို ဒီအကြောင်းပြောပြဖို့ တောင်းပန်မလို့ပဲဗျ၊ အခု လုံမလေး မြောင်ယိုလန်က တောင်းပန်လိုက်တော့ အားလုံးအဆင်ပြေသွားတာပေါ့ဗျာ"

ထောင်ပိုင်ဇွေ့က ခေါင်းညိတ်ပြီး စတင်ပြောကြားလေ၏။

"ကျုပ်နဲ့ ထန်ကျွေနုံးဟာ ငယ်ငယ်ကတည်းက တွဲဖော်တွဲဖက်တွေဗျ၊ ကျုပ်တို့နှစ်ယောက် ငွေအရင်းအနှီး မလိုအပ်တဲ့ လုပ်ငန်းတစ်ခုကို အတူတူ လုပ်ကိုင်ခဲ့ကြတယ်ဗျ၊ ဒါကို ခင်ဗျားတို့အားလုံး သဘောပေါက်လိမ့်မယ် ထင်ပါတယ်"

ထန်ချင်ဝင်းက ရုတ်တရက် ဝင်မေး၏။

"ဘာအလုပ်လဲရှင့်၊ အရင်းအနှီးမလိုတဲ့အလုပ်ဆိုတာကို ကျွန်မ သဘောမပေါက်ဘူး"

"ဟားဟားဟား.....မသိဘူးဆိုတော့လဲ ပြောပြရတော့မှာပေါ့လေ၊ အရင်းအနှီး မလိုတဲ့အလုပ်ဆိုတာ ဓားပြတိုက်တဲ့ အလုပ်ပေါ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးရဲ့ ကျုပ်နဲ့ ထန်ကွေ့နုံးဟာ ငယ်စဉ်ကတည်းက ဓားပြတိုက်စားခဲ့တယ်လို့ ဆိုလိုပါတယ်''

ထောင်ပိုင်ဇွေ၏စကားဆုံးသောအခါ ခန်းမထဲရှိ သိုင်းသမားများသည် တစ်ယောက်မျက်နှာတစ်ယောက် မယုံတစ်ဝက် ယုံတစ်ဝက် ဟန်မျိုးဖြင့် ကြည့်မိကြတော့၏။

ထောင်ပိုင်ဇွေ ဓားပြတိုက်စားသည်ကို သူတို့အားလုံး ကြားသိဖူးထား၍ အထူးအဆန်း မဟုတ်တော့ပေ။

ထန်ကွေ့နုံး ဓားပြတိုက်စားသည်ဆိုခြင်းကိုမူ သူတို့တစ်သက်၌ တစ်ကြိမ်တစ်ခါမျှ မကြားဖူးခဲ့ကြပေ။

ထို့ကြောင့် မယုံတစ်ဝက် ယုံတစ်ဝက်မျက်နှာပေးများဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြခြင်းဖြစ်သည်။

ထိုစဉ် ချောင်ယွင်ချီက တစ်စခန်း ထလေတော့၏။

''ဟေ့.....အဘိုးကြီး၊ ခင်ဗျား ဘာမဟုတ်တာတွေ လျှောက်ပြောနေတာလဲ''

ထောင်ပိုင်ဇွေက ဒေါသတကြီး ပြန်အော်သည်။

''ဟေ့ကောင်..... တိတ်စမ်း၊ ငါဟုတ်တာတွေ ပြောနေတာကွ''

''ဘာဟုတ်ရမှာလဲ ခင်ဗျား ဓားပြတိုက်စားတာတွေကတော့ ဟုတ်မှာပေါ့ဗျ၊ ကျုပ်ဆရာကြီးက ခင်ဗျားလို လူဆိုးဓားပြ မဟုတ်ဘူးဗျ၊ သစ္စာဘက်တော်သား သူရဲကောင်း သိုင်းသမားကြီးဗျ၊ ခင်ဗျားက ကျုပ်ဆရာကြီးကို အနိုင်ညာတ သိုင်းသမားများ အောက်မေ့နေသလား၊

---



တော်ရှာ၊ ကျုပ်ဆရာကြီး သိက္ခာကျစေမယ့် စကားတွေ လာပြောမနေနဲ့''

''အောင်မယ်၊ ကြီးကြီးကျယ်ကျယ် ပြောနေပြန်ပြီ၊ ဟေ့ကောင် ငါက ဟုတ်မှန်တာကို ပြောတာကွ၊ မင်းတို့ဘာသာ သိက္ခာကျရုံမကလို့ လဲသေသေ ဂရုမစိုက်ဘူး၊ ငါတို့ အောက်လမ်း သိုင်းသမားတွေက မဟုတ်တာတွေ လုပ်ပေမယ့် မဟုတ်မမှန်တာကိုတော့ ဘယ်တော့မှ မပြောဘူးကွ''

''ထွီ .....ကြံကြံဖန်ဖန် ဓားပြတိုက်စားတဲ့လူကများ ကြံဖန်ဂုဏ်ယူနေရသေးတယ်''

''ဟေ့.....မင်းတို့က ငါ့စကားကို နားမထောင်ချင်ဘူးဆိုရင်လဲ ဖြစ်တယ်ကွ၊ ငါက ပြောချင်လွန်းလို့ ပြောနေတာ မဟုတ်ဘူး''

ထန်ချင်ဝင်းမှာ မနေသာတော့သဖြင့် ချောင်ယွင်ချီအား ဝင်ရောက် တောင်းပန်ရတော့၏။

''တော်ပါတော့ အစ်ကိုကြီးရယ်၊ ဒီလိုသာ ငြင်းနေကြရင်တော့ ဆရာကြီး ထောင်ပိုင်ဇွေ့ပြောမယ့် အကြောင်းအရာတွေကို ဘယ်တော့မှ သိခွင့်ရတော့မှာ မဟုတ်ဘူး''

ချောင်ယွင်ချီသည် ထန်ချင်ဝင်းအား အမြဲတစေ ဦးစားပေးသူဖြစ်ရာ ယခု ထန်ချင်ဝင်းစကားတစ်ခွန်း ပြောသည်နှင့် သူ့ထိုင်ခုံ၌ ပြန်ထိုင်ကျသွားသည်။

ထန်ချင်ဝင်းသည် ချောင်ယွင်ချီ ထိုင်သွားသည်နှင့် ထောင်ပိုင်ဇွေ့အား တောင်းပန်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ထောင်ပိုင်ဇွေ့ရှင်၊ ဆရာကြီးပြောမယ့်စကားကို စိတ်တိုင်းကျဆက်ပြောပါရှင်၊ ပြီးတော့မှ ဟုတ်နိုင်၊ မဟုတ်နိုင် ဝေဖန်ကြတာပေါ့"

ထောင်ပိုင်ဇွေ့က ကျေနပ်စွာ ပြောသည်။

"ဒါပဲပေါ့၊ ငါကလဲ ဒါပဲ ပြောတာပါပဲ၊ ငါ့စကားကို ဆုံးအောင် နားထောင်ကြည့်၊ နောက်မှ ယုတ္တိရှိမရှိ မှန်းမမှန် ဝေဖန်ဆုံးဖြတ်ကြပေါ့၊ အခုတော့ ငါစကားစရုံရှိသေး ဒီကောင်ကထပြီး ပြဿနာလုပ်နေလို့ ထို့"

"ကျေနပ်ပါတော့ရှင်၊ ကျွန်မကပဲ အစ်ကိုကြီး ချောင်ယွင်ချိ အစား တောင်းပန်ပါတယ်၊ ထန်ကွေ့နှံးဟာ ကျွန်မရဲ့ဖေဖေပါ၊ ကျွန်မကတောင် မတုန်မလှုပ်နားထောင်နိုင်ရင် တစ်ခြားလူတွေက ကျွန်မထက် ပိုပြီး နားထောင်နိုင်ရမှာပေါ့၊ ကဲ.....ကဲ.....ဆက်ပြောပါ ဆရာကြီးရှင့်"

"ကောင်းပြီ၊ ကျုပ် ဆက်ပြောမယ်၊ ကျုပ်ဟာ အောက်လမ်း သိုင်းသမားတစ်ယောက်ဖြစ်တယ်၊ ကျုပ်ဟာ ငယ်စဉ်ကတည်းက နိုးဆိုး လုယက်ခဲ့တဲ့လူတစ်ယောက် ဖြစ်တယ်၊ ကျုပ်ဟာ လုပ်ရဲရင် ခံရဲတယ်၊ ကျုပ်အခုလိုပြောလို့ ခင်ဗျားတို့အားလုံးက ကျုပ်ကို အထင်သေးချင် သေးကြမယ်၊ သေးလဲ ကျုပ်ကတော့ ဂရုမစိုက်ဘူး"

မြောင်ယိုလန်က ဝင်ပြောသည်။

"ဘဘကြီး ထောင်ပိုင်ဇွေ့ရဲ့ အောက်လမ်းသိုင်းသမားဘဝကို ဘယ်သူမှ အထင်မသေးပါဘူးရှင်၊ ဘဘကြီး စောစောက ဆရာကြီး



ထန်ကွေ့နှံ အကြောင်းပြောမလို့ အစချီထားပါတယ်၊ အဲဒီအကြောင်းကို ဆက်ပြောပါလားရှင်"

ထောင်ပိုင်ဇွေ့သည် ချောင်ယွင်ချိအား လှမ်းအော်ပြော ပြန်သည်။

"ကဲ.....ကြားရဲ့လား သူ့ရဲ့ကောင်းကြီးရဲ့၊ သူ့ရဲ့ကောင်းကြီး မြောင်ရင်ဖန့်ရဲ့သမီးကတောင် ငါတို့လို အောက်လမ်း သိုင်းသမားတွေကို အထင်မသေးဘူးကွ၊ မင်းလိုပါမွှားက ငါတို့ကို အထင်သေးရဲသေး သလား"

ချောင်ယွင်ချိသည် ထောင်ပိုင်ဇွေ့ကို မျက်ထောင့်နီကြီးဖြင့် ကြည့်နေ၏။

သို့သော် ခွန်းတုံ့ပြန်ခြင်းတော့ မရှိပါ။

နားထောင်နေသည့် သိုင်းသမားများကလည်း ချောင်ယွင်ချိ ခွန်းတုံ့ပြန်မည်ကိုသာ စိုးရိမ်နေကြသည်။

ချောင်ယွင်ချိ လုံးဝ ခွန်းတုံ့ပြန်ခြင်း မရှိသောအခါမှ အားလုံး သက်ပြင်းချမိကြတော့သည်။

ထောင်ပိုင်ဇွေ့က သူ့ထုံးစံအတိုင်း ကျယ်လောင်စွာ ပြောလေ တော့၏။

"ထန်ကွေ့နှံးဟာ ကျုပ်နဲ့အတူတူ လုယက်မှုကြီးတွေ ကျူးလွန် ခဲ့ဖူးပါတယ်၊ ကျုပ်ကသာ ဒီလုပ်ငန်းတွေကို ဆက်လုပ်ခဲ့ပေမယ့် အိမ်ထောင်ရက်သား ကျသွားပြီးတဲ့နောက်ပိုင်းမှာတော့ ထန်ကွေ့နှံးဟာ

www.burmeseclassic.com

www.burmeseclassic.com



ဒီအလုပ်တွေကို စွန့်လွှတ်ခဲ့ပါတယ်၊ ထန်ကွေနုံးဟာ အောက်လမ်း သိုင်းပညာတွေကို လုံးဝ အထင်မသေးခဲ့ပါဘူးဗျာ၊ သူကိုယ်တိုင် ဒီအလုပ်တွေ လုပ်ခဲ့ဖူးတော့ စာနာစိတ်ပေါ်ပြီး အထင်မသေးတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ နောက်ဆုံး ကုန်ကုန်ပြောလိုက်မယ်၊ သူ့သမီးနဲ့ ကျုပ်သားကို လက်ဆက်ပေးဖို့ သဘောတူထားတာကိုပဲ ကြည့်ကြတော့ဗျာ''

နားထောင်နေသူများ ခေါင်းတညိတ်ညိတ် ဖြစ်သွားကြတော့သည်။

ထောင်ပိုင်စွေ့က ဆက်ပြောၚ်။

''တစ်ကြိမ်မှာတော့ ကျုပ်ရယ်၊ ထန်ကွေနုံးရယ်၊ ခေါင်းဆောင်ကြီးဖန့်ရယ် သုံးယောက်သား သက်စွန့်ဆံဖျား အလုပ်တစ်ခုကို လုပ်ခဲ့ကြတယ်၊ အဲဒီအလုပ်ကတော့ ချန်ကျိုးမြို့ထဲမှာ ဟူယိတောင်းတို့ ဖနီးမောင်နှံကို တားမြစ်တဲ့အလုပ်ပါပဲ''

နားထောင်နေသူများသည် မျက်ခုံးဖြူပေါင်စုပြောသည့် စကားများနှင့် ပြန်လည်ဆက်စပ်မိသွားသည်။

''တကယ်တော့ ကျုပ်က ထန်ကွေနုံးရဲ့ လက်ထောက်အဖြစ် လုပ်ရတဲ့လူပါ။ ထန်ကွေနုံးက ခေါင်းဆောင်ဆိုပါတော့၊ ဟူယိတောင်းရဲ့ သိုင်းပညာကတော့ တကယ့်ကို ဆန်းကြယ်တယ်ဗျို့၊ လှည်းအိမ်ထဲကနေ ငွေပြားတွေနဲ့ပစ်ပေါက်လိုက်တာ ကျုပ်အပါအဝင် သိုင်းသမား အတော်များများ ပစ်လဲကုန်တော့တာပါပဲဗျာ၊ အဲ.....ထန်နဲ့ဖန့်ကတော့ ငွေပြားတွေကို သူတို့ဓားတွေနဲ့ ရိုက်ထုတ်ပစ်နိုင်ခဲ့တယ်ဗျ''



''ဒါက ပထမအကြိမ်ပေါ့၊ နောက်တစ်ကြိမ်မှာလဲ ကျုပ်အပါအဝင် သိုင်းသမားငါးယောက်ဟာ ဟူယိတောင်းရဲ့ဇနီးကို ဒုက္ခပေးဖို့ ကြံခဲ့ကြတယ်၊ ဟူယိတောင်း မပြောနဲ့၊ ဟူယိတောင်းရဲ့ ဇနီးရဲ့ သိုင်းပညာတောင် လက်ဖျားခါလောက်တယ်၊ ကျုပ်တို့အားလုံး လက်နက်တွေအလုခံရပြီး ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးခဲ့ရတာပဲ''

''ဟူယိတောင်းရဲ့ နောက်ဆုံးအချိန်တွေကို ဆေးဆရာယန်ကြီး မိန်အာစစ်နဲ့ ကျင်းမြန့်ဖူ့ မြောင်ရင်ဖုန့် တွေ့မြင်သလို ကျုပ်လဲ တွေ့မြင်ခဲ့ရပါတယ်''

''စောစောက လုံမလေး မြောင်ရင်ဖုန့် ပြောပြတဲ့ အကြောင်းအရာတွေနဲ့ မိန်အာစစ်ပြောတဲ့ အကြောင်းအရာတွေဟာ အားလုံးလိုလို မှန်ကန်ပါတယ်၊ အဲ.....ဟို.....ဆေးဆရာယန်ကြီး အဲ..... အဲ.....မျက်ခုံးဖြူပေါင်စုပြောတဲ့စကားတွေကတော့ အားလုံး မုသားစကားတွေချည်းပါပဲဗျာ''

ထိုအခါ မြောင်ယိုလန်က အကွက်ကျကျ ဝင်မေးလေတော့၏။

''ဟုတ်ပြီ၊ ဒီအချက်ကို ကျွန်မ သိချင်တာပဲ၊ ကျွန်မဖေဖေ မြောင်ရင်ဖုန့် အနေနဲ့ ဘဘကြီးဟူဟာ သူ့ဖခင်ကြီးကို မသတ်ဘူးဆိုတာ သိလျက်နဲ့ ဘာဖြစ်လို့လာပြီး ယှဉ်ပြိုင်တိုက်ခိုက်ရတာလဲ၊ ဘဘကြီးဟူ ရှင်းပြတဲ့အချက်ကို ဆေးဆရာယန်ကြီးက သွားပြီး မပြောခဲ့ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား''

ထောင်ပိုင်ရွှေ ကျေနပ်စွာ ခေါင်းညိတ်ပြ၏။

''ဟားဟားဟား..... ကျုပ်ကလဲ ဒီအကြောင်းကို သိထား[...]
လူဆိုတော့ သိပ်ပြောချင်နေတာဗျ။ လုံမလေး မြောင်ယိုလန်အပါအ[...]
လူအားလုံးဟာ ဗိုလ်ပြဿနာသုံးရပ်ကို ဆေးဆရာယန်ကြီးက သူ့ရဲ့ကော[...]
ကြီးမြောင်ရင်ဖုန့်ကို သွားမပြောဘူးလို့ ထင်မှတ်နေမှာ သေချာပါတယ်[...]
ဟုတ်တယ် မဟုတ်လား။ ခင်ဗျားတို့အားလုံး ကျုပ်ပြောသလိုပဲ ထင်နေ[...]
တယ်မဟုတ်လား''

ယင်ကြည်က ဝင်မေးသည်။

''ကျုပ်တို့ထင်တာ မှားနေသလားဗျ''

ထောင်ပိုင်ရွှေက တဟားဟား အော်ရယ်တော့သည်။

''မှားတာပေါ့ဗျ။ ရေရေလည်လည် မှားတာပေါ့၊ ခင်ဗျားတို့[...]
စဉ်းစားကြည့်လေဗျာ၊ အဲဒီတုန်းက ဆေးဆရာယန်ကြီးဟာ သိုင်းပည[...]
လေး မတောက်တခေါက်လေး တတ်ရုံတင်တတ်ထားတာဗျ။ သူ့ရဲ့ကော[...]
ကြီး မြောင်ရင်ဖုန့်လို ပုဂ္ဂိုလ်ကြီးနဲ့ ဟူယီတောင်းလို ပုဂ္ဂိုလ်ကြီး မျိုးကြား[...]
သူ မပြောဘဲ ဘယ်နေဝံ့လိမ့်မလဲဗျာ''

နားထောင်နေသူများမှာ စဉ်းစားရ ကြပ်သွားကြ၏။

ထောင်ပိုင်ရွှေက တဟားဟားရယ်ရင်း ဆက်ပြော၏။

''ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြလေဗျာ၊ မြောင်ရင်ဖုန့်[...]
ဟူယီတောင်းဟာ မတွေ့ဘဲ နေကြမလားဗျ၊ တွေ့ပြီး ဟူယီတောင်းက[...]
မတော်တဆ မေးလိုက်ရင် မြောင်ရင်ဖုန့်က သူ့ကို ယန်ကြီးက
လာမပြောဘူးလို့ ငြင်းလိုက်မှာပေါ့ဗျ၊ အဲဒီအခါကျရင် ယန်ကြီး သေနေ့
စေ့ပြီပေါ့ဗျာ၊ တကယ်တော့ သူ သွားပြောခဲ့ပါတယ်၊ ဟူယီတောင်း
ပြောနိုင်းတဲ့ ပြဿနာသုံးရပ်စလုံးကို သွားပြောခဲ့ပါတယ်''

မြောင်ယိုလန်က.....

''ဟင်....သွားပြောလျက်နဲ့များ''

ထောင်ပိုင်ရွှေက လက်ကာပြသည်။

''စကားကို ဆုံးအောင် နားထောင်ပါဦးလေ၊ သူပြောခဲ့တာက မြောင်ရင်ဖုန့် မဟုတ်ပါဘူး လုံမလေးရဲ့၊ သူသွားတဲ့အချိန်မှာ မြောင်ရင်ဖုန့် မရှိပါဘူး။ ထန်ကွေ့နန်းနဲ့ပဲ တွေ့ဆုံခဲ့ရတယ်၊ ယန်ကြီးဟာ ပြဿနာသုံးရပ်စလုံးကို ခရေစေ့တွင်းကျရှင်းပြခဲ့ပါတယ်၊ ထန်ကွေ့နန်းကလဲ သေသေချာချာကို စိတ်ပါဝင်စားစွာ နားထောင်ပါတယ်၊ ယန်ကြီးရဲ့ စကားလဲဆုံးရော ထန်ကွေ့နန်းက 'ကဲ .....မင်းပြန်ပေတော့၊ မြောင်ရင်ဖုန့် ပြန်လာရင် ဒီအကြောင်းတွေအားလုံး အသေးစိတ် ပြန်ပြောပြလိုက်မယ်၊ မြောင်ရင်ဖုန့်နဲ့တွေ့ရင် မင်းဘာမှမပြောနဲ့တော့'လို့မှာကြားပြီး ဆေးဆရာယန်ကြီးကို ပြန်လွှတ်ခဲ့ပါတယ်''

ယင်ကြည်၊ ယွမ်စစ်ကျုံးနှင့် ချောင်ယွင်ချီတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြတော့သည်။

ဟူယီတောင်းသေရသည့် ပြဿနာ၌ ထန်ကွေ့နန်းသည် တရားခံဖြစ်ရန် အစပျိုးလာပြီဖြစ်ကြောင်း သူတို့ ရိပ်မိလာကြသည်။

www.burmeseclassic.com



ဆေးဆရာယန်းကြီးဟာ ဟူယိတောင်းနဲ့ တွေ့တဲ့အခါမှာ မြောင်ရင်ဖုန့်ကို ပြောပြခဲ့ပြီးပါပြီလို့ ပြောလို့ ဟူယိတောင်းကတောင် လျှန်ငွေသုံးဆယ် ချီးမြှင့်ခဲ့သတဲ့၊ ဒီနေရာမှာ ယန်ကြီးအနေနဲ့ မြောင်ရင်ဖုန့်ကို မတွေ့ဘဲ တွေ့ခဲ့သယောင်ပြောတဲ့ အပြစ်ပဲ ရှိပါတယ်''

ထောင်ပိုင်စွေ့က ဆက်ပြောပြန်သည်။

''ထန်ကွေနုံးကရော ဒီပြဿနာသုံးရပ်အကြောင်း မြောင်ရင်ဖုန့်ကို ဘာကြောင့် ပြန်မပြောပြသလဲ၊ ဒါဟာ ပြဿနာရဲ့အဖြေပဲ၊ ဒီအဖြေကလဲ လွယ်လွယ်လေးပါဗျာ၊ သိပ်စဉ်းစားစရာတောင် လိုမယ်မထင်ပါဘူး၊ ထန်ကွေနုံးဟာ သူ့ဖခင်သေဆုံးမှုနဲ့ပတ်သက်ပြီး ဟူယိတောင်းကို သိပ်ပြီး လက်စားချေချင်နေတယ်ဗျ၊ ဟူယိတောင်းအပေါ် လုံးဝ မကျေနပ်ဘူး''

''ဒါပေမယ့် သူ့သိုင်းပညာကတော့ ဟူယိတောင်းကို လုံးဝ မမီဘူး၊ မြောင်ရင်ဖုန့်ကျတော့ တစ်မျိုးဗျ၊ သူဟာ တကယ့်ကို မိုးအောက် မြေပြင် ပြိုင်ဘက်ကင်း ဆိုတဲ့ဘွဲ့ကို ရသင့်ပါတယ်ဗျာ၊ သူ့ဖခင် အသတ်ခံရမှုနဲ့ပတ်သက်ပြီး တိတိကျကျ မသိသေးတော့ သူဟာ ဟူယိတောင်းကို သတ်ချင်စိတ် မရှိပါဘူး၊ ဒါကို ထန်ကွေနုံးက သိထားပါတယ်၊ တကယ်လို့ ယန်ကြီးလာပြောတဲ့ ပြဿနာသုံးရပ်ကိုသာ မြောင်ရင်ဖုန့်ကို ရှင်းပြလိုက်ရင် မြောင်ရင်ဖုန့်ဟာ ဟူယိတောင်းဆီ ဘယ်သွားတော့ မလဲဗျာ''

ချောင်ယွင်ချီသည် ထောင်ပိုင်စွေ့ကို သိပ်မကျေနပ်ချင်တော့ပေ။ သူတို့ ထန်းလုံအဖွဲ့၏ ခေါင်းဆောင်ချုပ်ကြီးသည် ပထမပိုင်း၌



မားပြလူဆိုး ဖြစ်ခဲ့ရပြီးပြီ။

ယခုတစ်ခါ လူယုတ်မာဖြစ်ရန် နီးစပ်လာပြန်ပေပြီ။

ထောင်ပိုင်စွေ့ပြောသမျှ အကြောင်းအရာများသည် သူ့ဆရာကြီး၊ ထန်ကွေနုံး နစ်နာစေမည့်အကြောင်းများသာ ဖြစ်သည်ဟု ချောင်ယွင်ချီ ယုံကြည်လာ၏။

ထောင်ပိုင်စွေ့၏အသံက ဆက်လက်ထွက်ပေါ်လာပြန်သည်။

''တကယ်တော့ ထန်ကွေနုံးရဲ့ ယုတ်မာမှုဟာ ဒီဟူယိတောင်းကို သေစေချင်ရုံတင် မဟုတ်ဘူးဗျ ဟူယိတောင်းရဲ့ လက်ချက်နဲ့ သူ့ရဲ့ကောင်းကြီး၊ မြောင်ရင်ဖုန့်ကိုပါ သေစေချင်တယ်''

နားထောင်နေသူအားလုံး အကြီးအကျယ် အံ့သြသွားကြတော့၏။

ထန်ကွေနုံးက ဟူယိတောင်းကို သေစေချင်သည့်အကြောင်းကို သူတို့သိပြီးဖြစ်၍ ထိုအချက်ကို လက်ခံကြသည်။

မြောင်ရင်ဖုန့်ကို သေစေချင်သည့်အကြောင်းကို သူတို့သိမထားသဖြင့် ထိုအချက်ကို မယုံကြည်ချင်ကြပေ။

ထောင်ပိုင်စွေ့က ရယ်ရင်း ပြော၏။

''ဟားဟားဟား.....ခင်ဗျားတို့အားလုံး ကျုပ်ပြောတာ မယုံကြဘူး၊ မဟုတ်လား။ ကောင်းပြီ ခင်ဗျားတို့အားလုံးယုံအောင် အကြောင်းတစ်ခုကို ထုတ်ဖော်ပြောပြမယ်၊ ဒါဆိုရင် ခင်ဗျားတို့ ကျုပ်ပြော တာကို ယုံမယ်''

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်.....

မြောင်ပိုလန်က ကြားဖြတ်၍ တောင်းပန်လိုက်သည်။

''ဘဘကြီးထောင်ပိုင်ခွေ့ရှင့်၊ ဒီအကြောင်းကို ဆက်မပြောပါနဲ့တော့ရှင်၊ ဘဘကြီးထန်က ဖေဖေ့ကို ဘာကြောင့်သတ်ချင်တယ်ဆိုတာ ကျွန်မ သိပါတယ်''

''ဟားဟားဟား..... လုံမလေး သိရင် ပြီးတာပါပဲလေ၊ ကျုပ်လဲမပြောချင်ပါဘူး။ ဒါပေမယ့် အရေးကြီးတဲ့ အချက်တစ်ချက်ကိုတော့ မပြောပဲနေလို့ မဖြစ်ဘူး''

မြောင်ပိုလန်က.....

''ဘာများလဲရှင်၊ သိပ်အရေးကြီးရင်တော့ ထိန်ချန်မထားပါနဲ့ရှင်၊ ပြောသာပြောပါ''

''ဩော်.....ဒီလိုပါ၊ ထန်ကွေနံ့းဟာ ကျူပ်လက်ထဲကို အဆိပ်ဘူး တစ်ဘူး အပ်ခဲ့ပါတယ်၊ ဟူယိတောင်းနဲ့ မြောင်ရင်ဖုန့်ဓားသိုင်းယှဉ်ပြိုင် တဲ့အခါမှာ သုံးမယ့်ဓားတွေရဲ့ထိပ်ဖျားမှာ ဒီအဆိပ်တွေကို သုတ်လိမ်း ပေးပါလို့ မှာကြားခဲ့ပါတယ်''

♛ ♛ ♛



အခန်း (၂၉)

## ဝါစဉ်ကြီး သိုင်းသမားတို့ အကြံအစည်

မြောင်ပိုလန်မှာ ဟာယ်ခနဲ ဖြစ်သွားတော့၏။

''ထန်ကွေနံ့းက နိုင်းရုံသာနိုင်းတာပါ၊ တကယ်တော့ ကျုပ်အဖို့ ဘယ်လွယ်မလဲဗျ၊ ကျူပ်က အပြင်လူပဲ၊ ဘယ့်နှယ်လုပ်ပြီး သူတို့ဓားတွေမှာ အဆိပ်သွားသုတ်နိုင်မှာလဲ၊ ဒီတော့ အဲဒီတည်းခိုခန်းမှာ နေနေတဲ့ ဆေးဆရာ ယန်ကြီးရဲ့လက်ထဲ ထည့်ပေးလိုက်ရတာပေ့ါ''

သိုင်းသမားများသည် မျက်နှံဖြူပေါင်စုကို ဝိုင်း၍ မျက်စောင်း ထိုးကြ၏။

ပေါင်စုမှာ ဤတောင်ကလပ်ထိပ်ရောက်ပြီးမှ သိက္ခာကျပြီးရင်း ကျလာခဲ့ရာ ယခုဆိုလျှင် လူတိုင်းက သူ၏ထက်မြက်သော သိုင်းပညာကို မကြောက်လန့်ဘဲ ရှိနေကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ချောင်ပွင့်ချိုက.....

"ခင်ဗျားက သူ့ကို ဒီအတိုင်း နိုင်းလိုက်တာပဲလား။ ကျုပ်မေးတာက သူ့ကို အခကြေးငွေများ ပေးရသေးသလားလို့ ဆိုလိုတာပါ"

ထောင်ပိုင်ဇွေ့က အားရပါးရ ဟစ်အော်ရယ်မောရင်း.....

"ဟားဟားဟား..... ဒီဆေးဆရာယန်ကြီးလား အလကားနိုင်းလို့ရမှာ၊ ပိုက်ဆံပေးရတာပေါ့ကွ၊ ပထမတုန်းက ငါသူ့ကို မမှတ်မိဘူးကွ၊ ဇာတ်ကြောင်းတွေကြားပြီးမှ တဖြည်းဖြည်း မှတ်မိလာတာ၊ သူ့ကို ဒီလို အဆိပ်သုတ်လိမ်းနိုင်းတဲ့အတွက် လျှန်ငွေငါးဆယ် ပေးရတာသကွ၊ နည်းတဲ့ပိုက်ဆံလားကွာ၊ မင်းတို့ပဲ စဉ်းစားကြည့်ကြပါဦး"

မြောင်ယိုလန်က ပြောသည်။

"ပထမတုန်းက ဦးလေးဖိန်အာစစ် ပြောတုန်းကတော့ သူ့အဆိပ်နဲ့သူ သတ်သလိုပဲ"

"ဟ..... ဖိန်အာစစ်က သူမြင်တာကို သူပြောတာပေါ့၊ နောက်ကွယ်က ကျုပ်တို့လုပ်တာတွေကိုတော့ သူ ဘယ်မြင်မလဲ၊ ကဲ.....အားလုံး စဉ်းစားနိုင်အောင် ကျုပ် တစ်ချက်ပြောပြမယ်၊ ဟူယိတောင်းရဲ့ အတွင်းအားနဲ့ သိုင်းပညာဟာ အခုံးစွန်ရောက်နေပြီဆိုတဲ့အချက်ကို ခင်ဗျားတို့ လက်ခံကြသလား"

"လက်ခံတယ်၊ လက်ခံတယ်"

အားလုံးက ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံကြသည်။

"ဒါဖြင့် သူလိုလူမျိုးကို ရိုးရိုးအဆိပ်လောက်နဲ့ သေစေနိုင်



မလား။ ဥပမာ ဆေးဆရာယန်ကြီးရဲ့ သာမန်အဆိပ်လောက်နဲ့ပေါ့"

ချောင်ပွင့်ချိုက.....

"ဟာ.....ဘယ်သေစေနိုင်မလဲ၊ အဆိပ်မိမှန်းသိတာနဲ့ အဆိပ်တွေမပျံ့အောင် အကြောပိတ်ပြီး ထိန်းထားလိုက်နိုင်တာပေါ့"

ထောင်ပိုင်ဇွေ့ ကျေနပ်စွာ ရယ်တော့၏။

"ဟားဟားဟား..... ဒါပဲပေါ့ကွ၊ အဲဒီအဆိပ်က မင်းတို့ထန်းလုံ သိုင်းအဖွဲ့ကြီးရဲ့ ကိုယ်ပိုင်အဆိပ်ပေါ့ကွ၊ မင်းတို့ ခေါင်းဆောင်ကြီး၊ ထန်ကွေ့နုံးကိုယ်တိုင် ငါ့ကို ပေးခဲ့တာပဲ၊ သိုင်းလောကထဲက သိုင်းသမားတိုင်း ဒီအဆိပ်အကြောင်း ကြားလိုက်ရင် လိပ်ပြာလွင့်သွားကြမယ်၊ ငါ ဒီလောက်ပြောရင် ဘာအဆိပ်ဆိုတာ မင်း သိလောက်ရောပေါ့"

ချောင်ပွင့်ချိုက ဒေါ်ပွပွဖြင့် လှမ်းအော်၏။

"ခင်ဗျားကြီး ပြောမှာ ပြောစမ်းပါဗျ၊ ပဟေဠိဝှက်သလို ဝှက်မနေစမ်းပါနဲ့"

"ဟားဟားဟား..... ကောင်းပါပြီကွာ၊ ငါ ပြောပါ့မယ်၊ အဲဒီအဆိပ်ရဲ့နာမည်ကတော့ ခပ်ဆန်းဆန်းပဲကွ၊ 'နဂါးဝိညာဉ်ခြွေ အဆိပ်' လို့ ခေါ်သကွ၊ ထန်းလုံသိုင်းအဖွဲ့ဟာ ဒီအဆိပ်ကြောင့် ကျော်ကြားလာတာပဲကွ"

နားထောင်နေသူများသည် မူလက ထောင်ပိုင်ဇွေ့၏ စကားများကို သိပ်မယုံကြပေ။

သို့သော်.....

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကြာလာသည်နှင့်အမျှ ထောင်ပိုင်ဇွေ့၏စကားများကို မယုံဘဲ မနေနိုင်အောင် ဖြစ်လာကြရသည်။

ထောင်ပိုင်ဇွေ့၏စကားများကို ယုံကြည်လာရသည်နှင့်အမျှ ထန်းလုံအဖွဲ့သားများဖြစ်သော ယွမ်စစ်ကျုံး၊ ယင်ကြည်နှင့်ချောင်ယွင်ချီ တို့၏ မျက်နှာများကိုသာ ကွက်ကြည့်ကွက်ကြည့် လုပ်လာကြတော့၏။

ယွမ်စစ်ကျုံးမှာ သူတို့တစ်ဖွဲ့လုံး၏ ဂုဏ်သိက္ခာ ထိခိုက်လာသဖြင့် စိတ်ဆိုးလာသည်။

သို့သော်.....

ထောင်ပိုင်ဇွေ့ကိုလည်း သူ့အနေဖြင့် မတိုက်ခိုက်ရဲပါ။

ထောင်ပိုင်ဇွေ့ ဤသို့ပြောဆိုရန် အားလုံးက ဝိုင်းဝန်းတောင်းပန်ခဲ့ကြသည် မဟုတ်ပါလား။

ထောင်ပိုင်ဇွေ့ကမူ မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ ဆက်ပြောနေသည်။

"အဲ .....တစ်ကြိမ်မှာတော့ ထန်ကွေ့နုံးဟာ သိုင်းလောကထဲက အနားယူဖို့အတွက် လက်ဆေးမင်္ဂလာ လုပ်တယ်ဗျ၊ သိုင်းလောကထဲက ညီသည်တွေကိုလဲ ဖိတ်ခေါ်ထားတယ်၊ လူပေါင်းလေးငါးရာလောက်တော့ ရှိမှာပေါ့ဗျာ၊ ကျုပ်တို့က ခမည်းခမက် တော်ရမယ့်လူတွေဆိုတော့ သူများတွေထက်စောပြီး ရောက်နှင့်နေရတာပေါ့ဗျာ"

သူသည် ယင်ကြည်ကို တစ်ချက်ကြည့်လိုက်၏။

"သူတို့ ထန်းလုံသိုင်းအဖွဲ့ကြီးမှာ အစဉ်အလာတစ်ခုရှိတယ်၊



ထန်းလုံပေကျူးအဖွဲ့ရဲ့ခေါင်းဆောင် အနားယူပြီဆိုရင် ထန်းလုံတစ်ဖွဲ့လုံးက အထွတ်အမြတ်ထားတဲ့ ဓားသိုင်းကျမ်းရယ်၊ သံသေတ္တာရယ်ကို ပျက်ကို ပေကျူးအဖွဲ့ရဲ့ လက်ထဲမှာ မထားရတော့ဘူး။ ထန်းလုံ (နန်းကြိုး) အဖွဲ့ရဲ့ ခေါင်းဆောင်လက်ထဲကို ပေးအပ်ရပါတယ်၊ ကျုပ်ပြောတာ မှားများ မှားနေသလား နောင်ကြီး ယင်ကြည်"

ယင်ကြည်က သဘောတူဟန်ဖြင့် ခေါင်းညိတ်ပြလိုက်လေတော့သတည်း။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)
## တိုးတိတ်သော စကားဝိုင်း

ယင်ကြည်၏ သဘောတူမှုကို ရသဖြင့် ထောင်ပိုင်ဗွေ့က ဆက်ပြောပြန်၏။

''ဟောဒီ အရင့်အမာ သိုင်းသမားကြီး ယင်ကြည်ဟာ ဟိုစဉ်အခါကဆိုရင် ရောမသူဌေးကြီးတစ်ဦးပဲပေါ့ဗျာ၊ သူဟာ ထန်းလုံ (နန်းကျုံး)အဖွဲ့ရဲ့ ခေါင်းဆောင်လဲဖြစ်နေတဲ့လူဆိုတော့ ခေါင်းဆောင်ကြီး ထန်ကွေနုံးဟာ အစဉ်အလာအရ လွှဲပြောင်းပေးရမယ့် ပစ္စည်းတွေကို နောင်ကြီးယင်ကြည်ရဲ့လက်ထဲ အပ်ရမှာပဲ ဖြစ်ပါတယ်''

ထောင်ပိုင်ဗွေ့သည် ယင်ကြည်အား လှမ်းမေး၏။

''နောင်ကြီး ယင်ကြည်၊ အဲဒီတုန်းက ခင်ဗျား ရသင့်တဲ့



ပစ္စည်းတွေကို လက်ခံရရှိခဲ့ပါသလားခင်ဗျာ၊ ဟုတ်မှန်တဲ့အတိုင်း ပြောစေချင်ပါတယ်''

ယင်ကြည်မှာ မတတ်သာတော့ဘဲ ထရပ်ရလေတော့သည်။ ယင်းသည် ချောင်းတစ်ချက်ဟန့်လိုက်ပြီး.....

''အမှန်အတိုင်းပြောရရင်တော့ ဒီပြဿနာဟာ ကျုပ်တို့ ထန်းလုံအဖွဲ့ရဲ့ အတွင်းရေးပြဿနာပါ၊ သူစိမ်းတရံဆံတွေရှေ့မှာ လုံးဝမပြောသင့်တဲ့စကားတွေဖြစ်လို့ ကျုပ်အလိုအရဆိုရင် လုံးဝ ပြောမှာမဟုတ်ပါဘူး။ ဒါပေမယ့် အားလုံးက ဒီပြဿနာကို သိချင်ကြတာက တစ်ကြောင်း၊ ရှိစန်းဟူဖေးတို့နဲ့ ပတ်သက်နေတာကတစ်ကြောင်း၊ ဒီအကြောင်းနှစ်ချက်ကြောင့် ကျုပ် ထုတ်ဖော်ပြီး ပြောဆိုပါ့မယ်''

ထောင်ပိုင်ဗွေ့က ခေါင်းညိတ်၏။

''ကောင်းပါလေရဲ့ဗျာ၊ ဒါမှ အားလုံးမှန်မှန်ကန်ကန် စဉ်းစား ဆုံးဖြတ်နိုင်မှာပေါ့ဗျာ''

ယင်ကြည်က....

''အဲဒီနေ့က အတော့်ကို ရှုပ်ထွေးခဲ့တာဗျ၊ ခေါင်းဆောင်ကြီး ထန်ကွေနုံးဟာ ကျုပ်ကို အတွင်းခန်းထဲ ခေါ်သွားခဲ့ပါတယ်၊ အစဉ်အလာ စကားပြောရမယ်ဆိုရင်တော့ အခုလို ကျုပ် တစ်ယောက်တည်းကို ခေါ်သွားတာဟာ ထန်းလုံအဖွဲ့ကြီးရဲ့ စည်းကမ်းမဟုတ်ဘူးဗျ၊ ထန်းလုံ (နန်းကျုံး)အဖွဲ့သားတွေအားလုံးနဲ့ ထန်းလုံ (နန်ကျုံး) အဖွဲ့သားတွေ အားလုံးကို မျက်နှာစုံညီ ခေါ်ရမှာပဲ ဖြစ်ပါတယ်၊ နောက်ပြီး အဖွဲ့သား

www.burmeseclassic.com

www.burmeseclassic.com



အားလုံးဟာ ကောရာဇ်ကြီးလီချွမ့်ဝှမ်ရဲ့ ဗိညာဉ်လိုင်ပြာ စာတိုင်ကြီး
ကန်တော့ပူဇော်ရပါမယ်၊ ကန်တော့ပြီးတဲ့အခါမှာတော့ ကျုပ်တို့ အတွ
အမြတ်ထားတဲ့ သိုင်းကျမ်းရယ်၊ သံသေတ္တာရယ်ကို ကျုပ်လက်
ပေးအပ်ရပါမယ်၊ ဒါက အစဉ်အလာအတိုင်း လုပ်ရမယ့် အခြေအနေ
ပြောပြတာပါ''

''တကယ့် လက်တွေ့ကျတော့ အဲဒီလို ဖြစ်မလာပါဘူး
ကျုပ်တစ်ယောက်တည်းကို အခန်းထဲ ခေါ်သွားတယ်၊ ကျုပ်က
ဒီပစ္စည်းတွေ ကျုပ်ကို အပ်နှီးအပ်နှံနဲ့ စောင့်နေခဲ့ပါတယ်၊ ညသန်း
တိုင်ပါရောဗျာ၊ ကျုပ်ကို ဘာပစ္စည်းမှ မပေးအပ်တော့ပါဘူး။ နောက်
ခေါင်းဆောင်ကြီး ထန်ကွေ့နှံးဟာ ကျုပ်ကို အဲဒီအခန်းထဲ ထားရစ်
သူကတော့ သူ့အိပ်ခန်းထဲ ဝင်သွားတယ်ဗျ၊ ညီသည်တွေ အလျှ
ပြန်သွားတဲ့အချိန်အထိ သူကတော့ ထွက်မလာတော့ပါဘူးဗျာ''

ယင်ကြည်သည် ထန်ချင်ဝင်းကို တစ်ချက်လှမ်းကြည့်ပြီး

''အဲဒီ အခြေအနေကို ဟောဒီက ကျုပ်တူမကြီး ထန်ချင်
ကိုယ်တိုင် ကိုယ်တွေ့ကိုယ်သိပါပဲဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်
နေတဲ့နေရာကို ကျုပ်တူမကြီး ထန်ချင်ဝင်းကိုယ်တိုင်လာပြီး 'ဖေ
ထန်ကွေ့နှံး နေမကောင်းပါဘူး ဦးဦး၊ ဖေဖေက ပြောလိုက်ပါတ
ဦးဦးကို လွှဲပြောင်းပေးစရာရှိတဲ့ ပစ္စည်းတွေကို နောက်နေ့မှပဲ လွှဲအ
တော့မယ်'လို့ လာပြောလို့ပါပဲ''

ထန်ချင်ဝင်းမှာ ခေါင်းငုံ့နေလေတော့၏။



ယင်ကြည်ကမူ ဆက်၍ပြောသည်။

''ကျုပ်လဲ တော်တော်အံ့ဩသွားတယ်ဗျာ၊ ဘာဖြစ်လို့လဲ
ဆိုတော့ ကျုပ်တို့ရဲ့ခေါင်းဆောင်ကြီး ထန်ကွေ့နှံးဟာ ညီသည်တွေကို
ဧည့်ခံတုန်းက လန်းလန်းဆန်းဆန်းပဲဗျာ၊ ကျုပ်ကို ဒီအခန်းထဲ ခေါ်တုန်း
ကလဲ လန်းလန်းဆန်းဆန်းပဲကိုးဗျ၊ ဘယ့်နှယ် ကောက်ခါငင်ခါ
နေမကောင်း ဖြစ်သွားရတာလဲလို့ ကျုပ်မှာ အံ့ဩမဆုံးဖြစ်သွားခဲ့ရတယ်''

ထောင်ပိုင်စွေ့က.....

''တကယ့်ဖြစ်ရပ်မှန်ကို ဘယ်လိုများ ခင်ဗျား ခန့်မှန်းသလဲ
နောင်ကြီးယင်ကြည်''

ယင်ကြည်က ပွင့်ပွင့်လင်းလင်း ပြောသည်။

''အစဉ်အလာအရ ပြောင်းလွှဲရမယ့်ကိစ္စကို သူက ဘာဖြစ်လို့
အချိန်ရွှေ့ပစ်ရတာလဲ၊ ဒါက ထုံးစံမှ မဟုတ်ပဲဗျာ၊ ကျုပ်ကတော့
ခေါင်းဆောင်ကြီးထန်ကွေ့နှံး ညစ်ပတ်ပြီလို့ တွေးလိုက်မိပါတယ်၊
တကယ်တော့ ကျုပ်ဟာ သူ့ကို ကိုယ့်ရဲ့အစ်ကိုကြီးတစ်ယောက်လို
ချစ်ခင်လေးစားခဲ့တဲ့လူပါ၊ ဒါပေမယ့် အဲဒီနေ့မှာတော့ ကျုပ်ရဲ့လေးစား
မှုတွေဟာ အားလုံး ပျောက်ကွယ်သွားခဲ့ပါတယ်''

ထိုအခါ တစ်ချိန်လုံးလိုလို ငြိမ်သက်နေသည့် ယွမ်စစ်ကျူးက
မျက်တရက်ဝင်၍ ပြောလာသည်။

''နောင်ကြီးယင်ကြည် အဲဒီလို ထင်ရင်တော့ မှားလိမ့်မယ်ဗျ၊
တကယ်လို့ ထန်းလုံအဖွဲ့ရဲ့ပစ္စည်းတွေကို လက်ခံဖို့သက်သက်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ အဆင့်မြင့်သိုင်းသမားတွေကို စုစည်းခေါ်လာခဲ့သလဲ၊ ဒီသိုင်းသမားတွေကို ခေါ်လာဖို့တောင် မလိုပါဘူးဗျ၊ ဇနောင်ကြီး ယင်ကြည့်ရဲ့ အကြံကိုက မရိုးသားဘူးဆိုတာ သက်သေပြနေပါတယ်''

ယင်ကြည် စိတ်ဆိုးသွားသည်။

''နေစမ်းပါဦးဗျာ၊ ကျုပ်က ဘာမရိုးသားစရာ ရှိလို့လဲ၊ အဲဒီအချိန်အခါမှာ ထန်းလုံအဖွဲ့ရဲ့ပစ္စည်းတွေကို ကျုပ်တို့ထန်းလုံ (နန်ကျုံး) အဖွဲ့က ထိန်းသိမ်းရမယ့်အလှည့်ဗျ၊ ဒါကျုပ်ရဲ့အကြံ မရိုးသားမှုလားဗျာ''

ယွမ်စစ်ကျုံးကလည်း ဒေါနှင့်မောနှင့် ထပ်မံ စွပ်စွဲပြန်လေတော့သည်။

''ခင်ဗျားအကြံကို ကျုပ်တို့ မသိဘူးမှတ်နေသလား။ ခင်ဗျားလက်ထဲကို ထန်းလုံအဖွဲ့ရဲ့ အထွတ်အမြတ်ပစ္စည်းတွေ ရောက်ရှိသွားတာနဲ့ တပြိုင်နက် ကျုပ်တို့ ထန်းလုံ(ပေကျုံး) အဖွဲ့ကို ခင်ဗျားတို့ ထန်းလုံ (နန်ကျုံး)အဖွဲ့နဲ့တစ်ဖွဲ့တည်း ဖွတ်ပူးပေါင်းနိုင်းမယ် မဟုတ်လား။ ပြီးတော့မှ ခင်ဗျားက ထန်းလုံအဖွဲ့ကြီးရဲ့ တစ်ဦးတည်းသော ခေါင်းဆောင်ချုပ်ကြီးအဖြစ် ရပ်တည်မယ်၊ အဲဒါ ခင်ဗျား ကြိတ်စီစဉ်ထားတဲ့ အစီအစဉ် မဟုတ်လားဗျ''

ယင်ကြည့်၏ မျက်နှာတစ်ပြင်လုံး ရဲတက်သွားသည်။

သူသည် ယွမ်စစ်ကျုံးကို စေ့စေ့ကြည့်ကာ.....

''ခင်ဗျားက ဒီကိစ္စကို တင်ပြလာမှတော့ ကျုပ်ကလဲ ပြန်ရှင်းပြရတော့မှာပေ့ါ၊ ဒီကိစ္စက ပါးကိုက်လို့ နားပြန်ကိုက်ရတဲ့ကိစ္စဗျ၊ ဒီ နန်ကျုံးနဲ့





ပေကျုံး နှစ်ဖွဲ့ကို ပေါင်းစပ်ဖို့ကိစ္စက ကျုပ်ကစပြီး စီစဉ်တဲ့ကိစ္စလို့ ဆိုချင်တာလား''

ယွမ်စစ်ကျုံးက.....

''ခင်ဗျားအကြံ မဟုတ်ဘူးလား''

''ထွီ.....ဘယ်က ကျုပ်အကြံရမှာလဲ၊ အစ်ကိုကြီး ထန်ကွေ့နုံးရဲ့ အကြံဗျ၊ သူက အဖွဲ့နှစ်ခုကိုပေါင်းပြီး ခေါင်းဆောင်ချုပ်ကြီးလုပ်ဖို့ ပထမကတည်းက ကြံစည်ခဲ့တယ်ဗျ၊ အမှန်အတိုင်းပြောရရင် ဒီကိစ္စကို ကျုပ် သဘောတူခဲ့တယ်၊ အဖွဲ့နှစ်ဖွဲ့ပေါင်းရင် အင်အားကြီးလာမယ်၊ စွမ်းအားတိုးတက်လာမယ်၊ မင်္ဂလာရှိတဲ့ကိစ္စပဲဗျာ၊ ဒါဟာ ကျုပ်အကြံလား''

ယွမ်စစ်ကျုံးမှာ ယင်ကြည်အား ထိခိုက်စေရန် အပုပ်ချ တိုက်ခိုက်သော်လည်း သူတို့ နန်ကျုံးအဖွဲ့သား ထန်ကွေ့နုံးကိုယ်တိုင်က စခဲ့သော ကိစ္စဖြစ်နေ၍ ထပ်မံတိုက်ခိုက်ခြင်း မပြုနိုင်တော့ပေ။

ပါးစပ် ပိတ်သွားလေတော့၏။

မြောင်ယိုလန်က ဝင်၍ စကားလမ်းကြောင်း ပြောင်းပေးလေသည်။

''ကဲပါရှင်၊ ဒီတွဲရေးခွဲရေးကိစ္စကို အသာဘေးဖယ်ထားပြီး မူလကိစ္စကို ပြောစေချင်ပါတယ်၊ နောက်တော့ အဲဒီအထွတ်အမြတ်ပစ္စည်းတွေ ရရှိပါသလားရှင်''

ယင်ကြည်က.....

''ကျုပ်လဲ အခန်းထဲက ပြန်ထွက်ပြီး ကျုပ်တို့ နန်ကျုံးအဖွဲ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝါစဉ်ကြီးသိုင်းသမားတွေနဲ့ ပြန်တိုင်ပင်ရတော့တာပေါ့၊ ကျုပ်တို့အဖွဲ့ခွဲရဲ့ ဝါစဉ်ကြီး သိုင်းသမားကြီးအားလုံးက တညီတညွတ်တည်း မှတ်ချက်ချတယ်၊ ထန်းလုံပေကျုံးအဖွဲ့ခွဲရဲ့ ခေါင်းဆောင်ကြီး ထန်ကွေနုံးဟာ ရှိုးသားမှု လုံးဝ မရှိဘူးလို့၊ အဖြစ်မှန် သိရအောင် တရားသဖြင့် သိရအောင် ကျုပ်ပဲ ခေါင်းဆောင်ပြီး ဒီကိစ္စကို ဖော်ထုတ်ပါလို့ ကျုပ်ကို တာဝန် ပေးကြပါတယ်''

''ဒါနဲ့ကျုပ်လဲ အစ်ကိုကြီး ထန်ကွေနုံးရဲ့ အိမ်ခန်းဆီကို နောက်တစ်ကြိမ်ပြန်ဝင်ရတာပေါ့ဗျာ၊ တူမကြီး ထန်ချင်ဝင်းနဲ့ အပေါက်ဝမှာ တန်းတိုးတယ်ဗျ၊ ကျုပ်အကဲခတ်လိုက်တော့ ထန်ချင်ဝင်းရဲ့ မျက်ခွံတွေဟာ မို့ပြီးနီရဲနေပါတယ်၊ သူငိုထားတယ်ဆိုတာ သေချာတာပေါ့ဗျာ၊ ကျုပ်က 'အစ်ကိုကြီး ထန်ကွေနုံး မကျန်းမာဘူးဆိုလို့ နောက်တစ်ခေါက်လာကြည့်တာပါ'လို့ပြောပြီး အခန်းထဲဝင်ခွင့်တောင်းပါတယ်၊ ဒါပေမယ့် ကျုပ်ဝင်ခွင့်မရခဲ့ပါဘူးဗျာ၊ ကျုပ်တူမကြီး ထန်ချင်ဝင်းက အခန်းဝကဆီးတားပြီး 'ဖေဖေ အိပ်ပျော်နေပါတယ်၊ အိပ်ရာကနိုးတော့ လာကြည့်ပါ'လို့ပြောတာနဲ့ ကျုပ်လဲပြန်ထွက်ခဲ့ပါတယ်ဗျာ''

''ကျုပ်လဲ ပြန်သာလှည့်ထွက်ခဲ့ရပေမယ့် စိတ်ထဲကတော့ ဘဝင်မကျလှဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ထန်ကွေနုံးအိပ်ပြီဆိုတာ မဖြစ်နိုင်တာကတစ်ကြောင်း၊ ထန်ချင်ဝင်းဘာဖြစ်လို့ အကြီးအကျယ် ငိုရတယ်ဆိုတာ စဉ်းစားလို့မရတာက တစ်ကြောင်းပဲ''

''ကျုပ်ရဲ့အခန်းထဲပြန်ပြီး တစ်နာရီလောက် ထိုင်စဉ်းစားခဲ့

———●———



တယ်၊ ဘာအဖြေမှ ပေါ်မလာဘူး၊ ဒါနဲ့ ကျုပ်လဲ အဝတ်အစားတွေ ပြောင်းလဲဝတ်ဆင်ပြီး ထန်ကွေနုံးရဲ့အခန်းဆီကို ပြန်သွားခဲ့ပါတယ်၊ ဒီတစ်ခါတော့ သူ့ဗိုးချောင်း ချောင်းရတော့တာပေါ့ဗျာ''

''ဝုန်း''

ယွမ်စစ်ကျုံးသည် စားပွဲပေါ်သို့ လက်ဝါးဖြင့် ရိုက်ချလိုက်သဖြင့် ကျယ်လောင်သော အသံကြီး ထွက်ပေါ်လာ၏။

''သိပ်ကောင်းတာပေါ့ဗျာ၊ သိပ်ကောင်း၊ လူနာနေမကောင်းတာ ပေးမယ့်လူက အခန်းပြင်က သူ့ဗိုးချောင်း ချောင်းသတဲ့၊ အင်မတန် အဆင့်အတန်းမြင့်တဲ့ အပြုအမူပဲဗျ''

ယင်ကြည်က.....

''အဲဒါ ဘာဖြစ်သလဲ၊ ခင်ဗျားဆရာရဲ့အခန်းကို ကျုပ်က လူကောင်းသူကောင်းပီပီ တရားဝင် ဝင်ခွင့်တောင်းပေမယ့် ခင်ဗျားဆရာက ဝင်ခွင့်မှမပေးဘဲဗျ၊ လုပ်သလိုမဖြစ်တော့ ဖြစ်သလိုလုပ်ရတာပဲ''

မြောင်ယိုလန်က ဝင်၍ မေတ္တာရပ်ခံသည်။

''ကဲ.....ကျေးဇူးပြုပြီး တစ်ယောက်ပြောနေတဲ့အချိန်မှာ တစ်ယောက်က ဝင်မဖောက်ကြပါနဲ့ရှင်၊ ဒီလိုသာ အငြင်းအခုံဖြစ်နေကြရင်တော့ နောက်တစ်နှစ် ဆုံးတာတောင် ဟိုတစ်ယောက်က ပြောလို့ပြီးမှာ မဟုတ်တော့ပါဘူးရှင်''

ယွမ်စစ်ကျုံး ငြိမ်သွားရပြန်၏။

ယင်ကြည်က ဆက်ပြောသည်။

———●———

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ထန်ကွေနုံးရဲ့ အခန်းနား ရောက်သွားချိန်ဟာ တကယ် အချိန်ကောင်းပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ထန်ကွေနုံးအခန်းထဲမှာ တိုးတိုးတိတ်တိတ် ကျိတ်ပိုင်းကလေးတစ်ခု ရှိနေလို့ပါပဲ၊ အဲဒီ တစ်ချိန် တည်းမှာပဲ အစ်ကိုကြီး ထန်ကွေနုံးရဲ့အသံကိုလဲ ကြားလိုက်ရပါတယ်

'မင်းငါ့ကို အကျပ်မကိုင်ပါနဲ့ ငါသိုင်းလောကထဲက အနားယူ ပြီး ငါ့ရာထူးကို ချောင်ယွင်ချီကို ပေးလိုက်တာ အားလုံးအသိဖြစ်နေပြီ အခုဆိုရင် ချောင်ယွင်ချီဟာ ထန်းလုံ့(ပေကျူး)အဖွဲ့ရဲ့ ခေါင်းဆောင်ကြီး ဖြစ်သွားပြီ၊ ဘယ်လိုလုပ်ပြီး နောက်ထပ်အပြောင်းအလဲ လုပ်လို့ရတော့ မှာလဲ'လို့ အစ်ကိုကြီး ထန်ကွေနုံးက ပြောပါတယ်"

ယင်ကြည့်၏စကားထဲတွင် ထန်ကွေနုံးက ထိုစကားများကို ပြောနေကြောင်းသာ ပါသည်။

မည်သူ့ကို ပြောနေကြောင်း မပါရှိပေ။

သို့သော်.....

ယင်ကြည့် ထည့်မပြောဘဲ အမြုပ်ခံထားရသည့် ကာယကံ ရှင်သည် အလိုအလျောက် ပေါက်ကွဲထွက်လာ၏။

"ကျုပ်က ဘာဖြစ်လို့ ကျုပ်ရဲ့အစ်ကိုကြီးကို အကျပ်ကိုင်ရမှာ လဲဗျ။ ခင်ဗျား မဟုတ်တာတွေ မပြောပါနဲ့"

ပေါက်ကွဲသူကား ယွမ်စစ်ကျုံးတည်း။

ခုနစ်စင်ကြယ် ယွမ်စစ်ကျုံးဟု အမည်တွင်သည့် ထန်းလုံ့ (ပေကျူး)အဖွဲ့၏ ဝါစဉ်ကြီး သိုင်းသမားကြီးသာ ဖြစ်ပါလေ၏။



ယင်ကြည့်ကား လုံးဝ ဂရုမစိုက်ချေ။

ပြောမိပြီးသည်နှင့်အတူတူ ဆက်၍ ပြောတော့မည်ဟူသော သဘောမျိုးရှိ၏။

တစ်တက်စားလည်း ကြက်သွန် နှစ်တက်စားလည်းကြက်သွန် မထူးတော့ပြီ ဟူသည့်သဘောမျိုးသာတည်း။

"ဒီကိစ္စကို ကျုပ်က သိပ်မပြောချင်ပါဘူး။ ဒါပေမယ့် ခုတော့ မထူးတော့ပါဘူး။ ကျုပ်တို့အဖွဲ့က ထိပ်သီးသိုင်းသမား အတော်များများ သိထားကြတဲ့ အကြောင်းအရာတစ်ခု ရှိပါတယ်၊ ဒါကတော့ ချောင် ယွင်ချီနဲ့ ထန်ချင်ဝင်းတို့ တိတ်တိတ်ပုန်း ကလေးတစ်ယောက် မွေးဖွား ခဲ့ဖူးတယ်ဆိုတဲ့ကိစ္စပါပဲ"

"ဒုန်း"

အားလုံး အလန့်တကြား ဖြစ်သွားကြ၏။

လှမ်းကြည့်လိုက်သောအခါ ထန်ချင်ဝင်းတစ်ယောက် မူးမေ့ လဲကျသွားပြီး သတိလစ်နေပြီ ဖြစ်ကြောင်း တွေ့လိုက်ကြရတော့သည်။

\+ + +

"ကဲဗျာ.....ချောင်ယွင်ချီကို ထန်းလုံ (နန်ကျူး)အဖွဲ့ကရော၊ ထန်းလုံ့(ပေကျူး)အဖွဲ့ကရော မလေးစားတာ ဘာထူးဆန်းတော့မလဲဗျာ"

ယင်ကြည့်၏ နောက်ဆက်တွဲစကားနှင့်အတူ ထောင်ကြည့်အနီး သည် ချောင်ယွင်ချီထံသို့ ခုန်ဝင်သွားလေ၏။

သူ့ဓားသည် ချောင်ယွင်ချီ၏ လည်ပင်းဆီသို့ ရွှမ်းခနဲ ဝင်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။

ချောင်ယွင်ချီက ထိုင်ခုံတစ်လုံးကို ကောက်ယူ၍ ခံပေးလိုက်လေ၏။

ဓားသည် ထိုင်ခုံကို တိတိရိရိ ဖြတ်တောက်ပစ်လိုက်သည်။

ထောင်ပိုင်စွေ့မှာ နဂိုကတည်းက ဒေါသကြီးသူဖြစ်၍ ချွေးမလောင်း၏ မဖွယ်မရာသတင်းကို ကြားလိုက်ရသောအခါ လုံးဝ စိတ်မထိန်းနိုင်တော့ပေ။

အနီးရှိ ခုံတစ်လုံးကိုကောက်ကိုင်ကာ ချောင်ယွင်ချီ၏ ဦးခေါင်းအား ရိုက်ချပစ်လိုက်သည်။

ချောင်ယွင်ချီသည် ထောင်ကြည်အန်း၏ တိုက်ခိုက်မှုကို ခုခံနေရသဖြင့် ထောင်ပိုင်စွေ့၏ရိုက်ချက်ကို ပြန်လည်ခုခံခြင်း မပြုနိုင်ပါ။

ကိုယ်ကို ကြမ်းပြင်ပေါ်သို့ လှိမ့်ချပြီး ရှောင်တိမ်းသွားရတော့သည်။

''ခွမ်း''

ထောင်ပိုင်စွေ့၏ ထိုင်ခုံသည် ကြမ်းပြင်ကို ရိုက်မိပြီး အစိတ်စိတ် အမြွာမြွာ ကျိုးပဲ့ပျက်စီးသွားရလေတော့၏။

ထန်းလုံအဖွဲ့သားများသည် ယခင်က ရန်သူကို ရင်ဆိုင်ရာတွင် တက်ညီလက်ညီ ရှိခဲ့ကြ၏။

ယခုမူ.....

သူ့အတွင်းရေး ကိုယ့်အတွင်းရေးများ ထုတ်ဖော်ခံလိုက်ရသဖြင့်



ရည်းလုံးညီညွတ်မှု ပြိုကွဲသွားပြီး ချောင်ယွင်ချီအား ဝိုင်းဝန်း ကူညီခြင်း မရှိကြတော့ပေ။

\+ + +

သို့သော်.....

ခန်းမကြီးအတွင်း ဝရုန်းသုန်းကား ဖြစ်နေမှုကို မြောင်ယိုလန် လက်ပိုက် ကြည့်မနေနိုင်ပါ။

ထို့ကြောင့် ဩဇာအာဏာ အပြည့်အဝပါသော အသံကလေးဖြင့် စူးရှစွာ အော်ဟစ်တားမြစ်လိုက်သည်။

''အားလုံး ရပ်ကြပါ။ ကျွန်မပြောတာ နားထောင်ပါ၊ ဒီလိုမှ မဟုတ်ရင်တော့ ဟောဒီ တောင်ကလပ်ထိပ်က ကျွန်မ ထွက်ခွာသွားပါတော့မယ်''

သိုင်းသမား လူကြမ်းလူရမ်းကြီးများသည် အံ့သြဖွယ်ကောင်းလောက်အောင် ငြိမ်သက်သွားကြလေ၏။

ထောင်ကြည်အန်းသည် သူ့ဓားရှည်ကြီးကို ဓားအိမ်အတွင်း ပြန်လည် ထိုးထည့်လိုက်သည်။

ထောင်ပိုင်စွေ့မှာမူ ဒေါက မပြေနိုင်သေးချေ၊ သားဖြစ်သူ ထောင်ကြည်အန်းက ဖျောင်းဖျလိုက်၏။

''အဖေ.....ကျုပ်တို့တိုက်လို့ မဖြစ်သေးဘူးဗျ၊ သူတို့ ယုတ်မာတာတွေ အကုန်ပေါ်ပါစေဦးဗျာ၊ ဘယ်သူ မှန်တယ်၊ ဘယ်သူ မှားတယ်ဆိုတာ လူတွေ ဆုံးဖြတ်ပါလိမ့်မယ်''

www.burmeseclassic.com

www.burmeseclassic.com



ထောင်ပိုင်စွေ့ ငြိမ်ကျသွားသည်။

မှန်သည်။

မိမိတို့က အရှုံးအမှုး လိုက်လံတိုက်ခိုက်နေလျှင် မိမိတို့သာ လွှန်ရာကျပေလိမ့်မည်။

သူ့အဆိုးက ကိုယ့်အဆိုး ဖြစ်သွားပေလိမ့်မည်။

ငြိမ်ငြိမ်သက်သက် နားထောင်နေခြင်းက လူလိမ္မာထုံး နည်းမှုရာ ကျသည်။

ထောင်ပိုင်စွေ့သည် ထန်းလုံအဖွဲ့သားတို့၏ ပုပ်ဟောင်သော အညှီနံ့များကို ကြားနေ အနံ့ခံနိုင်ရန် သူ့ထိုင်ခုံ၌ အေးဆေးစွာ ပြန်ထိုင် နေပေပြီ။

ချောင်ယွှင်ချိုလည်း သူ့ထိုင်ခုံ၌ နေသားတကျ ပြန်ထိုင်နေလေ သည်။

ယွှမ်စစ်ဟကျိုးက သုန်မှုန်သော မျက်နှာထားဖြင့် ယင်ကြည်ကို ကြည့်နေဆဲ။

ယင်ကြည်ကမူ ဂရုမထားသော မျက်နှာပြင် ခပ်တည်တည် ထိုင်နေသည်။

မြောင်ယိုလန်က ခင့်အား ခေါ်ပြီး အမိန့်ပေးလိုက်၏။

"ခင်ရေ.....မမထန်ချင်ဝင်းကို တွဲခေါ်ပြီး အခန်း တစ်ခန်း ခန်းမှာ အနားယူပါစေ၊ သူ သိပ်ပင်ပန်းနေပြီ"

\+ + +



ထိုတဒင်္ဂအတွင်းမှာပင် ထန်ချင်ဝင်းသည် ပြန်လည်သတိရ လာလေ၏။ သူမ၏မျက်နှာမှာ သွေးဆုတ်ဖြူရော်နေသည်။

ခင်က ကြင်နာစွာ ဖေးမသည်။

"လာ.....မမ၊ ကျွန်မကို တွဲပါ၊ ဟိုဘက်အခန်းမှာ သွားအနား ယူကြရအောင်"

ထန်ချင်ဝင်းက ချိနဲ့စွာ ပြောကြားရှာသည်။

"ကျေးဇူးပါပဲ ညီမရယ်၊ မမ လိုက်ခဲ့ပါ့မယ်"

ခင်၏လက်ကိုတွဲ၍ ထန်ချင်ဝင်း လိုက်ပါသွားသည်။

လူ့ပုံအလယ်၌ အရှက်အခွဲ ခံလိုက်ရသော သူမအဖို့ အခန်း အောင်းနေခြင်းသာ အကောင်းဖြစ်သည် မဟုတ်ပါလော။

တစ်ခန်းလုံး ဗိုလ်နေမြဲ ကျားနေမြဲ အခြေအနေသို့ ရောက်ရှိ သွားသောအခါ လူအားလုံး၏မျက်နှာများသည် ယင်ကြည်မျက်နှာ ကိုသာ စူးစိုက်ကြည့်နေကြတော့၏။

ယင်ကြည်ပြောမည့်စကားများကို နားစွင့်နေကြခြင်းဖြစ်လေ သည်။ယင်ကြည်က ဆက်ပြော၏။

"ကျုပ်လဲ ဆက်ပြီး ချောင်းနားထောင်နေပါတယ်၊ အစ်ကိုကြီး ထန်ကွေနုံးရဲ့ စကားကိုပဲ ထပ်တလဲလဲ ကြားနေရပါတယ်၊ 'တိရစ္ဆာန် တိရစ္ဆာန်၊ ဒီလိုပဲ ခံသင့်တယ်၊ ဒီလိုပဲ ခံသင့်တယ်' လို့ အထပ်ထပ်အခါခါ ရေရွတ်နေတယ်"

"ကျုပ်လဲ ဘာမှ သဘောမပေါက်ပါဘူး၊ နောက်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး ထန်ကျွန်းရဲ့အသံကို ထပ်ကြားရတယ်၊ ဒီပြဿနာကို လွယ်လွယ်နဲ့ ရှင်းလို့ မရဘူးကွ၊ မိုးလင်းတော့မှ ထပ်ပြီး တိုင်ပင်ကြတာပေါ့။ ကဲ.....မင်း သွားတော့လို့ ပြောသံကြားရတယ်''

မြောင်ယိုလန်က မေးလိုက်၏။

''ဘဘကြီး ထန်ကျွန်းက ဘယ်သူ့ကို ပြောနေတာလဲရှင်''

''ဘယ်သူရမလဲ လုံမလေးရဲ့၊ ဟောဒီက ခုနစ်စင်ကြယ် ယွမ်စစ်ကျုံးကိုပေါ့၊ စောစောက သူ့ဘာသာတောင် အိုးမလုံ အုံပွင့် ထွက်သွားသေးတယ် မဟုတ်လား''

မြောင်ယိုလန်က ခေါင်းညိတ်ပြီး.....

''ဟုတ်ပါပြီရှင်၊ ကဲကဲ.....ဆက်ပြောပါတော့''

ယင်ကြည်က ဆက်ပြော၏။

''ကျုပ်လဲ ဆက်နားထောင်နေတယ်၊ အခန်းထဲက ထွက်လာတဲ့ ခြေသံလဲ ကြားရတယ်၊ အဲဒီအချိန်မှာပဲ ရုတ်တရက် လှမ်းပြောလိုက်တဲ့ ထန်ကျွန်းရဲ့အသံကို ကြားလိုက်ရပါတယ်၊ ဟေ့.....ထောင်ကြည့်ဂန်းကို ခေါ်ပေးစမ်းပါဦး။ ငါ သူ့ကို ပြောစရာ ရှိတယ်ကွတဲ့''

ယင်ကြည်သည် ထိုစကားကို ပြောပြီး ထောင်ကြည်အန်းနှင့် ထောင်ပိုင်ဇွေ့တို့ သားအဖနှစ်ယောက်ကို လှမ်းကြည့်သည်။

\+ + +

ထိုသားအဖနှစ်ယောက်က ယင်ကြည်အား မထုံတက်သေးဖြင့် ငေးကြည့်နေကြ၏။



''အပြင်ထွက်မယ့်ခြေသံ ရပ်သွားပြီး ယွမ်စစ်ကျုံးရဲ့စကားကို ပထမဦးဆုံး ကြားလိုက်ရတယ်''

''အစ်ကိုကြီး ထောင်ကြည်အန်းကို ခေါ်ပြီး ဘာလုပ်မလို့လဲတဲ့၊ အဲဒီအခါမှာ အစ်ကိုကြီး ထန်ကျွန်းက ဒေါသတကြီး အော်တော့တာပဲ''

''ဘာလဲ၊ မင်းက ငါ့ကို ဒီလို မေးခွန်းထုတ်စရာလားကွ၊ ငါ အနားယူလိုက်ပြီဆိုလို့ မင်းက မထီမဲ့မြင် လုပ်တာလား' လို့ ယွမ်စစ် ကျုံးကို အော်ပြောပါတယ်''

ယင်ကြည်က မြောင်ယိုလန်ကိုကြည့်ပြီး ဆက်ပြောသည်။

''ကျုပ်က ချောင်းနားထောင်နေတဲ့လူဆိုတော့ အခန်းထဲက လူ ထွက်လာရင် ကျုပ်ကို တွေ့လို့ မဖြစ်ဘူးပေါ့၊ အခန်းထဲက ယွမ်စစ်ကျုံး ထွက်လာရင် အဆင်သင့် ပုန်းဖို့ နေရာလဲ ရှာလာရသေးတယ်၊ ထန်ကျွန်း ဒေါသတကြီး အော်တဲ့အခါမတော့ ယွမ်စစ်ကျုံးက ဘာမှ ရှိုးတုံ့ပြန်မနေတော့ဘူး၊ တံခါးကို တွန်းဖွင့်ပြီး ထွက်လာပါတယ်၊ ကျုပ်ကို တွေ့မသွားအောင် ကျုပ် မြန်မြန် ပုန်းလိုက်ရတော့တာပေါ့ဗျာ''

ယွမ်စစ်ကျုံးက ရုတ်တရက် ဝင်ပြောသည်။

''အဲဒီတုန်းက ကျုပ်လဲ ရိုပ်ခနဲ လူရိပ်တစ်ခု တွေ့လိုက်ပါတယ်၊ ဘယ်သူမှန်း မသိတော့ 'ဟေ့.....ဘယ်က ခွေးသူတောင်းစား ခိုကြောင်ခိုးဝှက် လာနားထောင်နေတာလဲကွ ဟေ' လို့ အော်လိုက်သေးတယ်၊ ကျုပ်အော်သံကို နောင်ကြီး ယင်ကြည် ကြားမှာပေါ့''

ယင်ကြည်က ခပ်မဆိတ် ငြိမ်သက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဒီလို အော်မေးပေမယ့် ဒိုးကြောင်နိုးဝှက် နားထောင်ပြီး ထွက်ပြေးသွားတဲ့လူက ဘာမှ ပြန်မပြောဘူးဗျ"

"ကျုပ်ကသာ အဲဒီလူကို ခွေးသူတောင်းစားလို့ ထင်မိတာပါ၊ တကယ်တော့ ခင်ဗျား ဖြစ်နေတာကိုး။ စိတ်မရှိပါနဲ့ဗျာ၊ ကျုပ်က ခင်ဗျား နိုးကြောင်နိုးဝှက် နားထောင်နေမှန်း မသိလို့ အော်မိတာပါဗျ၊ သည်းခံဗျာနော်"

ယွမ်စင်ကျိုးသည် ခွေးသူတောင်းစား ဟူသော စကားလုံးဖြင့် ယင်ကြည်အား အထပ်ထပ် စော်ကားပြီးနောက် ပြန်လှန်တောင်းပန်နေသည်။

စင်စစ် သူသည် ယင်ကြည်အား သရော်နေခြင်းဖြစ်သည်။

ယင်ကြည်သည် စိတ်ထဲ၌ မခံချိ မခံသာ ဖြစ်နေသော်လည်း သူ့စိတ်ကို ထိန်းချုပ်ထား၏။ ပညာရှိအမျက် အပြင်မထွက် ဆိုသည့် စကားအတိုင်း သူ၏ အမျက်ဒေါသကို သူ့ဝမ်းထဲ၌ ထိန်းချုပ်ထားပြီး ခပ်ပြုံးပြုံး ပြောလေ၏။

"မသိလို့ ပြောတာပဲဗျာ၊ အပြစ် မရှိပါဘူး။ ကျုပ်ကလဲ ဘာစိတ်ဆိုးစရာ ရှိသလဲ၊ ချောင်းနားထောင်နေတာလဲ အမှန်ပဲဥစ္စာ၊ ဒါမျိုးက စိတ်ဆိုးစရာမှ မဟုတ်ဘဲ"

ယင်ကြည်၏ ထိုးစစ်သည် မှန်ကန်သွား၏။

ယင်ကြည်သည် မခံချိ မခံသာဖြစ်ပြီး ဒေါသထွက်လာလျှင် ယွမ်စင်ကျိုးက ရယ်မောမိမည်ဖြစ်သည်။



ယခု ယင်ကြည်က ဘာမှ မဖြစ်လေဟန်ဖြင့် ရယ်ရယ်မောမော ပြုံးပြောလေသောအခါ ယွမ်စင်ကျိုး အောင့်သွားတော့သည်။

\+ + +

ထိုစဉ် ထောင်ကြည်အန်းက ရုတ်တရက် ဝင်ပြောလာလေ၏။

"ကောင်းပြီ ဒီတစ်ကြိမ်မှာတော့ ကျုပ်ပြောရမယ့် အလှည့်ပဲဗျ"

ခန်းမထဲမှ လူအားလုံး ထောင်ကြည်အန်းကို ဝိုင်းကြည့်ကြ၏။

ထောင်ကြည်အန်းသည် ထန်းလုံအဖွဲ့သားများရှိရာသို့ ကြည့်လိုက်ပြီး–

"ခင်ဗျားတို့အားလုံး တစ်ယောက်မျက်နှာကို တစ်ယောက် မြင်ပြီးကြပြီ၊ ဒါကြောင့် အပြင်လူတစ်ယောက်ဖြစ်တဲ့ ကျုပ်အနေနဲ့ ဘာကိုမှ ထိန်ဝှက်ထားစရာ မလိုတော့ပါဘူး"

ထန်းလုံအဖွဲ့သားများသည် ခေါင်းငုံ့သွားကြ၏။

သူတို့အနေဖြင့် ရှက်ဖွယ်လိလိသော အတွင်းရေးများကို သူတို့ကိုယ်တိုင် ဖော်ထုတ်ခဲ့ကြခြင်းဖြစ်၍ မည်သူ့ကိုမျှလည်း အပြစ်မတင်နိုင်တော့ပေ။

အခြားသူတစ်ယောက်က သူတို့၏ ရှက်ဖွယ်လိလိသော အတွင်းရေးများ ထပ်မံဖော်ထုတ်သောအခါ၌လည်း တားမြစ်ရန် မသင့်ပြန်တော့ပေ။

ညစ်ပေပြီးသောလက်၌ ရွံ့နွံ ထပ်ပေ၍ အကြောင်း မထူးတော့ပေ။

ထောင်ကြည်အန်းသည် ထန်းလုံအဖွဲ့နှင့် ဆက်စွယ်နေသူဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



ထန်းလုံအဖွဲ့၏ အချို့သော အတွင်းရေးများကို သိထားကောင်း သိနိုင်သည်။

လူအားလုံး၏ စိတ်အာရုံများနှင့် မျက်လုံးများသည် ထောင်ကြည်အန်းအပေါ်၌ ကျရောက်နေကြသည်။

သူတို့ အလွန်အံ့ဩနေကြ၏။

အဘယ်မှာလျှင် မအံ့ဩဘဲ နေပါမည်နည်း။

ထန်းလုံအဖွဲ့၏ အတွင်းရေးကို ဖွင့်ချတော့မည့် ထောင်ကြည်အန်း၏ ပါးပြင်ပေါ်၌ မျက်ရည်များ စီးကျနေသည်ကို တွေ့ရသောကြောင့်တည်း။

သူသည် သူရဲကောင်းတစ်ယောက် မဟုတ်သော်လည်း အတိုက်အခိုက် အသတ်အပုတ်ကိစ္စများ၌ ကျင်လည်ခဲ့သူတစ်ယောက် ဖြစ်သည်။

ထို့ကြောင့် သာမန် အသည်းကြောင်သူတစ်ယောက် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ချေ။

သို့ဖြစ်လျက် အဘယ်ကြောင့် ဤသို့ မျက်ရည်များ စီးကျနေရသနည်းဟု တွေးနေကြသည်။

တစ်ခုတော့ရှိသည်။

သူ၏ဇနီးလေးအပေါ် သူ မည်မျှ ချစ်ကြောင်း ယခုတခေါက် တွေ့ကြုံကြသူများပင် သိရှိကြ၏။

ယခု သူ့ဇနီးလေးသည် သူထင်သလို ဖြူစင်သန့်ရှင်းခြင်း မရှိကြောင်း တွေ့ရှိကြားသိလိုက်ရသဖြင့် ရင်နာ၍ မျက်ရည်ကျခြင်း

———●———



မပေလောဟု တွေးတောမိကြ၏။

ထောင်ကြည်အန်းသည် မျက်ရည်ကို လက်ဖဝါးဖြင့် သိမ်းလိုက်ပြီး ချောင်ယွင်ချီအား ဒေါသ ဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် ကြည့်လိုက်သည်။

ထောင်ပိုင်စွေ့သည် မျက်ရည်ကျနေသော သားကြီးကိုကြည့်ပြီး ကရုဏာဒေါသောဖြင့် ပြောသည်။

"ဟေ့ ..... ဒီလောက် စိတ်ဓာတ်ပျော့ညံ့ရသလားကွ၊ မိန်းမဆိုတာ ပုံပြားပင်လိုပဲကွ၊ လေတိုက်ရာ ယိမ်းတတ်တဲ့အမျိုးကွ၊ သူတို့အတွက် ဒီလိုသာ မျက်ရည်ကျနေရင် ပေဘဒိကမ္ဘာလောကကြီးတစ်ခုလုံး မျက်ရည်ပင်လယ်ပြင်ကြီး ဖြစ်သွားလိမ့်မယ်၊ တစ်ခုတော့ ဖြေသာသေးတာပေါ့ကွာ၊ အခုလို စောစော သိထားလိုက်ရတော့ အရှက်တကွဲ အကျိုးနည်း မဖြစ်တော့ဘူးပေါ့။ ငါတို့ မိသားစုအတွက် ကံကောင်းသွားတာပေါ့"

ထောင်ကြည်အန်းသည် ဖခင်ကြီး၏စကားကြောင့် စိတ်ကို တင်းလိုက်၏။

သူလို ကျားကိုးစီး စားမကုန်သည့် ခန္ဓာကိုယ် ပိုင်ရှင်ကြီး တစ်ယောက်က သိုးငယ်လေးတစ်ကောင်လို မျက်ရည်တောက်တောက်ကျ ခြင်းအတွက်လည်း ရှက်သွားမိသည်။

"ကျုပ်ဟာ ဟိုအရင်တုန်းက ဘဘထန်ကွေ့နုံးရဲ့အိမ်ကို မကြာခဏ ရောက်ခဲ့ပါတယ်"

———●———

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကြည်အန်းဇော်စကား၌ ထန်ကွေနုံးအား ဘဘကြီး
ထန်ကွေနုံးဟု ခေါ်ဝေါ်လိုက်ကြောင်း ချောင်ယွင်ချီ သတိပြုမိလိုက်သည်
ယခင်ကဆိုလျှင် သူသည် ထန်ကွေနုံးအား ဖေဖေကြီး
ထန်ကွေနုံးဟု ခေါ်ဝေါ်လေ့ရှိ၏။

ယခု အခေါ်အဝေါ် ပြောင်းသွားခဲ့ပေပြီ။

ထိုအချက်က ထန်ချင်ဝင်းအပေါ် စိတ်ထား ပြောင်းလဲသွားပြီ
ဖြစ်ကြောင်း ဖော်ညွှန်းလေသည်။

ချောင်ယွင်ချီသည် မြင်ဘက်တစ်ယောက်အလိုလို လက်လျှော့
သွားခြင်းအတွက် အလွန်တရာ ပီတိဖြစ်၊ဝမ်းမြောက်သွားမိလေတော့၏

''ဟင်း.....ဒီသတ္တဝါလေးတော့ ထန်ချင်ဝင်းကို လုံးဝ စိတ်
လျှော့သွားပြီ။ အခုတော့ မင်း သိပြီ မဟုတ်လား။ ထန်ချင်ဝင်းဟာ
ငါ့ဇနီးကွ။ ငါနဲ့ ကလေးတစ်ယောက်တောင် ရခဲ့ပြီးပြီကွ၊ မဟုတ်ရင်
မင်း ဝင်ရှုပ် နေတာနဲ့ပဲ ငါတို့နှစ်ယောက် အဆင်မပြေ ဖြစ်နေရတယ်
အခုတော့ ငါတို့နှစ်ယောက်ရဲ့ အနာဂတ်ခရီးလမ်းက ဖြောင့်ဖြူး
ပေါ့ကွာ''

သူ ဝမ်းသာလုံးဆို့နေစဉ် ထောင်ကြည်အန်းဇော်စကားများ သူ့
နားထဲသို့ ကျယ်လောင်စွာ ဝင်ရောက်လာသည်။

''ညီမလေး ထန်ချင်ဝင်းဟာ တကယ်တော့ ကျုပ်အပေါ်
စိတ်ဝင်စားမှု ရှိပါတယ်ဗျ။ အခုလို ကလေးတစ်ယောက် ရတယ်
ဘာညာဆိုတာကတော့ ဟိုလူယုတ်မာက အတင်းအဓမ္မ အချစ်



4

တပြုတိုက်ယူလို့ပဲ ဖြစ်ပါလိမ့်မယ်''

ချောင်ယွင်ချီ၏ မျက်နှာကြီးမှာ ရဲတက်သွားသည်။

သူ့ထံသို့ မျက်လုံးပေါင်းများစွာ ရောက်ရှိလာသည်။

သူသည် တဒင်္ဂအားဖြင့် မှိုင်းကောင် ဖြစ်သွားခဲ့ရသည်။

ထောင်ကြည်အန်းက ဆက်ပြော၏။

''ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြပါဗျာ၊ သူဟာ ချောင်ယွင်ချီနဲ့
တကယ်တမ်း ချစ်ကြိုးသွယ်နေပြီဆိုရင် ကျုပ်ကို သူက ချစ်လက်ဆောင်
တွေ ပေးပါ့မလား။ ရေကန်ထဲက ကြာပန်းလေးတွေ ပွင့်ဖူးနေတဲ့ ပန်းချီ
ကားတွေ၊ ဇာထိုးထားတဲ့ ပဝါလှလှကလေးတွေ မြင်းကုန်းနှီးလှလှတွေဟာ
ညီမလေး ထန်ချင်ဝင်းက ကျုပ်ကို ပေးခဲ့တဲ့ ချစ်လက်ဆောင်တွေ
ပဲပေါ့ဗျာ''

ထိုစကားများကို ကြားလိုက်ရသော ချောင်ယွင်ချီမှာ အသည်း
နှလုံးများ နာကျင်သွားရသည်။

''သူ.....သူဟာ စေ့စပ်ထားသူရှိကြောင်း ငါ့ကို ဖွင့်မပြောခဲ့ဘူး။
လက်ဆောင်ပေးတဲ့အကြောင်းတွေလဲ ဖုံးကွယ်ထားတယ်၊ ငါ့အပေါ်မှာ
သူ လိမ်ညာရက်တယ်''

ထောင်ကြည်အန်းက ဆက်ပြော၏။

''တစ်ခေါက်မှာ ကျုပ်အဖေနဲ့အတူ ဘဘကြီးထန်ကွေနုံးဆီ
လိုက်သွားခဲ့ပါတယ်၊ အဲဒီအချိန်အခါကို ကျုပ်ကောင်းကောင်းကြီး
မှတ်မိသေးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ဘဘကြီးထန်ကွေနုံးအနေနဲ့ သမီး

www.burmeseclassic.com

www.burmeseclassic.com



လောကထဲက လုံးဝ အနားယူတဲ့ အခမ်းအနား ဖြစ်လို့ပါပဲဗျာ''

သူသည် ထိုအဖြစ်အပျက်များကို သူ့မျက်စိထဲ၌ မြင်ယောင်လာခဲ့လေသည်။

\+ + +

''ကျွပ်ဟာ ထန်ချင်ဝင်းနဲ့ တွေ့ဆုံရမယ်ဆိုတော့ သိပ်ပျော်ခဲ့ပါတယ်၊ ဒါပေမယ့် ဘဘကြီး ထန်ကွေနုံးဆီရောက်တော့ ကျွပ်အထင်နဲ့အမြင် လုံးဝ လွဲခဲ့ပါတယ်ဗျာ၊ ညီမလေးထန်ချင်ဝင်းရဲ့ မျက်နှာဟာ အတော်ကြီး ဖျားနာထားသလို ဖြူရော်နွမ်းလျနေသဗျ''

ထန်ချင်ဝင်းကို ရင်ထဲ အသည်းထဲမှ မြတ်နိုးချစ်ခင်ခဲ့သည့် ထောင်ကြည်အန်းသည် ခံစားချက်အပြည့်နှင့် ဆက်လက်ပြောကြားနေ၏။

''အဲဒီလို မြင်လိုက်ရတော့ ကျွပ်ရင်ထဲမှာ ညီမလေး ထန်ချင်ဝင်းကို သိပ်သနားမိပါတယ်၊ လှရှင်းတဲ့နေရာမှာ ဘာဖြစ်လို့ ဒီလိုဖြစ်နေရတာလဲလို့ မေးမိပါတယ်၊ ဒါပေမယ့် သူဟာ ကျွပ်ကို ရန်စကားတွေချည်းပဲ ပြောတယ်၊ ကျွပ် ဘာပြောပြော သူက လက်မခံတော့ဘူး။ အဲဒီကတည်းက ကျွပ်ကို ပစ်ပယ်တော့တာပါပဲဗျာ''

ထောင်ကြည်အန်း၏မျက်နှာပေါ်၌ ယခင်က ထွေးမြည့်ခဲ့ရသည့် အရိပ်အရောင်များသည် ယခုတဖန် အသစ်ဖြစ်ပေါ်လာကာ မျက်နှာ၌ မိုးတိမ်များကဲ့သို့ အုံ့ဆိုင်းလာပြန်သည်။

''ကျွပ် သိပ်စိတ်ညစ်သွားတယ်၊ ညဘက် ပန်းခြံထဲမှာ သူနဲ့ တစ်ခါ တွေ့ဆုံခဲ့သေးတယ်၊ ဘာဖြစ်လို့ အစ်ကို့ကို ပစ်ပယ်တာလဲလို့



မေးတော့လဲ သူက ဘာမှ ပြန်မပြောဘူးဗျ၊ ညီမလေးသေရင် ကောင်းမယ်လို့ တဖွဖွ ပြောနေတော့တာပဲဗျာ၊ နောက်တော့ သူ အိမ်ပေါ် တက်ပြေးသွားတာနဲ့ စကားပြောခွင့် မရတော့ပါဘူး''

''ကျွပ် အခန်းထဲ ဝင်ပြီး အိပ်ဖို့ ကြိုးစားခဲ့ပါတယ်၊ ချစ်သူနဲ့ စကားမပြောတဲ့နောက် ဘယ်လို အိပ်ပျော်တော့မှာလဲဗျာ၊ တလူးလူး တလွန့်လွန့်နဲ့ပဲ ဒုက္ခရောက်ခဲ့ပါတယ်၊ ထန်ချင်ဝင်းအပေါ် ကျွပ်အနေနဲ့ အမှားများ ကျူးလွန်ခဲ့သလဲလို့ အထပ်ထပ်အခါခါ စဉ်းစားတော့လဲ ဘာကိုမှ စဉ်းစားလို့ မပေါ်ခဲ့ပါဘူးဗျာ၊ နောက်ဆုံး အိပ်လို့မရတာနဲ့ အိပ်ရာက ထလိုက်ပါတယ်''

မြောင်ယိုလန်သည် 'ဟူဖေးအား' တည်ခင်းကျွေးခဲ့သည့် အရက်အိုးထဲမှ အရက်ကို ပန်းကန်လုံးတစ်လုံးထဲသို့ ငှဲ့ထည့်ကာ ထောင်ကြည်အန်းရှေ့သို့ တွန်းပို့လိုက်သည်။

''ကျေးဇူးပဲ သခင်မလေးရယ်''

ထောင်ကြည်အန်းသည် အရက်ခွက်ကို လိုလိုလားလား ယူ၍ မော့ချလိုက်သည်။

သူသည် အရက်ခွက်ကို စားပွဲပေါ်သို့ ပြန်တင်လိုက်ပြီး သူ့စကားကို ပြန်ဆက်သည်။

''ကျွပ်လဲ အိပ်ရာထဲက ထပြီး ထန်ချင်ဝင်းရဲ့အခန်းရှိရာကို ခြေဖော့နင်းပြီး လျှောက်သွားခဲ့ပါတယ်၊ တစ်အိမ်လုံး တိတ်ဆိတ်နေတဲ့ အချိန်ဆိုတော့ ကိုယ့်ဆီက အသံဗလံ မကြားရအောင် အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်ရပါတယ်၊ သူ့အခန်းနားရောက်တော့ နားစွင့်ကြည့်တယ်၊ ဘာသံ မကြားရဘူး။ ဒါနဲ့ တံခါးကို လက်နဲ့ သုံးချက် ခေါက်လိုက်ပါတယ်

ချောင်ယွင်ချီမှာ မျက်စိမျက်နှာ ပျက်လျက်ရှိနေ၏။

ထောင်ကြည့်အန်းသည် ချောင်ယွင်ချီကို ဂရုမထားတော့ဘဲ သူ့ဘာသာ ခွေးမြည့်စွာ ဆက်ပြောနေသည်။

"ဒီလို တံခါးကို သုံးချက်ခေါက်တာဟာ ကျုပ်တို့အဖို့ ဘာ မထူးတော့ဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ထန်ချင်ဝင်းနဲ့ ကျုပ် ဒီအချက်ပေးသံနဲ့ အမြဲတမ်း တွေ့ဆုံခဲ့ကြလို့ပါပဲ၊ တံခါးကို သုံးချက် ခေါက်လိုက်ရင် ထန်ချင်ဝင်း အမြဲတန်း ထွက်လာတာပဲဗျ။ ဒါပေမဲ့ ဒီတစ်ခါတော့ သူ ထွက်မလာတော့ပါဘူးဗျာ၊ သူ ထွက်မလာလေ ကျုပ် စိတ်ထဲမှာ သောက ရောက်ရလေဆိုတော့ ကျုပ်ဟာ တံခါးကို ထပ်တလဲလဲ ခေါက်နေမိတော့တာပဲဗျာ"

"နောက်ဆုံးတော့ ကျုပ်လဲ သည်းမခံနိုင်တော့တာနဲ့ ပြတင်း တံခါးဘက်ကို လျှောက်သွားခဲ့ပါတယ်၊ ပြတင်းတံခါးကို လက်နဲ့ အသာ တွန်းကြည့်မိတယ်၊ အံ့ဩစရာပါပဲဗျာ၊ ပြတင်းတံခါးဟာ လွယ်လွယ် ကူကူပဲ ပွင့်သွားခဲ့ပါတယ်၊ အတွင်းက မင်းတုပ်တွေ ထိုးမထားသလို အခုလို လွယ်လွယ်ကူကူ ပွင့်သွားတာပါ၊ ကျုပ်လဲ အသာကလေး တွန်းဖွင့်ပြီး ကျော်ဝင်လိုက်ပါတယ်"

ချောင်ယွင်ချီသည် သည်တစ်ကြိမ်တော့ မငြိမ်သက်နိုင် တော့ချေ။

———●———



ထောင်ကြည့်အန်းကို လက်ညှိုးငေါက်ငေါက် ထိုးပြီး ရှုံ့ရှာ စက်ဆုပ်စွာ လှမ်းပြော၏။

"နိုးပြီး နားထောင်တဲ့လူက နားထောင်၊ နိုးပြီးတော့ ဝင်တဲ့လူက ဝင်၊ သိပ်ပြီးတော့ လူကြီးလူကောင်း ပီသတဲ့ လူတွေပဲ၊ နေစမ်းပါဦးကွ၊ မင်းက ဘာကြောင့် မိန်းကလေးတစ်ယောက်ရဲ့အခန်းထဲ ညည့်နက် သန်းခေါင် ခိုးဝင်ရတာလဲ၊ မိန်းကလေးအဖို့ ဘယ်လောက် နစ်နာလဲ"

ထောင်ကြည့်အန်းက သူ့စကားကို ချေပရန် ဟန်ပြင်လိုက်၏။

သို့သော်.....မြောင်ပိုလန်၏ အစေခံမလေး ခင်က ဖြတ်၍ ဝင်ပြောလိုက်သည်။

"နေစမ်းပါဦး၊ ကျွန်မ ကြားထဲက ဖြတ်မေးပါရစေဦး၊ သူတို့က မိဘတွေ သဘောတူ စေ့စပ်ထားတဲ့လူတွေရှင့်၊ သူ့အနေနဲ့ သူ့ချစ်သူ အမျက်ပြေအောင် ဖြေရှင်းချင်လို့ သူ့ချစ်သူအခန်းထဲ ဝင်မိတာ ဘာ ဖြစ်သလဲ၊ ရှင်က အဲဒီမိန်းကလေးနဲ့ စေ့စပ်ထားတဲ့လူမို့လို့ အဲဒီမေးခွန်း ကို မေးရတာလား"

ထောင်ကြည့်အန်းသည် ခင် ကြားဖြတ်ပြောလိုက်သော စကားကို ကြားလိုက်ရသောအခါ အလွန်တရာ ကျေနပ်သွားမိသည်။

ပိုင်စိုးပိုင်နင်း ပြုစရာရှိလျှင် မိမိကသာ ပြုပိုင်ခွင့်ရှိကြောင်း ချောင်ယွင်ချီ သိသွားစေချင်သည်။

သို့သော် ထန်ချင်ဝင်း၏ အချစ်ပန်းကို ပန်းဦးပန်းဖူး ဆွတ်ခူး သွားသူမှာ ချောင်ယွင်ချီဖြစ်နေသဖြင့် ထောင်ကြည့်အန်းမှာ အသည်း

———●———

www.burmeseclassic.com

www.burmeseclassic.com



ကွဲကြေမတတ် ခံစားသွားခဲ့ရရှာသည်။

ထောင်ကြည်အန်းသည် ခံစားချက်များကို မျိုသိပ်လျက် သူ့စကားကို ပြန်ဆက်သည်။

"ဒါနဲ့ ကျုပ် အခန်းထဲ ရောက်သွားရောဆိုပါတော့ဗျာ၊ ထန်ချင်ဝင်းအိပ်တဲ့ ကုတင်ဘေးမှာ ကျုပ် ရပ်နေမိတယ်၊ မီးအိမ်ရဲ့ အလင်းရောင်က မှိန်ပျပျကလေးတို့တော့ အားလုံးကို သဲသဲကွဲကွဲ ခွဲခွဲခြားခြားတော့ မမြင်ရပါဘူး။ ခြင်ထောင် ချထားပြန်တော့ ကျုပ်မှာ ချီတုံချတုံ ဖြစ်ရပြန်ပါတယ်၊ ဒါနဲ့ ခြင်ထောင်အနားအောက်ကနေ လက်လျှိုပြီး ထန်ချင်ဝင်းကို စမ်းသပ်မိပါတယ်၊ အသက်ရှူသံလဲ လုံးဝ မကြားရတာဆိုတော့ ကျုပ်လဲ အတော်ကလေး ထိတ်လန့်မိပါတယ်"

"ခြင်ထောင်ထဲမှာ ထန်ချင်ဝင်း မရှိတာ သေချာသွားတော့ ကျုပ် ဘယ်လို လန့်သွားမှန်း မသိပါဘူးဗျာ၊ ဒါနဲ့ ကပျာကယာ ခြင်ထောင်ကို ဆွဲလှန်လိုက်တော့ ပိုသေချာသွားတာပေါ့၊ ထန်ချင်ဝင်း လုံးဝ မရှိပါဘူး။ ဒါပေမယ့် အထုပ်ကလေးတစ်ထုပ် ရှိနေတယ်"

"ဒါနဲ့ အထုပ်ကလေးကို လက်နဲ့ စမ်းသပ်လိုက်ပါတယ်၊ ကျုပ် လန့်ပြီး လက်ကို ပြန်ရုပ်မိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအထုပ်ထဲက အေးစက်တဲ့အရာတစ်ခုကို စမ်းသပ်မိလိုက်တာကိုး၊ အဲဒီအေးစက်နေတဲ့ အရာဟာ ဘာလဲ ဆိုတာ ခင်ဗျားတို့ မှန်းဆမိကြရဲ့လား"

"ခင်ဗျားတို့ မှန်းဆမိရင်လဲ မှန်းဆမိကြမှာပေါ့လေ၊ ဟုတ်ပါတယ်၊ မွေးကင်းစ ကလေးလေးပဲဗျာ၊ သေနေရှာပါပြီ အေးစက်နေပါပြီ



[illegible]ရတာ ဂွမ်းစောင်နဲ့ ဖိသတ်ထားတဲ့ပုံပါပဲ၊ ကျုပ်စိတ်ထင် ဒီကလေး [illegible]တာ တစ်နာရီတောင် မကာတော့ဘူးလို့ ထင်ပါတယ်"

"ခွမ်း....."

ပန်းကန်ကျကွဲသံသည် တိတ်ဆိတ်ငြိမ်သက်နေသည့် ခန်းမ [illegible]ထဲ၌ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထောင်ကြည်အန်း ကို စိုင်းကြည့်နေကြသည့် မျက်လုံးများသည် မျက်ချင်းပင် ထိုအသံ ကြားရာသို့ ရောက်ရှိသွားလေ၏။

မြောင်ယိုလန့်၏လက်ထဲမှ လက်ဖက်ရည်ကြမ်းပန်းကန်လုံး [illegible]ကျပြီး ကျကွဲသွားခြင်းသာ ဖြစ်ပါ၏။ ထောင်ကြည်အန်း ပြော[illegible]လိုက်သည့် အဖြစ်အပျက်သည် မြောင်ယိုလန်အား အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားစေခဲ့၏။

သူမ၏နုနယ်လှသောမျက်နှာကလေးမှာ သွေးဆုတ်ဖြူရော်[illegible]ရှိပြီး နှုတ်ခမ်းကလေးမှာ တဆတ်ဆတ်တုန်လျက် ရှိနေသည်။

သူမ၏ လက်နှစ်ဘက်မှာလည်း တဆတ်ဆတ်ပင် တုန်နေဆဲ ရှိလေသည်။

\+ + +

မြောင်ယိုလန့်က တုန်တုန်ယင်ယင်ဖြင့် လှမ်းပြောသည်။

"ကိစ္စမရှိပါဘူး။ ပြောစရာရှိတာကိုသာ ဆက်ပြောပါရှင်၊ [illegible]မကြောင့် ရှင်တို့ အနှောင့်အယှက် ဖြစ်သွားတဲ့အတွက် တောင်းပန် [illegible]တယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



လူအားလုံး၏ ဦးခေါင်းများသည် ထောင်ကြည့်အန်းဘက်သို့ လှည့်သွားကြသည်။

ထောင်ကြည့်အန်းက သူ့နဖူး၌ သီးလာသည့် ချွေးများကို လက်ဖြင့် သပ်ချပြီး ဆက်ပြောလေ၏။

"ခင်ဗျားတို့ အခု ကြားလိုက်ရတာနဲ့ပဲ ဘယ်လောက် ထိတ်လန့်သွားကြသလဲ၊ အဲဒီတုန်းက ကျုပ် ဘယ်လောက် ထိတ်လန့်သွားမလဲဆိုတာ ခင်ဗျားတို့ စဉ်းစားကြည့်ကြပါတော့ဗျာ၊ ကျုပ်ဟာ သိုင်းသမားတစ်ယောက်ပါ။ ပျော့ပျော့ညံ့ညံ့ လူတစ်ယောက်မဟုတ်ပါဘူး ဒါပေမယ့် အဲဒီတုန်းကတော့ လွတ်ခနဲ အော်မိမလိုတောင် ဖြစ်သွားခဲ့ပါတယ်"

"ကျုပ် ထိတ်ထိတ်လန့်လန့် ဖြစ်နေတုန်းမှာပဲ အပြင်ဘက်က တလျှပ်လျှပ်လျှောက်လာတဲ့ ခြေသံကို ကြားလိုက်ရတော့တာပါ ဟာ.....ကျုပ်ဟာ ချက်ချင်း ခေါင်းကြီးသွားသလို ခံစားလိုက်ရတယ် အလိုလို နေရင်း ထိတ်လန့်နေတော့တာပါပဲဗျာ"

"ကျုပ်လဲ ခြင်ထောင်ကို ချက်ချင်းပြန်ချပြီး ကုတင်အောက် ဝင်ပုန်းနေရတော့တာပဲဗျို့၊ ကျုပ်လဲ ပုန်းပြီးရော တံခါးဖွင့်သံကြားပြီး လူတစ်ယောက်ဝင်လာသံ ကြားရတာပဲ၊ ကုတင်စောင်းမှာ တင်ပါးလွှဲ ထိုင်ပြီး တရှုပ်ရှုပ်ငိုတော့တာပဲဗျာ၊ သူ ဘယ်သူဆိုတာ ခင်ဗျားတို့ သိပြီးရောပေါ့ဗျာ၊ ကျုပ် အင်မတန် ချစ်ခင်နှစ်သက်မိခဲ့တဲ့ ညီမလေး ထန်ချင်ဝင်းပါပဲဗျာ"

---



"ကျုပ်ဟာ ကုတင်အောက်ကနေ ထန်ချင်ဝင်း တတွတ်တွတ် ပြောပြီးငိုနေသံတွေကို စိတ်မချမ်းမြေ့စရာ ကြားနေခဲ့ရပါတယ်၊ သူပြော နေတဲ့စကားတွေကိုလဲ ခင်ဗျားတို့ နားထောင်ကြည့်ကြပါဦး"

"ကလေးရယ်၊ မေမေ့ကို အပြစ်မတင်ပါနဲ့ကွယ်၊ မေမေဟာ ကလေးကို မချစ်လို့ မဟုတ်ပါဘူး။ သားကို သတ်ရတဲ့အတွက် မေမေ့ အသည်းနှလုံးတွေဟာ ဓားနဲ့နှပ်နှပ် အစဉ်းခံရသလို နာကျင်ခံစား ရပါ တယ်ကွယ်၊ မေမေ့ကို ခွင့်လွှတ်ပါသားရယ်တဲ့ဗျာ"

"ကဲ.....ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြပါဦးဗျာ၊ ချစ်သူက အမျက်ထွက်နေတာကို ရှင်းပြချင်လို့ ချစ်သူ့အခန်းထဲဝင်ခဲ့တဲ့ ကျုပ်ရဲ့ အပြစ်ကို ကျုပ် ကြုံတွေ့ကြားသိနေရတဲ့ အဖြစ်အပျက်တွေဟာ အိပ်မက် လား၊ တကယ်လား ဆိုတာတောင် ကျုပ် မသိနိုင်အောင် ဖြစ်ခဲ့ရပါတယ်"

"ညီမလေး ထန်ချင်ဝင်းက ငိုရင်းပြောနေတယ်၊ သူ့အသည်း တွေကို ဓားနဲ့နှပ်နှပ် အစဉ်းခံနေရသလိုပါပဲတဲ့၊ ကျုပ်အသည်းနှလုံးတွေ ကတော့ အင်မတန်ကြီးမားတဲ့ ကျောက်တုံးကြီးနှစ်တုံးနဲ့ အညှပ်ခံရပြီး ကြေမွသွားသလို ခံစားခဲ့ရပါတယ်"

"အဲ.....ဝေဒနာကတစ်ပိုင်း။ ကြက်သီးမွေးညင်းထသွားတာက တစ်ပိုင်းပေါ့ဗျာ၊ အဲဒီမှာကတည်းက ကျုပ် နားလည်လာတယ်၊ ထန်ချင် ဝင်းဟာ ကျုပ်အပေါ် ဘာကြောင့် စိမ်းစိမ်းကားကား ဆက်ဆံလာ တယ်ဆိုတာကို၊ တကယ့်တရားခံ ဘယ်သူဆိုတာကိုတော့ အဲဒီတုန်းက ကျုပ် မသိသေးဘူးဗျ၊ အဲဒီ တရားခံခွေးကောင်ကို ကျုပ် သတ်ချင်တာ

www.burmeseclassic.com

www.burmeseclassic.com



လက်ကိုယားနေတာပဲ''

''ဒါပေမယ့် ညီမလေးထန်ချင်ဝင်းအပေါ် **အချစ်**ကြီးလွန်းလို့ ဒါတွေအားလုံးကို တတ်နိုင်သမျှ မေ့ဖျောက်ထားခဲ့**ပါတယ်**၊ နောက်ဆုံး ကျုပ်အဖေကိုတောင် မပြောခဲ့ပါဘူးဗျာ၊ ပြောရင် **ညီမလေး** ထန်ချင်ဝင်းကို ကျုပ်နဲ့ သဘောမတူမှာ စိုးလို့ပါ''

''ကျုပ်တစ်ခုတော့ စိတ်**မကောင်းပါဘူး**ဗျာ၊ ကျုပ်အင်မတန် ချစ်တဲ့ ညီမလေးထန်ချင်ဝင်းဟာ သူ့ရင်သွေးကလေးကို ဘယ်လိုစွမ်း အားနဲ့များ ရက်ရက်စက်စက် သတ်နိုင်ပါလိမ့်လို့''

''ကျုပ်ကတော့ ထိတ်လန့်တာရော၊ အံ့ဩတာရော၊ စိတ်ဝေ ဒနာ ခံစားရတာရော၊ ကြက်သီးမွေးညှင်းထတာရော အားလုံး စုံအောင် ရောမွှေခံစားနေရတော့ နည်းနည်းကလေးမှကို မလှုပ်နိုင်အောင် ဖြစ်နေ တော့တာပါပဲဗျာ''

''အဲဒီမှာတင် ထန်ချင်ဝင်း ထရပ်တာကို မြင်လိုက်ရတယ်၊ ကလေးအလောင်းကို ပွေ့ချီလိုက်ပုံရတယ်၊ သူဟာ အခန်းထောင့်က နှင်းကာဝတ်ရုံကြီးကိုယူပြီး သူ့တစ်ကိုယ်လုံး လွှမ်းခြုံလိုက်တယ်၊ ရင်ထဲမှာ ပွေ့ပိုက်ထားတဲ့ကလေးအလောင်းလဲ ဖုံးကွယ်ပြီးသား ဖြစ်သွားတာ ပေါ့ဗျာ''

''နောက်တော့ အခန်းထဲက ထွက်သွားတော့တာပဲ၊ ကျုပ်လဲ ခုတင်အောက်ကထွက်ပြီး သူ့နောက် လိုက်ရတော့တာပေါ့၊ ဘာတွေများ ထူးထူးဆန်းဆန်း လုပ်ဦးမှာလဲလို့ စိတ်ထဲက သိချင်နေတယ်''

---



''ဒီကလေးအလောင်းကို သူ့ဖ**အေဆီ** ပို့ချင်ပို့နိုင်တယ်၊ အဲဒီလို ဖြစ်လို့ကတော့ အဲဒီခွေးကောင်ဟာ ဒီလောက**မှာ** ညှင်းပန်းနည်းမျိုးစုံနဲ့ အညှင်းပန်းခံပြီးတော့မှ အသတ်ခံရမှာ သေ**ချာတယ်**၊ ကျုပ်ကတော့ ရေရေလည်လည် သတ်မိမှာပါပဲဗျာ''

''ကျုပ်ဟာ သူ့နောက်ကို ခြောင်မလိုက်ပါဘူး၊ သူမ**သိအောင်** ပုန်းလျှိုးကွယ်လျှိုးနဲ့ လိုက်ပါတယ်၊ ခြောင်လိုက်ရင်တောင် ညီမလေး ထန်ချင်ဝင်းအနေနဲ့ သိမှာမဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အပူနဲ့ သူ ဖြစ်နေတယ် မဟုတ်လား''

''အဲဒီတုန်းက ကျုပ်သိချင်တာ တစ်ချက်ပဲ ရှိတယ်၊ ညီမလေး ထန်ချင်ဝင်းနဲ့ ကျူးကျူးလွန်လွန်ဖြစ်တာ ဘယ်ခွေးကောင်လဲဆိုတဲ့ အချက်ပဲ၊ သိပ်စိတ်ဆိုးတယ်၊ သိပ်ရင်နာမိတယ်၊ ဒီလိုလိုက်လာရင်းနဲ့ မိုင်ဝက်လောက် ခရီးပေါက်လာတယ်၊ လားလား သချိုင်းကုန်းဆီ လာနေတာကိုးဗျ''

''ညီမလေးထန်ချင်ဝင်းဟာ နှင်းကာဝတ်ရုံကို ဖယ်ချပစ်လိုက် တယ်၊ သူဟာ ကလေးအလောင်းနဲ့အတူ ပေါက်ပြားအတိုလေး တစ်လက်ကိုပါ ယူလာတာကိုးဗျ၊ သူဟာ ကလေးအလောင်းကို ဘေးကိုချ လိုက်ပြီး ပေါက်ပြားတိုကလေးနဲ့ မြေကျင်း တူးတော့တာပဲ''

''ကျုပ်ဟာ မြေပုံတစ်ခုဘေးမှာ ဝပ်ပြီး စောင့်ကြည့်နေမိတယ်၊ အဲဒီနေ့က အတော့်ကိုဟန်ကျသွားတာက ကျုပ်ဟာ ဝတ်စုံအနက်ရောင် ကို ဝတ်လာမိတာပဲဗျ၊ မှောင်ထဲမှာကျုပ်ကို တော်ရုံတန်ရုံနဲ့ မမြင်နိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘူးပေါ့ဗျာ''

''ညီမလေး တစွပ်စွပ်နဲ့ မြေကျင်းတူးနေတဲ့အသံနဲ့အတူ တခြ တစ်နေရာမှာ ပြင်းပြင်းထန်ထန် တူးနေတဲ့အသံတစ်သံကိုပါ ကျုပ်ကြာ လာရတယ်၊ အဲဒီအသံကို ညီမလေးထန်ချင်ဝင်းကလဲ ကြားလိုက်ဟ တူပါရဲ့ဗျာ၊ မြေကျင်းကို ဆက်မတူးတော့ဘဲနဲ့ ဘေးပတ်ဝန်းကျင် လှည့်ပတ်ကြည့်ရှုနေတော့တယ်ဗျ''

''ကျောက်တုံးတွေကို တူးမိတဲ့အသံမျိုးဆိုတော့ ဒီလိုတိတ်ဆိတ် တဲ့ အကာလညအခါမှာ အင်မတန် ကျယ်လောင်တာပေါ့ဗျာ၊ ညက အချိန်မတော် ဒီလိုကြားလိုက်ရတော့ မဟုတ်မှလွဲရော တစ်ခြ လူတစ်ယောက်လဲ မဟုတ်တာယုတ် ကိစ္စတစ်ခုခုကို ဒီသချိုင်းမှာ လာလု နေပြီလို့ တွေးလို့ရတာပေါ့''

''ညီမလေး ထန်ချင်ဝင်းဟာ ပထမပိုင်းမှာ အတော်ကလေ ကြောက်လန့်သွားပုံရတယ်၊ နောက်တော့မှ တဖြည်းဖြည်း တည်ငြ လာတယ်၊ အဲဒီအခါကျမှ သူထရပ်လိုက်ပြီး သချိုင်းကုန်း ပတ်ပတ်လ ကို အကဲခတ်တော့တယ်ဗျ''

''ကျုပ်ကတော့ သူ့လောက် ထင်ထင်မြင်မြင်ကြီး မထရဲ ဘူးဗျ၊ ခပ်မြင့်မြင့် မြေပုံတစ်ခုဘေးနားကနေ ခေါင်းထောင်ပြီး အကဲခ ကြည့်ရတယ်၊ သချိုင်းကုန်းရဲ့အလယ်လောက် တစ်နေရာမှာ မီးရေ ပျပျကလေး တွေ့နေရတယ်ဗျ၊ အဲဒီလူကတော့ သချိုင်းထဲ မီးအိမ် သယ်ဆောင်လာတယ်ဆိုတော့ မဟုတ်တဲ့အလုပ်ကို တော်တော် ရဲရဲရင့်



ပွမ်းရဲတဲ့လူလို့ ဆိုရမှာပေါ့၊ တစ်ခုတော့ရှိတယ်''

''အနားပတ်ဝန်းကျင် ရွာတစ်ရွာက လူသေအလောင်း လာမြှုပ်တာများလားတော့ မပြောတတ်ပါဘူးဗျာ၊ အဲဒီလို လာမြှုပ်တာ ဆိုရင်တော့ လူများများရဲ့အသံကို ကြားရမယ်၊ ခုတော့ ဒီလိုလူသံလဲ မကြားရတော့ အတော့်ကို တွေးရခက်နေတော့တာပါပဲ''

''ကျုပ် တစ်ခုလဲ တွေးမိတယ်၊ မီးအိမ်နဲ့ မြေမြှုပ်နေတဲ့ လူကလဲ ညီမလေးထန်ချင်ဝင်းလို တိတ်တိတ်ပုန်းမွေး၊ တိတ်တိတ်ပုန်း မွေးလို့ လာမြှုပ်နှံတဲ့ မိန်းမတစ်ယောက်ယောက် ဖြစ်နိုင်တယ်လို့''

''ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလူ ဘယ်သူလဲ၊ ဘာလာလုပ်သလဲဆို တာတော့ တိတိကျကျ သိဖို့လိုတယ် မဟုတ်လား။ ဒါနဲ့ ကျုပ် ညီမလေး ထန်ချင်ဝင်း မရိပ်မိအောင် အဝေးကမီးရောင်ရှိရာကို အရောက်သွားရ တော့တယ်''

''ကျုပ်ဟာ တတ်နိုင်သမျှ မီးရောင်ရှိရာကို ကပ်သွားတယ်၊ သချိုင်းမြေပုံတွေကိုတော့ အကာအကွယ်ယူထားရတာပေါ့ဗျာ၊ တွေ့လိုက် ရတော့ ကျုပ် အံ့သြသွားတယ်၊ မိန်းမ မဟုတ်ဘူးဗျို့၊ ယောကျ်ား တစ်ယောက်ဖြစ်နေတယ်၊ ကျုပ်ရောက်သွားတဲ့အချိန်မှာ သူဟာမြေကျင်း ထဲက ရှည်ရှည်မျောမျောအရာတစ်ခုကို ထုတ်ယူလိုက်တယ်ဗျ''

''ကျုပ်စိတ်ထဲမှာ ဒါဟာ အလောင်းများလားပေါ့ဗျာ၊ မဟုတ်ဘူးဗျ၊ ရှည်ရှည်မျောမျောပစ္စည်းတစ်ခုပဲ၊ သူဟာ ဒီပစ္စည်းကို အသေအချာ ကြည့်တယ်၊ စိတ်ကျေနပ်အောင် ကြည့်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



အဲဒီပစ္စည်းကို မြေကျင်းထဲ ပြန်ထည့်တယ်ဗျာ''

''နောက်ပြီး တူးထားတဲ့ မြေစမြေနတွေ ကျောက်ခဲအဝှုံးအ
တွေကို ပြန်ဖို့တယ်၊ မြေကြီးတွေကို သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်တယ်
စိတ်ကျေနပ်အောင်လုပ်ပြီးတော့ သူ့ခေါင်းဟာ ကျုပ်ဘက်ကို တစ်ချက်
လှည့်လာတယ်၊ သူ ဘယ်သူလို့ ခင်ဗျားတို့ ထင်ကြသလဲဗျ''

''မီးအိမ်ကလေးလဲ ရှိနေတော့ သူ့မျက်နှာကို ကျုပ်ကောင်း
ကောင်းကြီး မြင်တွေ့လိုက်ရပါတယ်၊ သူဟာ တစ်ခြားလူတော့ မဟုတ်တ
ဗျာ၊ ထန်းလုံအဖွဲ့ထဲမှာ နဂါးပတ်ခေါင်းသိုင်းပညာရှင် ကျိုးယွင်ကန်လို့
ခေါ်နေတဲ့လူပါပဲဗျာ''

နားထောင်နေသူများမှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြ
ဤနေရာသို့ရောက်ရှိနေသည့် ထန်းလုံအဖွဲ့သားများနှ
ထောင်ကြည်အန်းတို့သားအဖ ဆက်နွယ်မှုများမှာ အံ့ဩဖွယ်ကော
လောက်အောင် လျှို့ဝှက်ဆန်းကြယ်နေကြောင်း သူတို့ တွေ့ရှိလ
ခဲ့ကြရသည်။

ကျိုးယွင်ကန်သည် ဤအရှုပ်အထွေး၌ ပါဝင်မည်မဟုတ်
မြောင်ယိုလန်ကပင် ထင်ခဲ့မိသည်။

ယခုမူ ကျိုးယွင်ကန်ပင် မလွတ်ချေတကား။

\+ + +

ကျိုးယွင်ကန်၏မျက်နှာ ဖြူရော်နေသည်။ ချောင်ယွင်ချီကဲ့သို
စောဒကတက်ခြင်း၊ ငြင်းဆန်ခြင်းတော့ မရှိပေ။



ထောင်ကြည်အန်းက သူ့စကားကိုဆက်ပြောသည်။

''ကျုပ်ဟာ ကျိုးယွင်ကန်ကိုကြည့်ပြီး တဖြည်းဖြည်းနဲ့ စိတ်ထဲ
မသင်္ကာ ဖြစ်လာတယ်၊ ညီမလေး ထန်ချင်ဝင်းနဲ့ ဖောက်လွဲ
ပြန်ဖြစ်တဲ့လူဟာ ဒီကျိုးယွင်ကန်များလားလို့ပေါ့ဗျာ၊ အဲဒီ အချိန်မှာ
ယွင်ကန်ဟာ သူ တူးခဲ့တဲ့ မြေကျင်းကို ခြေရာလက်ရာမကျန်အောင်
ပင်တွေနဲ့ ဖုံး၊ ခြေနဲ့နင်း လုပ်နေပါတယ်၊ ဒီနေရာမှာ မြေကျင်းတူး
မှန်း တခြားလူမသိအောင် ခြေရာဖျောက်နေတာပေါ့ဗျာ၊ သူဟာ
သေချာချာ စိတ်တိုင်းကျလုပ်ပြီးမှ သချိုင်းထဲက ထွက်သွားတယ်''

''ကျုပ်ဟာ ညီမလေး ထန်ချင်ဝင်းဆီ ပြန်လာခဲ့တယ်၊ အဲဒီ
မှာ ထန်ချင်ဝင်းကလဲ သူ့ကလေးအလောင်းကို ကသောကမျော
မြှုပ်ပြီးနေပါပြီ၊ ကျုပ်စိတ်ထဲမှာ ထန်ချင်ဝင်းဟာ သူ့ကလေးကို
မြှုပ်ပြီးတာနဲ့ သချိုင်းထဲက ထွက်သွားလိမ့်မယ်လို့ မျှော်လင့်ထားခဲ့
ဘယ်ဟုတ်ရမလဲဗျာ၊ သူဟာ ကျိုးယွင်ကန် မြေမြှုပ်ခဲ့တဲ့နေရာကို
ပြီး အဲဒီမြေကြီးတွေကို ယက်ထုတ်တော့တာပဲဗျာ''

''ဒီနေရာမှာ ခင်ဗျားတို့စိတ်ထဲ ထင်ချင်ထင်မယ်၊ ထန်ချင်ဝင်း
သချိုင်းထဲက ထွက်သွားရင် ကျုပ်လဲ ထန်ချင်ဝင်းနောက်က
လိုက်သွားမှာပဲလို့၊ အဲဒီလို ထင်ရင်တော့ ခင်ဗျားတို့ မှားပြီလို့
ပါဗျ တကယ်လို့ ညီမလေးထန်ချင်ဝင်းကသာ အဲဒီမြေကျင်းကို
ရင် ကျုပ်ကိုယ်တိုင် တူးမိမှာ သေချာပါတယ်ဗျ''

''ကျုပ်ဟာ သိပ်ပြီး အရဲမကိုးပါဘူး၊ ခပ်လှမ်းလှမ်းမှာရှိ

www.burmeseclassic.com

www.burmeseclassic.com



သချိုင်းမြေပုံကြီးတစ်ခုရဲ့ဘေးမှာ ဝမ်းလျားထိုးဝပ်ပြီး စောင့်ကြည့် ပါတယ်၊ အဲဒီလို သတိစိုက်ရုံကြောင့် ဟိုင်ကို လူမမိတာပဲပေါ့ ဘာဖြစ်လို့လဲဆိုတော့ ငုံ့ပြီး မြေကျင်းတူးနေတဲ့ ထန်ချင်ဝင်းကို–"

"ညီမလေး ဒါ ဘာလုပ်တာလဲ"လို့ လူတစ်ယောက်က ဖြုန်း မေးလိုက်လို့ပေါ့ဗျာ၊ ထန်ချင်ဝင်းရဲ့လက်ထဲက ပေါက်ပြားအတိုက လွှတ်ကျသွားတယ်၊ သူ သိပ်ပြီးထိတ်လန့်သွားတာပဲ၊ မေးတဲ့လူကတော့ ကျိုးယွင်ကန်ပဲပေါ့ဗျာ၊ သူက လူလည်ဗျ၊ အ ကလေး နောက်တစ်ကျော့ ပြန်ချောင်းခဲ့တာပဲ"

"ကျိုးယွင်ကန်ဟာ အင်မတန် စေ့စပ်သေချာတဲ့လူပဲ ဖြစ် တယ်၊ သူဟာ ထန်ချင်ဝင်း ဒီသချိုင်းထဲရောက်နေတာကို စော ကတည်းက ရိပ်မိပုံရပါတယ်၊ ဒါပေမယ့် သူဟာ မသိချင်ယောင်ဆေ ပြီး သချိုင်းထဲက အသာလျှိုထွက်သွားတယ်"

"နောက်တော့ အသာလျှိုပြီး တစ်ပတ်ပြန်ဝင်ခဲ့တယ်၊ ညီမ ထန်ချင်ဝင်းအနေနဲ့ ဘယ်လိုလုပ်ပြီး တိမ်းရှောင်နိုင်တော့မှာလဲဗျာ၊ ကျ တောင် ကံကောင်းပေလို့ပဲ၊ ညီမလေး ထန်ချင်ဝင်းဆိုရင် ဘာစကာ ပြောရမှန်းတောင် မသိဘဲ ဖြစ်နေရှာခဲ့ပါတယ်ဗျာ"

+ + +

ခန်းမထဲရှိ လူများသည် ငြိမ်သက်နေသော ကျိုးယွင်ကန် ဝိုင်းကြည့်ကြ၏။

ဤသူကို မလေးမစားလုပ်လျှင် ဒုက္ခဖြစ်သွားနိုင်သည်



မှုမိကြသည်။

သို့သော်.....

ယခုအချိန်အခါ၌ ကျိုးယွင်ကန်သည် လည်လိမ်ခံရသော ကြီးပမာ ငြိမ်သက်နေ၏။

ထောင်ကြည်အန်းက ဆက်ပြောသည်။

"ကျိုးယွင်ကန်က ညီမလေး ထန်ချင်ဝင်းကို အေးစက်စက် ပြောနေတယ်၊ 'ညည်း ဘာလာမြှုပ်တယ်ဆိုတာ ငါ သိပါတယ်၊ ငါ လာမြှုပ်တယ်ဆိုတာလဲ ညည်း မှန်းဆသိနိုင်တာပဲ၊ ဒီလိုသိလျက်နဲ့ ဖြစ်လို့ တူးဖော်နေဖို့ လိုမှာလဲ ညီမလေးရဲ့၊ ထုတ်ဖော်ပြောကြစတမ်း ဆိုရင် နှစ်ယောက်စလုံး ထုတ်ပြောရုံပဲ၊ ငါပြောတဲ့ အကြံဉာဏ် ကောင်း တယ် မဟုတ်လား' လို့တောင် ထန်ချက်ဝင်းကို ပြန်မေးသေးသဗျ"

"ဒီတစ်ကြိမ်မှာ ညီမလေး ထန်ချင်ဝင်းဟာ ဘာစကားမှ မပြောနိုင်တော့ပါဘူးဗျာ၊ သူ ဘယ်ပြောနိုင်တော့မလဲဗျ၊ သူဟာ ရှက်ဖွယ် ကိစ္စကြီးတစ်ခုကို ကျူးလွန်ထားခဲ့ပြီ မဟုတ်လား၊ မဟုတ်တာ လုပ်တဲ့လူဟာ ဒီလိုပဲ ဒုက္ခရောက်တတ်တယ်ဆိုတာ ဒါ သင်ခန်းစာပါပဲ၊ ကိစ္စမှာ မဟုတ်တာလုပ်တဲ့လူကတော့ နှစ်ယောက်စလုံးပါပဲဗျ"

မြောင်ယိုလန်က ဝင်၍မေးသည်။

"ဒါနဲ့ ထန်ချင်ဝင်းဟာ ကျိုးယွင်ကန်ရဲ့စကားကို လက်ခံ လိုက်ရတယ် ဆိုပါတော့"

ထောင်ကြည်အန်းက ခေါင်းညိတ်၏။

www.burmeseclassic.com

www.burmeseclassic.com



''သိပ်သေချာတာပေါ့ဗျာ၊ ညီမလေး ထန်ချင်ဝင်းက ''ဒ ဆိုရင် ကျွန်မတို့က ကတိသစ္စာ ပြုကြတာပေါ့'တဲ့၊ ဒါနဲ့ နှစ်ယော သချိုင်းထဲမှာ ကတိသစ္စာ ပြုကြတယ်၊ အင်မတန် ကြက်သီးထ ကောင်းတဲ့ မြင်ကွင်းပေါ့ဗျာ၊ နောက်ဆုံးတော့ သူတို့နှစ်ယောက်စ သချိုင်းထဲက ထွက်ခွာသွားကြသဗျ''

''ကျုပ်ကလဲ သူတို့နောက်က တိတ်တိတ်ကလေး ပြန်လို တာပေါ့ဗျာ၊ သူတို့ ဒီလောက် လျှို့လျှို့ဝှက်ဝှက် လုပ်နေမှတော့ သူတို့ အထူးသဖြင့် ကျီးယွင်ကန်ရဲ့ကိစ္စဟာ ပေါ့သေးသေး မဟုတ်ဘူးဆို ကျုပ် ရိပ်မိတယ်၊ ဒါကြောင့်မို့ ပြေကျင်းထဲမှာရှိတဲ့ပစ္စည်းထက် သူ ထပ်မံ ပြောမယ့်စကားက ပိုတန်ဖိုးရှိမယ်လို့ ယူဆတယ်''

''ဒါကြောင့်မို့ သူတို့နောက်ကို လိုက်ခဲ့ရတာပေါ့၊ ကျုပ်လ ထဲမှာ လက်နက်ပုန်းတွေကိုလဲ အဆင်သင့် ပြင်ဆင်ထားခဲ့ရတယ်၊ ကျ ဆိုလိုတာက ခင်ဗျားတို့ ရိပ်မိကြသလား မသိဘူး၊ သူတို့နှစ်ယောက် တိရစ္ဆာန်တွေလို ထပ်မံမှောက်မှားကြမယ်ဆိုရင် ကျုပ် နှစ်ယောက်စလုံး သတ်ပစ်မိမှာပဲဗျ''

''သူတို့နှစ်ယောက်စလုံး ကံကောင်းသွားတယ်ဗျ၊ ဘာဘ ထန်ကွေနုံးရဲ့ ခြံကြီးထဲ ရောက်တဲ့အထိ တစ်ယောက်နဲ့တစ်ယော ဘာစကားမှ မပြောဘဲ ခပ်ခွါခွါသွားကြသဗျ၊ ညီမလေးထန်ချင်ဝ ဟာတော့ သူ့အခန်းထဲသူ ပြန်ဝင်သွားပါတယ်''

''ဒီတစ်ကြိမ်မှာတော့ ကျုပ်အနေနဲ့ ကုတင်အောက် ဝင်ပုန်း



ချောင်းနားထောင်လို့ မရတော့ဘူးပေါ့ဗျာ၊ ကိစ္စမရှိပါဘူး ပြတင်းတံခါး ပေါက်ဘေးက စောင့်ကြည့်လို့ ရပါတယ်၊ ညီမလေးဟာ ကုတင်ပေါ်ထိုင်ပြီး ကျွှစ်ရှုပ် ငိုနေတော့တာပါပဲဗျာ''

''ကျုပ်လဲ သူ့လိုပဲ ငိုချင်စိတ်ပေါက်နေတယ်၊ နောက်ခံစားချက် တစ်မုကလဲ ရင်မှာပေါ်ပေါက်နေတယ်ဗျာ၊ သူ့အခန်းထဲ ခုန်ဝင်ပြီး သူ့ကို တားနဲ့ အချက်ပေါင်း များစွာ ထိုးသွင်းပြီး သတ်ချင်တဲ့ အချက်ပါပဲ''

''သူတို့ ခြံကြီးကို မီးရှို့ပစ်ချင်တယ်၊ သူတို့ရဲ့အဖြစ်တွေကို တစ်တိုင်းပြည်လုံး သိအောင် အော်ပစ်ချင်တယ်၊ နောက်ပြီး ကျုပ်ကိုယ် ကျုပ်လဲ သတ်သေပစ်ချင်မိတယ်ဗျာ''

တောင်ကြည်အန်း၏ ခံစားချက်များကို အထူးသဖြင့် မြောင်ယို လန်၊ ခင်နှင့် ကျင့်စန်နန်တို့လို မိန်းကလေးများက ပို၍ စာနာမိကြ၏။

ထို့ကြောင့် အချစ်ရူးတစ်ပိုင်း ဖြစ်ခဲ့ရသည့် တောင်ကြည်အန်း ကို သနားကြင်နာစွာ ကြည့်နေမိကြသည်။

တောင်ကြည်အန်းက ဆက်ပြောပြန်သည်။

''ဒါပေမယ့် ကျုပ်သေလို့ မဖြစ်သေးဘူးဆိုတာ ကျုပ် သိတယ် ဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ထန်ချင်ဝင်းရဲ့ တိတ်တိတ်ပုန်းယောက်ျားကို ကျုပ်မှ မသိသေးဘဲကိုးဗျ၊ သူ့တိတ်တိတ်ပုန်းယောက်ျားဟာ ဘယ်သူလဲ ဆိုတာ ကျုပ်အနေနဲ့ ပထမဆုံး ဖော်ထုတ်ရမယ်၊ ပြီးတော့မှ လုပ်စရာ ရှိတာကို လုပ်ရမယ်လို့ ကျုပ် ဆုံးဖြတ်တယ်''

''နောင်ဆုံး ကျုပ်လဲ ကျုပ် အခန်းထဲကိုပဲ ပြန်ခဲ့တယ်၊ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး အေးစက်နေတယ်ဆိုတာ ကိုယ့်အခန်းရောက်မှ ကိုယ့်တာသာ သတိပြုမိတော့တယ်၊ ကျုပ်အဖေဟာ အိပ်ပျော်နေပါတယ်၊ ကျုပ်ဟာ အိပ်ချင်စိတ် လုံးဝ မရှိတာနဲ့ ထိုင်ခုံတစ်လုံးပေါ်မှာ ငုတ်တုတ် ထိုင်နေမိတယ်၊ ကျောက်ရုပ်တစ်ရုပ်လို ထိုင်နေမိတာပါဗျာ''

''နောက်တော့ အခန်းထဲကို လူတစ်ယောက် ဝင်လာတယ် ကျုပ် လှည့်မကြည့်ဘူးဗျ၊ ကျုပ်ပခုံးပေါ် လက်တစ်ဖက် လာတင်တယ် ရုတ်တရက် ပြန်ဆုတ်သွားတယ်''

''ထောင်ကြည့်အနန်း၊ မင်းတစ်ကိုယ်လုံးလဲ အေးစက်နေတာ ပါပဲလား၊ ဘာဖြစ်နေတာလဲ၊ ဖျားနေသလား'လို့ မေးပါတယ်၊ အဲ လူကတော့ ဦးလေးယွမ်စစ်ကျူးပဲပေါ့ဗျာ''

''ကျုပ်က ဘာမှမဖြစ်တဲ့အကြောင်း ပြန်ပြောပြီး သူ့ကို မေးကြည့်ပါတယ်၊ သူက 'မင်းအစ်ကိုကြီး ထန်ကွေ့နံက ခေါ်နိုင်းလိုက် တယ်ကွ၊ ဘာများပြောစရာရှိလို့လဲ မသိဘူး၊ ခုပဲ သွားလိုက်ပါဦး'လို့ ပြောပါတယ်''

''ကျုပ်လဲ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားတယ်၊ ဘာများ ပြောစရာရှိလို့လဲလို့ တွေးနေမိတယ်၊ စောစောက သချိုင်းကုန်းမှာ မြင်ခဲ့တဲ့ ရှုပ်ရှုပ်ထွေးထွေး ပြဿနာတွေနဲ့များ ပတ်သက်နေမလား၊ ဘာဘာ ညာညာ လျှောက်တွေးနေမိပါတယ်''

''နောက်တစ်ခုရှိတာက သူ့သမီးနဲ့ စေ့စပ်ထားတဲ့ကိစ္စကို ဖျက်သိမ်းနိုင်းနိုင်တဲ့အကြောင်းရှိတယ်၊ ကျုပ်ဟာ အတွေးတွေဝေပြီး



အကြာကြီးငေးနေတော့ ဦးလေးယွမ်စစ်ကျူးက 'ထောင်ကြည့်အနန်း ငါ့မင်းကို မစောင့်တော့ဘူး၊ မင်းဘာသာပဲ သွားပေတော့၊ ငါလဲ သွားစရာ ရှိတယ်'လို့ပြောပါတယ်''

''ကျုပ်ခေါင်းညိတ်လိုက်တော့ ဦးလေးယွမ်စစ်ကျူး ထွက်သွား တယ်၊ ကျုပ်ဟာ ယောကျ္ာမလောင်းကြီးအပေါ်မှာလဲ သိပ်အယုံအကြည် မရှိတော့ပါဘူး၊ ဒါကြောင့် ကျုပ်အပေါ် အကောက်ကြံမှာလဲ ကြောက် တယ်၊ ဒါနဲ့ ကျုပ်အဖေကို အရေးတကြီးနှိုးပြီး ဖေဖေကြီး ထန်ကွေ့နံက ခေါ်နိုင်းလိုက်တဲ့အကြောင်းနဲ့ ကျုပ်စိတ်ထဲမှာ စိုးရိမ်နေတဲ့အချက် တွေကိုလဲ ပြောပြလိုက်တယ်''

''ထန်ချင်ဝင်းရဲ့ကိစ္စကိုတော့ ကျုပ် မပြောပြပါဘူး၊ ပြောပြရင် ကျုပ်အဖေရဲ့ဒေါသယမ်းအိုး ပေါက်ကွဲသွားမှာ သေချာတယ်၊ အဖေက 'မင်းသွားရင် လက်နက်တွေတော့ ဆောင်သွား၊ ဒီမှာ ဘာကိုမှ စိတ်ချစရာ မရှိဘူး'လို့ ပြောပါတယ်''

''ကျုပ်လဲ လက်နက်ပုန်းတွေကို အသင့်ယူပြီး ဘဘကြီး ထန်ကွေ့နံရဲ့အိပ်ခန်းရှိရာကို လာခဲ့ပါတယ်၊ အခန်းတံခါး စေ့ရုံသာစေ့ ထားတော့ ကျုပ်လဲ တွန်းဖွင့်ပြီး ဝင်သွားခဲ့တာပဲ၊ ကျုပ်ဝင်သွားတဲ့ အချိန်မှာ ဘဘကြီးထန်ကွေ့နံဟာ ကုတင်ပေါ်မှာ လဲလျောင်းပြီး စာတစ်စောင်ကို ဖတ်နေတယ်ဗျ၊ သူဟာ ကျုပ်ဝင်လာတာကို ရုတ်တရက် မသိဘူး''

''ကျုပ်က 'ဖေဖေကြီး'လို့ ခေါ်လိုက်တော့မှပဲ ကျုပ်ဝင်လာတာ

www.burmeseclassic.com

www.burmeseclassic.com



ကို သူသိတယ်၊ အဲဒီအခါကျမှပဲ ဘဘကြီးထန်ကွေ့နံ့ဟာ သူ့လက်ထဲက စာရွက်ကို အင်္ကျီလက်ဖိုးကြားထဲကို ကပျာကယာ ထိုးထည့်လိုက်တယ်၊ ကျုပ်ကို မမြင်စေချင်တဲ့ သဘောပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်က အားလုံးကို မြင်ပြီးနေပါပြီ''

''သူက 'ဩော်.....ကြည်အန်း၊ မင်းတောင် ရောက်လာမှ ကိုးကွ' လို့ နှုတ်ဆက်ပါတယ်၊ သူ့အဖြစ်ကို ဖုံးကွယ်ချင်လို့ ဟန်ဆောင် နှုတ်ဆက်တာမှန်း ကျုပ် ကောင်းကောင်းသိတာပေါ့ဗျာ၊ သူက အခန်း တံခါး ကို ကမန်းကတန်း ပိတ်နိုင်းတယ်၊ ကန့်လန့်ထိုးနိုင်းတယ်''

''သူ့ပုံကြည့်ရတာ အားလုံး စွာထိတ်တလန့်နဲ့ပါပဲဗျာ၊ ဒါနဲ့ ကျုပ်က ပွင့်နေတဲ့ပြတင်းတံခါးကို လက်ညှိုးထိုးပြီး 'ပိတ်လိုက်ရမလား' လို့ မေးပါတယ်၊ ပြတင်းတံခါးကိုတော့ 'မပိတ်နဲ့'လို့ သူက ပြောပါတယ်''

''သူက ပြောသေးသဗျ 'ကြည်အန်း ငါ့အခန်းနားမှာ မသင်္ကာ စရာတွေ ဘာတွေတွေ့သလဲ'လို့ မေးတယ်၊ ကျုပ် သိပ်အံ့ဩတာပေါ့ဗျာ၊ သူ့ခြံ သူ့အိမ်၊ သူ့အခန်းနားမှာ ဘာတွေကို ကြောက်လန့်နေရမှာလဲဗျ ဟုတ်တယ်မဟုတ်လား။ ဒါပေမယ့် ကျုပ်ကတော့ ဘာမှမတွေ့တဲ့အတိုင်း 'မတွေ့ဘူး'လို့ အမှန်အတိုင်း ဖြေလိုက်ပါတယ်''

''ကျုပ်က မေးလိုက်တယ်၊ 'ဖေဖေကြီး ဘာပြောစရာရှိသလဲ၊ ဦးလေးယွန်စစ်ကျုံးလာခေါ်လို့ ကျွန်တော် လိုက်လာတာပါ'လို့ပြောတော့ သူက သူ့စောင်အောက်မှာ ဝှက်ထားတဲ့ ရှည်ရှည်မျောမျော သံသေတ္တာ လေးတစ်လုံးကို ဆွဲထုတ်လိုက်တယ်ဗျာ၊ ကျုပ်ကို လှမ်းပေးပြီး သူက



ခပ်တိုးတိုး ပြောတယ်''

'ကြည်အန်း၊ ဒီသံသေတ္တာကို မင်းလက်ထဲ အပ်တယ်ကွာ၊ ဒါ မင်းကို ယုံလွန်းလို့ပဲကွ၊ ငါ့မှာ အသက်အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီ၊ နေ့သေရမလား ညသေရမလား စောင့်နေရတဲ့သဘောပဲကွ၊ ငါ့အသက် ကို ကယ်နိုင်တဲ့လူဆိုလို့ မင်းတစ်ယောက်ပဲ ရှိတော့တယ်၊ ငါ မင်းကို အားကိုးပါတယ်ကွာ'လို့ စိုးရိမ်တကြီးလေသံနဲ့ ပြောပါတယ်''

အခန်းထဲရှိ သိုင်းသမားများသည် ထန်းလုံအဖွဲ့၏ အလွန်တရာ ရှုပ်ထွေးမွေလီလှသော ဖြစ်ရပ်များကို ကံအားလျော်စွာ နားဆင်နေမိ ကြလေပြီ။

ဤကိစ္စရပ်များနှင့် ပတ်သက်၍ ထန်းလုံအဖွဲ့သား အချို့ပင် သိလိမ့်မည်မဟုတ်ကြောင်း သူတို့ နားလည်ကြ၏။

ထန်းလုံအဖွဲ့သားများအဖို့မူ သူတို့၏ အတွင်းရေးကိစ္စများကို မျက်နှာပူပူဖြင့် နားဆင်နေကြရ၏။

အမှန်စင်စစ် ဤအကြောင်းများ ဖွင့်ထုတ်မပြောရန် သူတို့ တားမြစ်ချင်သည်။

သို့သော်.....

မတားမြစ်နိုင်ပေ။

ယခု ထောင်ကြည်အန်းပြောနေသည့်ကိစ္စသည် ထန်းလုံအဖွဲ့ ၏ အတွင်းရေးဖြစ်သော်လည်း ကေရာဓိကြီးလီချွမ့်ဝုမ်၏ လက်သုံး တော်ဓားနှင့် ပတ်သက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောရာဇ်ကြီး၏လက်သုံးတော်ဓားနှင့်ပတ်သက်လျှင် ဟူးမြောင်း၊ ဖန့်နှင့် ထန်မိသားစုလေးခုနှင့် ပတ်သက်နေသည်သာ။

ထို့အပြင်လည်း.....

အခြားသူအသီးသီး ပြောကြားသွားသည့်ကိစ္စများကို အားပါးတရ နားဆင်ပြီးမှ မိမိတို့၏ အတွင်းရေးကိစ္စများကို မပြောပါနှင့်ဟု တားမြစ်ရန်လည်း လိပ်ပြာမသန့်ချေ။

ပို၍ တားမြစ်ရန်ခက်သည့်အချက်မှာ ထောင်ကြည်အန်းသည် ကျားနာကဲ့သို့ ဖြစ်နေခြင်းတည်း။

ထောင်ကြည်အန်း၏ ဘုအသည်းနှလုံးနုနုသည် အစိတ်စိတ်အမွှာမွှာ ရှိပြီးနေလေပြီ။

♛ ♛ ♛



## အခန်း (၃၀)
## မန်ချူးကိုယ်ရံတော်ကြီး

ထောင်ကြည်အန်းကဲ့သို့ အချစ်နတ် ဖမ်းစားခံထားရသူတစ်ဦးမှာ ချောင်ယွင်ချိုပင်ဖြစ်၏။

သူသည် ထောင်ကြည်အန်းအား တားမြစ်လို၏။

သို့သော်.....

အခြေအနေအရပ်ရပ်ကြောင့် တားမြစ်ရန် ခက်ခဲနေသည်။

သူတို့ခေါင်းဆောင်ချုပ်၏ ဂုဏ်သိက္ခာနှင့်ပတ်သက်၍ ကာကွယ်တားဆီးခြင်းသာလျှင် လူအများအမြင်၌ အသင့်လျော်ဆုံးဖြစ်မည်ဟု ချောင်ယွင်ချို နားလည်၏။

ထို့ကြောင့်.....

သူသည် ထိုင်နေရာမှ ဝုန်းခနဲထကာ ထောင်ကြည်အန်းအား

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးငေါက်ငေါက်ထိုး၍ တားဆီးလေတော့၏။

"ဟေ့ကောင်..... ထောင်ကြည်အန်း။ ငါတို့ဆရာကြီးဟာ သာမညသိုင်းသမား မဟုတ်ပါဘူးကွ၊ ထန်းလုံအဖွဲ့ရဲ့ ခေါင်းဆောင်ချုပ်ကြီးပါ၊ ဒီလိုပုဂ္ဂိုလ်ကြီးမျိုးက မင်းလို မလောက်လေးမလောက်စား လူငယ်လေးတစ်ယောက်ဆီမှာ မင်းပြောသလို ဘယ်တော့မှ ခယယယ မတောင်းပန်ဘူးကွ"

"ဟေ့.....ကေသရာဇာမင်းဟာ ဘယ်တော့မှ မြက်မစားဘူးကွ၊ အသေသာခံမယ်၊ ငါ့ဆရာကြီးရဲ့ ဂုဏ်သိက္ခာကျအောင် ဒီလိုသာ ဆက်ပြောနေမယ်ဆိုရင်တော့ မင်းနဲ့ငါ အသေအကြေ ချကြရုံပဲ ရှိတော့တယ်၊ မင်း ထပ်မပြောနဲ့တော့"

တစ်ချိန်လုံး ငြိမ်သက်နေသည့် မျက်ခုံးဖြူပေါင်စုက ချောင်ယွင်ချီအား မျက်စောင်းလှမ်းထိုးသည်။

"ဟင်း.....အခုမှ သိက္ခာကျသလေး ဘာလေး မလုပ်ပါနဲ့ကွာ၊ ဒီမှာ လူတွေ တစ်ယောက်ပြီးတစ်ယောက် ပြောသွားလို့ သိက္ခာရှိတဲ့လူ မကျန်သလောက်ဖြစ်နေပြီ၊ အဲဒီတုန်းကတော့ မင်း နားထောင်ကောင်း နေသလား၊ ဟေ့.....ဆက်ပြောကွ.....ဆက်ပြော"

ထောင်ကြည်အန်းကလည်း ချောင်ယွင်ချီကို ဂရုမစိုက်ပါ။ မျက်ခုံးဖြူပေါင်စုကကြားမှ ဝင်မပြောလည်း သူ့ဘာသာဆက်ပြောမည်သာ ဖြစ်ပါသည်။

ထောင်ကြည်အန်းက.....



"ဘဘကြီးထန်ကွေ့နုံးလို ပုဂ္ဂိုလ်ကြီးမျိုးဆီက ဒီစကား ကြားလိုက်ရတော့ ကျုပ်အဖို့ အကြီးအကျယ် ထိတ်လန့်သွားတော့တာပါပဲဗျာ၊ စောစောက ချောင်ယွင်ချီ ပြောသလိုပဲပေါ့၊ သိုင်းပညာ အင်မတန် ထက်မြက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆီက ဒီလိုစကားမျိုး ထွက်လာတယ် ဆိုတော့ တကယ့်ကို မယုံနိုင်စရာပဲပေါ့ဗျာ"

"ဒါပေမယ့် ကျုပ် ပြောတဲ့စကားတွေထဲမှာ မုသားစကား တစ်လုံးမှ မပါဘူးဆိုတာတော့ ကျုပ် ကျိန်ရဲပါတယ်၊ ကျုပ်ကလဲ ပြန်ပြီး ကတိပေးရတာပေါ့၊ 'ဖေဖေကြီးအနေနဲ့ ကျွန်တော့်ကို ယုံပါ၊ ဖေဖေကြီးက သာနိုင်းရင် ဓားတောင်ပေါ်ပဲ တက်ရတက်ရ၊ မီးပင်လယ်ကိုပဲ ဖြတ်ရ ဖြတ်ရ ကျွန်တော် လုပ်ပေးပါ့မယ်'လို့ ပြောလိုက်ပါတယ်"

"ဘဘကြီးထန်ကွေ့နုံးဟာ ကျုပ်ကို ခေါင်းညိတ်ပြတယ်၊ 'ကောင်းတယ် ကောင်းတယ်'လို့လဲ ပြောတယ်၊ သူ့လက်ထဲက သံ သေတ္တာလေးကိုလဲ ကျုပ်ကို လှမ်းပေးတယ်၊ 'ဒီပစ္စည်းဟာ မင်း သယ် ဆောင်သွားရမယ့် ပစ္စည်းပဲကွ'လို့ ပြောပါတယ်"

"ကျုပ်က ပြန်မေးတယ်၊ 'ဒါ ဘာပစ္စည်းလဲ'ဆိုတော့ ဘဘကြီး ထန်ကွေ့နုံးက 'ဟေ့..... ဒါ မင်း သိဖို့မလိုဘူးကွ၊ ဒါကို မဟာတံတိုင်းကြီး အပြင်ဘက်အထိ ယူသွားစမ်းကွာ'

'လူတစ်ယောက်မှ မမြင်နိုင်တဲ့နေရာမှာ မြှုပ်ပစ်ခဲ့ပေါ့၊ အေး..... မင်းလုပ်တာကို ဘယ်ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမှ မတွေ့ခဲ့ရင်တော့ မင်းဟာ ငါ့အသက်ကို ကယ်တင်နိုင်ကြောင်း ကယ်တင်နိုင်ပါလိမ့်မယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောပါတယ်''

''ကျုပ်ကလဲ ဘဘကြီးထန်ကွေ့နုံးရဲ့လက်ထဲက သံသေတ္တာကို **လှမ်းယူ**လိုက်ပါတယ်၊ သံသေတ္တာလေးက သေးပေမယ့် အလေးချိန် **က**တော့ အစီးသားဗျ၊ ကျုပ်က သံသေတ္တာကလေးကို လက်နဲ့ဆပြီး ဘဘကြီးထန်ကွေ့နုံးကို ပြန်ပေးလိုက်ပါသေးတယ်''

'ဘာပစ္စည်းမို့ ဖေဖေကြီးကို ခုကွပေးမှာလဲ'လို့ ကျုပ်က ထပ်မေးတယ်၊ ဘဘကြီးထန်ကွေ့နုံးက အရေးတကြီး ပြောတယ်၊ 'ဟော့..... ကြည်အန်း ဒီအထဲက ပစ္စည်းကို သွားပြီး ဖွင့်မကြည့်နဲ့ကွနော်၊ မင်းပါ သေနေလိမ့်မယ်၊ ဒီအကြောင်းတွေကို မင်းအဖေကိုလဲ သွားမပြောနေ နဲ့ဦး'လို့ ပြောပါတယ်''

''ကျုပ်လဲ လန့်သွားတယ်၊ ကျုပ် သေနိုင်လောက်အောင် ဒီသေတ္တာထဲမှာ ဘာပစ္စည်းများ ပါနေသလဲလို့ တွေးမိတယ်ဗျာ၊ ဘဘကြီး ထန်**ကွေ့နုံးကတော့ အ**တော်ကလေး ပင်ပန်းနေပုံရတယ်၊ သူဟာ သူ့ရဲ့ **ကြီးမားတဲ့လက်ကြီး**ကို ဝှေ့ယမ်းပြီး 'ကြည်အန်း အချိန်မဖြုန်းနဲ့တော့ **မြန်မြန်**သွားကွ၊ မြန်မြန်သွား'လို့ ပြောပါတယ်''

''ကျုပ်လဲ သံသေတ္တာလေးကို ပွေ့ပိုက်ပြီး လှည့်ထွက်လာခဲ့တယ်၊ ကျုပ် တံခါးဝလဲရောက်ရော 'ဟော့.....နေဦး'လို့ ဘဘကြီး ထန်ကွေ့နုံးက လှမ်းခေါ်တယ်၊ ကျုပ်လဲ သမင်လည်ပြန် လှည့်ကြည့်မိတာ ပေါ့၊ ဒီအခါမှာ 'ဟော့.....မင်းရဲ့အင်္ကျီအောက်မှာ ဘာတွေ ပါလာတာ လဲကွ'လို့ ဘဘကြီးထန်ကွေ့နုံးက မေးပါတယ်''

———●———



''ကျုပ်လဲ ထိတ်ခနဲ ဖြစ်သွားတယ်၊ တော်တော်မျက်စိလျင်တဲ့ အဘိုးကြီးပဲလို့လဲ တွေးမိတယ်၊ 'ဓားတွေ၊ လေးတွေ၊ မြားတွေပါ၊ သည်တော်တွေထဲမှာ ကျွန်တော်တို့ကို ရန်လိုတဲ့လူတွေ မပါနိုင်ဘူးလို့ ဘယ်ပြောနိုင်မလဲ၊ သတိဆိုတာ ပိုတယ်မရှိပါဘူး၊ လိုတယ်ပဲ ရှိပါတယ်'လို့ ပြောလိုက်တော့ အဘိုးကြီးက ပြုံးတယ်ဗျ''

'အေး.....ချောင်ယွင်ချီဟာ မင်းဆီက နည်းနည်းလောက် အတုယူရင် ကောင်းမယ်ကွ၊ ဒီကောင် ဘာမှ သောက်သုံးမကျဘူး'လို့ ပြောပါတယ်''

ခန်းမကြီးထဲရှိ နားထောင်နေသူများထံမှ ထန်းလုံးအဖွဲ့နှင့် လုံးဝ မသက်ဆိုင်သူများက ထောင်ကြည်အန်း၏စကားကို ကြားသော အခါ ပြုံးလိုက်မိကြသည်။

ချောင်ယွင်ချီအား မျက်လုံးဝေ့၍ ကြည့်ကြ၏။

ချောင်ယွင်ချီမှာ တရှူးရှူး တရှားရှားဖြင့် ဒေါသထွက်နေ ပေ၏။

ထောင်ကြည်အန်းက ဆက်ပြောသည်။

''ကျုပ်လဲ သေတ္တာကို အသာချ လေးနဲ့ မြားတံတွေကို ယူပေး လိုက်ပါတယ်၊ လေးညှို့ကိုတော့ တပ်ပေးခဲ့ပါတယ်ခင်ဗျာ၊ အဘိုးကြီးဟာ ကျုပ်ပေးတဲ့မြားတံတွေကို သေသေချာချာကြည့်ပြီး.....

'ကဲ.....မင်းသွားတော့'လို့ အမိန့်ပေးပါတယ်၊ ကျုပ်လဲ သံသေတ္တာကို ပြန်ကောက်ပြီး ထွက်လာခဲ့တယ်၊ ဟာ..... အဲဒီတစ်ကြိမ်

———●———

www.burmeseclassic.com

www.burmeseclassic.com



လောက် ကျောချမ်းတာမျိုး ကျုပ်တစ်သက်မှာ တစ်ခါမှ မဖြစ်ဖူးဘူးဗျ
ကျုပ်ကျောကုန်းကို မြွေတစ်စင်း ချက်ချင်းပဲ ပြေးဝင်လာတော့မလား
ရင်ထိတ်နေလိုက်ရတာဗျာ''

''မပြောနိုင်ဘူးလေ၊ အဘိုးကြီးဟာ ကျုပ်ပေါ်ကမလော
ဆိုပေမယ့် သူတို့အဖွဲ့ထဲက အဖြစ်တွေက သပွတ်အူလို ရှုပ်ထွေးနေတော
ကျုပ်ကို လိုလားချင်မှလဲ လိုလားမယ်လေဗျာ''

''တံခါးဝ မရောက်မချင်းတော့ ကျုပ်အဖို့ အသက်တော
မရှူရဲပါဘူးဗျာ၊ ဒါနဲ့ ကျုပ်လဲ သူ့ကို တစ်ချက်စောင်းငဲ့ကြည့်မိတယ
တော်သေးတယ်ဗျို့၊ သူဟာ လေးညှို့ပေါ်မှာ မြှားကိုတင်ပြီး ပြတင်းပေါ
ကို ချိန်နေတယ်ဗျို့၊ သူ့ရန်သူဟာ ပြတင်းပေါက်က တက်လာနိုင်တယ
လို့များ တွေးထားသလားတော့ မသိပါဘူးဗျာ၊ တံခါးဝလဲရောက်ရေ
ကျုပ်လဲ တစ်ချိုးတည်း လစ်တော့တာပဲ''

''နောက်တော့ ကျုပ်အခန်းထဲ ပြန်ရောက်လာတယ်၊ မောလို
တာဗျာ၊ ရင်ထဲမှာ တလှိုက်လှိုက် ဖြစ်နေတာပဲ၊ ကျုပ် သိပ်ကြော
နေခဲ့တာကိုးဗျ၊ အဘိုးကြီးရဲ့အပြုအမူတွေဟာ မူမမှန်တော့ ကျုပ်အဖေ
စေတနာကောင်း ထားချင်မှထားမယ်ဆိုတာ ကျုပ် တွေးမိတယ်၊ ဒါ
အိပ်မောကျနေတဲ့ ကျုပ်အဖေကို နှိုးလိုက်ရတော့တာပဲ''

''ကျုပ်က ထန်ကွေ့နုံးပေးတဲ့ သံသေတ္တာကြီးကို ထုတ်ပြ
သူ နိုင်းလိုက်တဲ့အကြောင်းကို ပြောပြလိုက်တယ်၊ ဖေဖေက 'ဒါဟာ
ထန်းလုံအဖွဲ့ရဲ့ အထွတ်အမြတ်ပစ္စည်းပဲကွ၊ ပေးစမ်း' လို့ပြော



သေတ္တာကို ဆွဲယူလိုက်တယ်''

''ကျုပ်အဖေဟာ ဒီသေတ္တာကလေးနဲ့ အတော်ကလေး ရင်းနှီး
ကျွမ်းဝင်ဟန်ရှိပါတယ်၊ ကိုင်ပုံတွယ်ပုံက တော်တော်လေး ကျွမ်းကျင်ပါ
တယ်၊ ဒီအချက်ဟာ တကယ်တော့ သိပ်အံ့ဩစရာမရှိပါဘူးဗျာ''

''ဘာဖြစ်လို့လဲဆိုတော့ ဘဘကြီးထန်ကွေ့နုံးနဲ့ ကျုပ်အဖေဟာ
ငယ်မတန်ရင်းနှီးခင်မင်နေကြလို့ပါပဲ၊ ဘဘကြီး ထန်ကွေ့နုံးက ဒီသေတ္တာ
ကို ကျုပ်အဖေကို ပြဖူးမှာ သေချာပါတယ်''

''ကျုပ်အဖေက သံသေတ္တာဘေးမှာ မြှားကလေးတွေပါတဲ့
အကြောင်း ကျုပ်ကို ရှင်းပြပါတယ်၊ 'ဒီသေတ္တာက လျှို့ဝှက်ခလုတ်လေး
တွေ ရှိတယ်ကွ၊ အဲဒီ လျှို့ဝှက်ခလုတ်ကို မသိလို့ကတော့ မင်းဒီသေတ္တာကို
ဘယ်လိုမှ ဖွင့်လို့မရဘူး'

'ကဲ.....ဒီမှာကြည့် ငါဖွင့်ပြမယ်' လို့ပြောပြီး သံသေတ္တာကလေး
ကို ဖွင့်လိုက်ပါတယ်၊ သံသေတ္တာအဖုံးကလေးဟာ ချောက်ခနဲ
ပွင့်သွားတယ်၊ ကျုပ်နဲ့ ကျုပ်ဖေဖေဟာ တစ်ယောက်မျက်နှာတစ်ယောက်
ပါးစပ် အဟောင်းသားနဲ့ ကြည့်မိကြတယ်''

''ကျုပ်တို့ မအံ့ဩဘဲ နေကြမလားဗျာ၊သံသေတ္တာထဲမှာ ဘာဆို
ဘာမှမရှိတာဘဲဥစ္စာ၊ ဗလာသက်သက် သံသေတ္တာကလေးကို ကျုပ်
တို့ထဲ ထည့်ပေးလိုက်တာပဲဗျ၊ 'ဒါ ဘာသဘောလဲကွ'လို့ ကျုပ် အဖေက
ကျုပ်ကို ပြန်မေးပါတယ်၊ နောက်ပြီး ဆက်ပြောသေးတယ်''

'ဒီသေတ္တာထဲမှာ ဓားတစ်လက် ရှိရမယ်ကွ၊ ရှေးဟောင်းဓား

www.burmeseclassic.com

www.burmeseclassic.com



တစ်လက် ရှိကိုရှိနေရမယ်၊ အခုဘာဖြစ်လို့ ရှိမနေရတာလဲ၊ တစ်ခုခုတော့ မှားနေပြီ'လို့ ပြောပါတယ်''

''ကျုပ်လဲ အဲဒီအခါကျတော့ သဘောပေါက်သွားပြီပေါ့ဗျာ၊ ဘဘကြီးထန်ကွေ့နုံးဟာ ဒီသံသေတ္တာထဲကဓားကိုထုတ်ပြီး တစ်နေရာမှာ မြေမြှုပ်ထားမယ်၊ ကျုပ်ကို ဓားမပါတဲ့ သေတ္တာလွတ်ကိုပေးပြီး တစ်နေရာမှာ မြေမြှုပ်ခိုင်းမယ်၊ ကျုပ်သွားမယ့် ခရီးလမ်းတစ်နေရာရာမှာ အစောင့်တွေ ချထားမယ်၊ ကျုပ်ဆီက သံသေတ္တာကို ပြန်တောင်းခိုင်းမယ်''

''ဒီသံသေတ္တာထဲမှာ ဓား ပါမလာတာတွေ့ရင် ဓားကို ခိုးထားဖို့၊ ပြန်ထုတ်ပေးဖို့ တောင်းမယ်၊ မပေးနိုင်ရင် ဓားခိုးတဲ့တရားခံ ကျုပ်ကို အသေသတ်ကြမှာပေါ့ဗျာ၊ တကယ်လို့ သနားသဖြင့် မသတ်ဘူး ဆိုရင်လဲ သူ့သမီးနဲ့ စေ့စပ်ထားတဲ့ကိစ္စက အလိုလိုပျက်သွားပြီပေါ့ဗျာ တော်တော့်ကို အကွက်စေ့စေ့ စီစဉ်ထားတဲ့ အစီအမံပါပဲဗျာ''

''နောက်ပိုင်းကိစ္စတွေကိုတော့ ခင်ဗျားတို့ စဉ်းစားလို့ရမှာပေါ့ ချောင်ယွင်ချီဟာ သူ့သားမက် ဖြစ်တော့မှာပေါ့ဗျာ၊ အဘိုးကြီးဟာ အတော်လည်တယ်ဗျ၊ ကျုပ်ဆီမှာ လက်နက်တွေ ပါလာတယ်လို့ သိသွားတဲ့အခါမှာ ကျုပ်ကိုတောင် မြှောက်ပြောလိုက်သေးတယ်''

''ချောင်ယွင်ချီဟာ မင်းဆီက နည်းနည်းလောက် အတုယူရင် ကောင်းမယ်ကွ၊ ဒီကောင်ဟာ ဘာမှ သောက်သုံးကျတဲ့ကောင် မဟုတ်ဘူး' လို့ ပြောခဲ့ပါတယ်၊ ဒါဟာ ဝမ်းထဲက ပါတဲ့စကားမဟုတ်မှန်း ကျုပ် သိသွားပါတယ်''



''ကျုပ်ဟာ အဲဒီတုန်းက ချောင်ယွင်ချီကို လုံးဝ မစဉ်းစားမိသေးပါဘူး။ အခုမှ စဉ်းစားမိတာပါ၊ ကျုပ်အဖေကတော့ ဘာမှ မစဉ်းစားမိပါဘူး။ ကျုပ်က ထန်ချင်ဝင်းအကြောင်း မပြောဘဲ မြုပ်ထားတာကိုးဗျ''

ထောင်ကြည်အန်းသည် ရှည်လျားစွာ ပြောနေရာမှာ ရုတ်တရက် ထရပ်လိုက်သည်။ သူ့စကားရပ်စဉ်မှာပင် ချောင်ယွင်ချီက ရုတ်တရက် ဝုန်းခနဲ ထရပ်လာပြန်လေသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃

မြုပ်ကွယ်သည့် စကားထ

ချောင်ယွင်ချီက တစ်ပြန်တစ်လှည့် အငြိုးကြီးကြီးဟန်ဖြင့်

"ဟေ့.....မင်းလောက် ယုတ်မာတဲ့ကောင်တော့ ဒီလောက မရှိတော့ဘူးကွ"

ထောင်ကြည်အန်းက.....

"ဘာပြောတယ်ကွ၊ သူခိုးက လူလူဟစ်တယ်ဆိုတာ မင် အစစ်ကွ"

"အောင်မယ်.....မင်းက ငါတို့ရဲ့ ကျေးဇူးရှင်ဆရာကြီးကို သတ်တယ်၊ ငါတို့ ထန်းလုံအဖွဲ့က အထွတ်အမြတ်ထားတဲ့ဓားကို ခိုးယူတယ်၊ မဟုတ်မဟာ် လုပ်ဇာတ်တွေကိုလဲ ပြောသေးတယ်၊ မင်း တာတွေကို ဒီခန်းမထဲက အသိဉာဏ်ရှိတဲ့လူတွေ မပြောနဲ့ သုံးနှစ်သ



ကလေးကတောင် ယုံမှာမဟုတ်ဘူးကွ"

ထောင်ကြည်အန်းက ဒေါသတကြီး ပြောလိုက်၏။

"ဘဘကြီးထန်ကွေနုံးကို သတ်တယ်လို့ မင်းက စွပ်စွဲရဲသလား။ ဟေ့ကောင်.....မှတ်ထား။ ညီမလေး ထန်ချင်ဝင်းရဲ့မျက်နှာကို ထောက် ထားပြီး ဘဘကြီးထန်ကွေနုံးကို ငါက စိတ်နဲ့တောင် မပြစ်မှားခဲ့ဘူးကွ"

ချောင်ယွင်ချီက အားပါးတရ ရယ်မောတော့၏။

"ဟားဟားဟား.....မင်းကတော့ အငြိုးအဖြန်းမှာ ကရောဇ်ပဲ၊ ဆရာကြီးထန်ကွေနုံးကတော့ သေရွာက ထလာပြီး မင်းကို လာမစွပ်စွဲ နိုင်ပေမယ့် ဆရာကြီးထန်ကွေနုံးကို မင်း သတ်ကြောင်း အထောက် အထားတွေ ငါ့မှာ ရှိတယ်ကွ"

ထောင်ကြည်အန်းမှာ မျက်နှာတစ်ခုလုံး နီရဲလျက် ယမ်းပုံမီးကျ သလိုထွက်နေလေတော့သည်။

"ဟေ့ကောင်.....လူယုတ်မာ၊ သူများချစ်သူကို နောက်ဖေး ပေါက်က ဝင်ခိုးတဲ့ကောင်၊ ပြောစမ်း၊ မင်းမှာ ဘာသက်သေတွေ ရှိသလဲ ပြစမ်း။ အခု မြန်မြန်ထုတ်ပြစမ်း"

ချောင်ယွင်ချီက ဟစ်၍ရယ်သည်။

"ဘာကွ၊ မင်းက အခုမှ ကြောက်နေပြီလား။ ငါက ဘာဖြစ်လို့ သက်သေအထောက်အထားတွေကို ခပ်မြန်မြန်ထုတ်ပြရမှာလဲ၊ မင်း ကိုမှအမိန့်ပေးနေစရာ မလိုဘူး၊ ငါပြချင်တဲ့အချိန် ငါပြမယ်၊ ဒါပဲ"

ထောင်ကြည်အန်းသည် ချောင်ယွင်ချီအား တိုက်ခိုက်တော့သည်

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ ခြေလှမ်းပြင်ပြီး ဖြစ်နေသည်။

ထောင်ပိုင်စွေ့သည် သားဖြစ်သူအား ရုတ်တရက် ဝင်ထိ
လိုက်၏။

\+ + +

သားဖြစ်သူအား နားရှုသည်။ ပျောင်းဖျသည်။ ချွေးနွေးသည်
"ဟော့.....ဒီလူယုတ်မာနဲ့ဖက်ပြီး ငြင်းမနေစမ်းနဲ့သား
မင်းပြောစရာရှိတာကိုသာ ပြောပါ။ ဒီလူယုတ်မာရဲ့ ဇာတ်ကြောင်း
အားလုံးရှင်းမှ ဘယ်သူ လူလဲ၊ ဘယ်သူ သရဲလဲဆိုတာ ရှင်းမယ်"

ထောင်ကြည်အန်းသည် သူ့ကိုယ်သူ ထိန်းချုပ်လိုက်ပြီး မြေ
ယိုလန်နှင့် မျက်ခုံးဖြူပေါင်စုတို့အား တစ်လှည့်စီ ကြည့်လိုက်၏။

"ပရိသတ်များခင်ဗျား.....ဟောဒီက ချောင်ယွင်ချီဟာ ကျ
ပြောနေတဲ့စကားတွေကိုဝင်ပြီး အနှောင့်အယှက်ပေးနေပါတယ်၊ ဒီလို
ဝင်ပြီးနှောင့်ယှက်နေမယ်ဆိုရင်တော့ ကျုပ် ဘာတစ်လုံးမှ ဆက်မပြေ
တော့ပါဘူး။ ထိုင်နေပါတော့မယ်"

ထောင်ကြည်အန်းသည် ပြောပြောဆိုဆိုဖြင့် ထိုင်ချလို
လေသည်။

မျက်ခုံးဖြူပေါင်စုသည် စားပွဲခုံကို လက်ဝါးဖြင့် ပြန်းခနဲ ရိုက်
ချောင်ယွင်ချီအား လှမ်းငေါက်လိုက်၏။

"ဟော့ကောင်.....ချောင်ယွင်ချီ၊ မင်း ငါ့ကို တောင်ပေါ
တွန်းချထားတာကို မေ့နေပြီလား။ မမေ့နဲ့ဟေ့ မမေ့နဲ့၊ ဒီအကြေ



ငါ ပြန်မဆပ်ရသေးဘူး။ မင်း ဒီလို ထထပြီး နှောင့်ယှက်နေရင်တော့
ငါ့ကြွေးကို ဆိုင်းမထားဘူးကွ၊ ခုချက်ချင်းပဲ ရှင်းပစ်မယ်"

မျက်ခုံးဖြူပေါင်စုက မျက်နှာထိ မျက်နှာထားဖြင့် ခြိမ်းခြောက်
ဟိန်းဟောက်လိုက်သဖြင့် ချောင်ယွင်ချီ ထိတ်လန့်သွားတော့သည်။

မထိတ်လန့်၍လည်း မဖြစ်ချေ။

တောင်ပေါ်တွင် တွန်းချသည့်ကိစ္စနှင့်ပတ်သက်၍ မျက်ခုံးဖြူ
ပေါင်စုအနေဖြင့် သူ့အပေါ် လုံးဝ အခဲကျေလိမ့်မည်မဟုတ်ကြောင်း
ချောင်ယွင်ချီ ကြိုတင်ရိပ်မိပြီးဖြစ်၏။

သို့သော်.....

ပေါင်စုသည် အကြောင်းကြောင်းကိုထောက်၍ ထိုဇာတ်ကြောင်း
ကို ပြန်မဖော်ဘဲ အသာငြိမ်နေခဲ့သည်။

ယခုအခါတွင်မူ သူ့ဝမ်းထဲ၌ ရှိနေသည့် အကျိတ်အခဲကို
မကွယ်ဝှက်နိုင်တော့ဘဲ တိုက်ရိုက်ကြီး ထုတ်ဖော်ပြောဆိုလိုက်တော့သည်။

ချောင်ယွင်ချီ လုံးဝ ငြိမ်သက်သွားသောအခါမှ **ထောင်ကြည်**
အန်းက သူ့စကားကို ပြန်ဆက်သည်။

"အခြေအနေ သိပ်မဟန်တော့ဘူးဆိုတာကို ကျုပ်သိလိုက်ရ
တော့ ဒီသံသေတ္တာလေးကို ဘာဘကြီးထန်ကွေနုံးပြောသလို မဟာ
တံတိုင်းကြီးအပြင်ဘက်အထိ ဘယ်သွားမြှုပ်ရဲတော့မလဲဗျာ၊ ခင်ဗျားတို့
ကျုပ်နေရာကို စိတ်နဲ့မှန်းပြီး ဝင်ကြည့်စမ်းပါဦး၊ ခင်ဗျားတို့ ဆိုလဲ
သွားရဲတော့မှာ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



''ဒါနဲ့ ကျုပ်လဲ 'ကျုပ်အဖေကို တိုင်ပင်ရတယ်၊ 'အဖေ ကျုပ်တော့ ဒီသံသေတ္တာကို သူပြောသလို သွားမပို့တော့ဘူးဗျာ၊ သူ့လက်ထဲပဲ ပြန်အပ်လိုက်တော့မယ်'လို့ ကျုပ်အဖေကလဲ သဘောတူပါတယ်''

''ကျုပ်လဲ ဘာမှပြောမနေတော့ဘူး။ ဘဘကြီးထန်ကွေ့နုံးရဲ့ အခန်းရှိရာကို တဟုန်ထိုး ပြန်ပြေးတော့တာပဲ၊ အခန်းရှေ့ရောက်တော့ တံခါးပိတ်ထားပြီဗျို့၊ ဒါနဲ့ အိမ်အောက်ကိုဆင်းပြီး ပြတင်းတံခါးကို ကြည့်တယ်၊ ပြတင်းတံခါးလဲ ပိတ်ထားတယ်''

''အခြေအနေ မဟန်တော့ဘူးဆိုတာ ကျုပ် ရိပ်မိပြီလေ၊ အိမ်ပေါ်ပြန်ပြေးတက်ပြီး တံခါးကို ထုတော့တာပေါ့၊ 'ဖေဖေကြီး ဖေဖေကြီး' လို့လဲ ခေါ်မိပါတယ်၊ အခန်းထဲက တုံ့ပြန်သံ လုံးဝ မကြားရဘူးဗျာ၊ တကယ့်ကို မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်စရာ အခြေအနေပါပဲ''

''ဘဘကြီးထန်ကွေ့နုံးဟာ သိုင်းပညာမှာ တစ်ဘက်ကမ်းခတ်တဲ့ ထိပ်ခေါင်တင်ကြီးပါပဲဗျာ၊ ကျုပ် ဒီလောက်အော်နေမှတော့ မကြားဘဲ ရှိပဲ့မလား။ ဒီလိုပုဂ္ဂိုလ်ကြီးမျိုးဟာ အသက်ရှူသံကြားတာနဲ့ အိပ်ရာက လန့်နိုးလာအောင် သတိရှိတဲ့လူမျိုးတွေပါပဲ''

''ကျုပ်ဟာ အဲဒီတုန်းက တော်တော်ငယ်ပါသေးတယ်၊ အတွေ့အကြုံကလဲ သိပ်မရှိတော့ ကြောက်လဲကြောက်တတ်ပါတယ်၊ ကျုပ်ဟာ တံခါးကိုပုတ်ရင်း ဘေးဘီကို ကျီးကန်းတောင်းမှောက် လျှောက်ကြည့်မိတယ်၊ မှောင်ရိပ်တွေထဲကနေ ထန်းလုံးအဖွဲ့သားတွေ ငါ့ကိုချောင်းနေပြီလား။ ငါ့ကို ဝိုင်းဖမ်းတော့မလားဆိုပြီး သိပ်ကို ထိတ်လန့်နေမိပါတယ်''



''ကျုပ်ဟာ သတိရပြီး တံခါးကို ပခုံးနဲ့ တွန်းလိုက်တယ်၊ တံခါးမှာ မင်းတုပ် ထိုးမထားတော့ လွယ်လွယ်နဲ့ပဲ ပွင့်သွားတယ်ဗျ၊ အခန်းထဲမှာလဲ မှောင်နေတာပဲဗျာ၊ ဒါနဲ့ ကျုပ်လဲ ကပျာကယာ မီးခြစ်ရှာရတယ်၊ မီးအိမ် ဘယ်နေရာမှာ ရှိတတ်တယ်ဆိုတာလဲ သိတော့ မီးတွေ့းတာ သိပ်မကြာပါဘူး။ မီးလင်းလို့ ကုတင်ပေါ်လဲ ကြည့်လိုက်ရော ကျုပ်မျက်လုံးတွေ ပြူးသွားတော့တာပါပဲဗျာ''

''သေပုံကိုလဲ ကြည့်ပါဦးဗျာ၊ ဓားနဲ့ တုတ်နဲ့၊ လက်ဝါးနဲ့သေတာ မဟုတ်ပါဘူး။ ရင်ဝမှာ မြားတန်းလန်းစိုက်ပြီး သေနေတာပါ၊ မြားကလဲ ကြည့်ဦး။ ကျုပ် အမြဲတမ်း သုံးစွဲနေကျ ငှက်မွေးတပ်မြား ဖြစ်နေတယ်၊ ကဲ.....ကောင်းရောပေါ့''

''တစ်ခုထူးခြားတဲ့အချက်ရှိတယ်၊ ဘာလဲဆိုတော့ ဘဘကြီးထန်ကွေ့နုံးရဲ့မျက်နှာဟာ တစ်စုံတစ်ခုကို အကြီးအကျယ် ထိတ်လန့်ကြောက်ရွံ့နေပုံမျိုး တွေ့ရတယ်၊ သူဟာ မသေခင်ထိတ်လန့်ကြောက်ရွံ့စရာ တစ်ခုခုကို တွေ့မြင်သွားခဲ့ပြီဆိုတာကို ကျုပ် ရိပ်မိလိုက်ပါတယ်''

''ကျုပ်ဟာ လူသတ်တရားခံ ဘယ်သူဖြစ်နိုင်မလဲဆိုတာ တွေးပြီး ပြတင်းပေါက်နားမှာ သဲလွန်စ ရှာတယ်၊ နောက်ပြီး ကျုပ်ဝင်ခဲ့တဲ့ တံခါးဝနားမှာ ရှာတယ်၊ ကုတင်ပတ်ဝန်းကျင်မှာ ရှာတယ်၊ ဘာသဲလွန်စမှ မတွေ့ပါဘူး။ ဒီအချိန်မှာပဲ အခန်းအပြင်ဘက်က လျှောက်လာတဲ့ ခြေသံသဲ့သဲ့ကို ကြားလိုက်ရတော့တယ်၊ ကျုပ်အတွက် တစ်ခုခံသာတာက ဒီခြေသံဟာ ကျုပ်ရှိနေတဲ့ အခန်းဘက်ကို မလာတာပဲ''

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်ဟာ မီးအိမ်ကလေးကိုကိုင်ပြီး ကုတင်ပေါ်ကိုကြည့်လိုက်တယ်၊ ကျွန်ုပ်ဟာ လူဆိုးသူခိုးပါ၊ ဘုရားတရားဆိုတာ နားမလည်ပါဘူး၊ ဒါပေမယ့်ဗျို့ ဒီတစ်ကြိမ်မှာတော့ ဘုရားတပြီးကို လန့်သွားတာပါပဲ၊ မလန့်ဘဲ ဘယ်ရှိပါ့မလဲဗျာ"

ထောင်ကြည်အန်းသည် စကားကို ဆက်မပြောတော့ဘဲ ရပ်ပစ်လိုက်ရလေသည်။

နားထောင်နေကြသူများမှာ သိချင်စိတ်ကြောင့် ရိုးတိုးရွတ ဖြစ်လာ၏။

ထောင်ကြည်အန်းကို ပွဲတောင်းနေကြသည်။ သည်းမိုစရာတွေ တနင့်တပိုး ကြားချင်ကြသည်။

♛ ♛ ♛



အခန်း (၃၃)

ရင်ခွင်ပိုက် သည်းချောငယ်

"ခင်ဗျားတို့ စဉ်းစားကြည့်ကြစမ်းပါ၊ ကျွန်ုပ် ဘာတွေ တွေ့လိုက်သလဲဆိုတာကို ကျွန်ုပ်ကုတင်ပေါ်မှာ တွေ့လိုက်ရတာတွေကတော့ ခါးကြီးတစ်လက်ရယ်၊ ကလေးအလောင်းကလေး တစ်လောင်းရယ်ပါပဲ"

နားထောင်နေသူများမှာ ဟာခနဲ ဖြစ်သွားကြရသည်။

ထောင်ကြည်အန်းက ဆက်ပြောသည်။

"ကျွန်ုပ် အကြီးအကျယ် ထိတ်လန့်ခဲ့ပါတယ်၊ ဒါပေမယ့် သတိလက်လွှတ်တော့ မဖြစ်ပါဘူး၊ ဒီဓားရဲ့တန်ဖိုးကို တိတိကျကျ မသိပေမယ့် ဒီဓားအတွက် လူတွေအတော်များများ ရုတ်ရုတ်သဲသဲ ဖြစ်နေကြတယ်ဆိုတာ သိတော့ ဒီဓားရဲ့တန်ဖိုးဟာ မသေးဘူးဆိုတာတော့ ခန့်မှန်းမိပါတယ်၊ ဒီတော့ ကုတင်ပေါ်ကဓားကို ကောက်ဆွဲလိုက်မိတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဟာ စားခွဲပြီး အခန်းဝက ပြန်ထွက်မယ်ကြံလိုက်တော့ ပထမအကြိမ် ကျုပ် ဒီအခန်းထဲ ဝင်လာစဉ်တုန်းက ဘဘကြီး ထန်ကွေ့နုံး စာတစ်စောင် ဖတ်နေတယ်ဆိုတာကို သတိရလိုက်မိတယ်၊ ဒီစာဟာ အရေးပါတဲ့စာ ဖြစ်မယ်ဆိုတာကို ကျုပ် ခန့်မှန်းမိတယ်"

"ဒါနဲ့ ပြန်လှည့်ဝင်ပြီး စောင်အောက်ကို လျှောက်စမ်းကြည့်တယ်၊ တွေ့တာပါပဲ၊ ကျုပ်ဟာ ဒီစာကို ရင်ဘတ်ထဲ ကမန်းကတန်း ထိုးထည့်လိုက်တယ်၊ အဲဒီအချိန်မှာ စာဖတ်လို့ မဖြစ်ဘူးဆိုတာ ခင်ဗျား တို့လဲ ရိပ်မိမှာပေါ့၊ အချိန်ကိုလုပြီး အလုပ်လုပ်နေရတာပါ"

"ကျုပ်ဟာ အခန်းထဲကထွက်ဖို့ တံခါးဝကို ထွက်လာမိပြန်ရော ဗျ၊ အခန်းဝရောက်မှ ဘဘကြီးထန်ကွေ့နုံးရဲ့ရင်ဝမှာ စိုက်နေတဲ့ ငှက်မွေး တပ်ထားတဲ့ ကျုပ်မြားကို သတိရမိပြန်ရောဗျ"

"ဒါနဲ့ ကမန်းကတန်း ပြန်ဝင်ပြီး ငှက်မွေးတပ်မြားကို ဆွဲဖြုတ် ယူဖို့ ကြံရပြန်ပါတယ်၊ ဒီမြားသာ ဒီအတိုင်း ကျန်ခဲ့ရင် ထန်းလုံအဖွဲ့သား တွေအားလုံးက လူသတ်တရားခံအဖြစ် ကျုပ်ကို စွပ်စွဲမှာ သေချာလှပါ တယ်ဗျာ၊ ဒီလို ငှက်မွေးတပ်မြားမျိုးကို ကျုပ်တစ်ယောက်ပဲ သုံးတယ် ဆိုတာ လူတိုင်း သိနေကြတာကိုးဗျ"

"မြားတံကို နုတ်ယူမယ်လို့ လက်လှမ်းရုံရှိသေးတယ်၊ ကျုပ် အခန်းဆီကို ဖြည်းဖြည်းငြိမ်ငြိမ်း လျှောက်လာတဲ့ ခြေသံတွေကို ကြား လိုက်ရတော့တာပါပဲဗျာ၊ ဒီတော့ ကျုပ် ဘာလုပ်ရမလဲ၊ မြားကို ဘယ် နုတ်နိုင်တော့မလဲဗျာ၊ မီးအိမ်ကို ပစ်ချပြီး ကုတင်အောက်ကို ကမန်း



ကတန်း ဝင်လိုက်ရတော့တာပေါ့"

"ကုတင်အောက်မှာ လုံးဝ မလှုပ်ရဲတော့ပါဘူးဗျာ၊ အသက် တောင် ရဲရဲမရှူဝံ့တော့ဘူး ဆိုပါတော့၊ ဝင်လာတဲ့လူကတော့ သုံး ယောက်တောင်ဗျ၊ သူတို့ကတော့ တစ်ခြားလူတွေ မဟုတ်ပါဘူး၊ ဦးလေးယွမ်စစ်ကျူး၊ ချောင်ယွင်ချီနဲ့ ကျိုးယွင်ကနဲ့တို့ပဲ ဖြစ်ပါတယ်ဗျာ"

"ဝင်ဝင်လာချင်း ဦးလေးယွမ်စစ်ကျူးက 'အစ်ကိုကြီး'လို့ အခန်းထဲကို လှမ်းခေါ်တယ်၊ ဘဘကြီးထန်ကွေ့နုံးကို ဦးလေးယင်ကြည့် ရော၊ ဦးလေးယွမ်စစ်ကျူးရော 'အစ်ကိုကြီး'လို့ပဲ ခေါ်ကြပါတယ်၊ ကျုပ်အဖို့တော့ အကြီးအကျယ် ချောက်ကျတာပဲပေါ့ဗျာ"

"သူတို့ အထဲဝင်လာရင် ဘဘကြီးထန်ကွေ့နုံးရဲ့အလောင်းကို တွေ့မယ်၊ တွေ့ရင် ဘယ်သူတွေ လုပ်ကြသလဲဆိုပြီး ရှာကြဖွေကြမယ်၊ ဒီအခါမှာ ကုတင်အောက် ပုန်းနေတဲ့ကျုပ်အဖို့ သေရုံပဲ ရှိတော့တာ ပေါ့ဗျာ"

"ကျုပ်က ထွက်ပြေးမယ်လို့ ကြံနေတုန်း ရှိသေးတယ် လက်တစ်ဘက်ကို သွားထိမိတယ်ဗျ၊ ဘုရားရေ၊ ငါ့အရင် ကုတင် အောက်ကို ဝင်ပုန်းနေတဲ့လူလဲ ရှိနေပါပေါ့လားလို့ သိလိုက်ရတော့ ကျုပ် သိပ်ပြီး ထိတ်လန့်သွားမိပါတယ်ဗျာ၊ ကျုပ် အော်မိမလို ဖြစ်သွားတုန်းမှာပဲ ဖြုန်းဆို အကြောကိုင်ခံလိုက်ရတယ်ဗျ၊ ကျုပ်လဲ မအော်နိုင်တော့ဘူး"

"ကျုပ်ကတော့ အင်း.....ငါတော့ ကံဆိုးပြီ၊ ဆီပူအိုးထဲက ပူတယ်ဆိုပြီး မီးပုံပေါ်ခုန်ချတဲ့လူလို ဖြစ်နေခဲ့ရပါပြီကောလို့ စိတ်ထဲက

www.burmeseclassic.com

www.burmeseclassic.com



ညည်းညူမိတယ်ဗျာ၊ တော်သေးတာပေါ့၊ ကုတင်အောက်ရောက်နေတဲ့ လူက ကျုပ်လက်ဝါးထဲမှာ စာရေးပြတယ်ဗျ၊ ဒါတို့ အတူတူထွက်ပြေးကြမယ်တဲ့''

''ဟား.....ကျုပ်စိတ်ထဲမှာ ဝမ်းသာလိုက်တာဗျာ၊ တော်သေးတာပေါ့၊ ကုတင်အောက်ရောက်နေတဲ့လူကလဲ ကျုပ်လို ထွက်ပြေးမယ်ကြံနေတဲ့လူကိုးဗျ၊ နောက်တော့ သူက ကျုပ်အကြောင်းကို မေးပြသဗျ၊ ဒီအချိန်မှာပဲ ဦးလေးယွမ်စစ်ကျူးက မီးအိမ်ကို ကိုင်မြှောက်ပြီး ကုတင်ဆီကို လာနေပါတယ်၊ 'ချွမ်း' ဆိုတဲ့ အသံနဲ့အတူ မီးအိမ်က မှန်တွေကွဲသွားတယ်၊ တစ်ခန်းလုံးလဲ မှောင်ကျသွားတယ်၊ ကျုပ်လဲ ရိုပ်မိလိုက်ပါတယ်၊ ကုတင်အောက်ရောက်နေတဲ့ လူစိမ်းဟာ မီးအိမ်ကို လက်နက်ပုန်းနဲ့ လှမ်းပစ်လိုက်ပြီလို့''

♛ ♛ ♛



အခန်း(၃၄)

ဘယ်သူဘယ်ဝါ

ထိတ်သည့်ထက် ထိတ်၊ ဖိုသည့်ထက် ဖို၊ ပို၍ပို၍ သိချင်လာကြသဖြင့် ထောင်ကြည်အန်းက ဆက်ပြောရပြန်သည်။

''တစ်ပြိုင်တည်းလိုလိုမှာပဲ ကျုပ်လက်ထဲကဓားဟာ လွတ်ထွက်သွားတယ်၊ လူစိမ်းက လှယူပြီး အပြင်တိုးထွက်သွားတယ်ဗျ၊ ကျုပ်လဲ ဘယ်နေသာတော့မလဲ၊ ကုတင်အပြင်ကို လိမ့်ထွက်ပြီး သူ့နောက်က တဟုန်တိုး လိုက်ရတော့တာပေါ့''

''ကျုပ်တို့က မပြေးခင်ကတည်းက တံခါးပေါက်ရှိရာကို မှန်းဆထားပြီး ဖြစ်နေတော့ ကျုပ်တို့ ထွက်ပြေးတဲ့အခါမှာ ဘာမှ အခက်အခဲ မရှိပါဘူး။ ဦးလေးယွမ်စစ်ကျူးတို့ အုံ့ညြပြီး မှင်တက်မိပြီး ငေးကြောင်နေတာကလဲ ကျုပ်တို့အတွက် အခွင့်အရေး ဖြစ်သွားတာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ''

''ဦးလေးယွန်စစ်ကျူးဟာ ဘယ်လောက်ပဲ အငိုက်မိမိ၊ လူသာ အငိုက်မိတယ်၊ ပညာကတော့ အငိုက်မမိပါဘူး။ ကျုပ်ရှေ့က ပြေးထွက်သွားတဲ့ ဟိုလူကို လက်ဝါးကြီးနဲ့ ဖြန်းခနဲ ရိုက်ဖြစ်အောင် ရိုက်လိုက်သေးတယ်ဗျ''

''ဒါပေမယ့် ကျုပ်ရှေ့ကလူက လွတ်အောင် ရှောင်ထွက်သွားနိုင်တယ်၊ ကျုပ်လဲ ကျုပ်အဖေဆီအရောက် ပြေးရတော့တာပေါ့ဗျာ၊ ကဲ.....ခင်ဗျားတို့ ဒါဆိုရင် နားလည်လောက်ပါပြီ၊ ထန်းလုံအဖွဲ့ဟာ ကျုပ်တို့အပေါ် ဘာကြောင့် လူသတ်တရားခံလို့ စွပ်စွဲကြတယ်ဆိုတာကို။

''ဇက်မွေတပ်ပြားတစ်စင်းလုံး ရင်ဝမှာ တန်းလန်းကြီး ဖြစ်နေမှတော့ ကျုပ်ကို မစွပ်စွဲဘဲ ဘယ်နေကြလိမ့်မလဲဗျာ၊ ဘဘကြီးတန်ကွေ့နုံးကို ဘယ်သူ သတ်တယ်ဆိုတာကို သိနိုင်တဲ့ လူတစ်ယောက်တော့ ရှိတယ်ဗျ''

''ဒီလူဟာ ကျုပ်အရင် ကုတင်အောက်ကို ရောက်နေခဲ့တဲ့ လူပဲပေါ့၊ ဒီလူကသာ ဘဘကြီးထန်ကွေ့နုံး ဘာကြောင့် သေရတယ်ဆိုတာ တပ်အပ်သေချာ သိနိုင်ပါလိမ့်မယ်၊ ကျုပ်ကလဲ ကံကောင်းထောက်မပြီး အဲဒီလူရဲ့မျက်နှာကို မှတ်မိလိုက်ပါတယ်''

တောင်ကလပ်ထိပ်၌ နှင်းမှုန်များတဖွဲဖွဲကျနေဆဲသာဖြစ်သည်။

ချမ်းအေးမှုသည် တောင်ကလပ်တစ်ခုလုံးကို လွှမ်းခြုံနေသဖြင့် အအေးဓာတ်သည် ခန်းမကြီးထဲသို့ ဝင်ရောက်လျက်ရှိလေသည်။



သို့သော်.....

ခန်းမထဲရှိ လူများမှာ အဆင့်မြင့်သိုင်းသမားများ ဖြစ်ရုံမျှမက ထောင်ကြည်အန်းပြောနေသည့် အကြောင်းအရာထဲ၌ အလွန်တရာ စိတ်ဝင်စားနေကြသဖြင့် အေး၍အေးမှန်း မသိဘဲ ဖြစ်နေကြသည်။

ထောင်ကြည်အန်းသည် သူ့စကားကို ခေတ္တဖြတ်လိုက်ပြီး အိတ်ထဲသို့လက်လျှိုနှိုက်လိုက်သောအခါ ကျန်လူများကပါ စိတ်ပါဝင်စားမှု စောင့်ကြည့်နေကြသည်။

ငထောင်ကြည်အန်းက.....

''ခင်ဗျားတို့ကို အင်မတန်အရေးကြီးတဲ့ သက်သေပစ္စည်းတစ်ခုကို ပြစရာရှိတယ်''

သူသည် ရင်ဘတ်အတွင်းမှ ပိုးချည်ဖြင့် ရက်လုပ်ထားသော အိတ်ရှုံ့ကလေးတစ်လုံးကို ဆွဲထုတ်လိုက်သည်။

ရောင်စုံပိုးချည်မျှင်ကလေးများဖြင့် ရက်လုပ်ထားသဖြင့် အလွန်တရာလှပနေကြောင်း ခန်းမထဲမှ လူအားလုံး သတိပြုမိကြသည်။

ချောင်ပွင်ချီမှာမူ ထိုလူစုထဲ၌ လှုပ်လှုပ်ရှားရှား အလုပ်ဆုံးလူ ဖြစ်နေသည်။

အဘယ်ကြောင့်ဆိုသော် ထိုပိုးအိတ်ကလေးသည် ထန်ချင်ဝင်း၏ အိတ်ကလေးဖြစ်နေသည်ကို သူ သိသောကြောင့် ဖြစ်ပေသည်။

''ဟော့ကောင်.....သူခိုး၊ မင်းဟာ ထန်းလုံအဖွဲ့ရဲ့ အရေးပါတဲ့ ပစ္စည်းတွေအားလုံးကို ခိုးရုံတင်မကဘူး ထန်ချင်ဝင်းရဲ့အိတ်ကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ပါ နိုးထားရသလား''

ထောင်ကြည်အန်းက ဟက်ဟက်ပက်ပက်ရယ်လေ၏။

''ဟားဟားဟား..... အဲဒီလိုမေးမှ မေးပေါ့မလားလို့ ကျုပ်က စိုးရိမ်နေတာ။ ဒီအိတ်ဟာ ညီမလေး ထန်ချင်ဝင်းက ကျုပ်ကိုလက်ဆောင် ပေးထားတဲ့အိတ်ဗျ။ ကျုပ်ဟာ သူ့ကို မြတ်နိုးလွန်းလို့ ဒီအိတ်ကလေးကို ကိုယ်နဲ့မကွာ အမြဲသိမ်းဆည်းခဲ့ပါတယ်''

ချောင်ယွင်ချီမှာ ငြိမ်သက်သွားရလေတော့၏။

+ + +

အောင်ပွဲရစစ်သူကြီးပမာ ထောင်ကြည်အန်းသည် အိတ်ငယ်ကလေးအတွင်းမှ စာတစ်စောင် ထုတ်ယူလိုက်သည်။

ထိုစာရွက် မြင်လိုက်သည်နှင့် ခန်းမထဲမှ လူအားလုံးသည် ထန်ကွေ့နန်း၏စာရွက် ဖြစ်ကြောင်း နားလည်သိရှိလိုက်ကြသည်။

ထောင်ကြည်အန်းက.....

''ဟောဒီ စာရွက်ဟာ ဘဘကြီးထန်ကွေ့နန်းရဲ့စောင်အောက်က ရရှိခဲ့တဲ့ စာရွက်ပဲ ဖြစ်ပါတယ်၊ သခင်မလေးမြောင်ယိုလန်ကပဲ အားလုံး ကြားနိုင်အောင် ဖတ်ပြပါလို့ မေတ္တာရပ်ခံလိုပါတယ်''

ထောင်ကြည်အန်းသည် စကားဆုံးသည်နှင့် မြောင်ယိုလန်၏ လက်ထဲသို့ စာရွက်ကလေးကို လှမ်းထည့်ပေးသည်။

မြောင်ယိုလန်က စာရွက်ကလေးကို လက်ခံယူပြီး ဖြန့်လိုက်၏။ နက်မှောင်သော စာလုံးများသည် ဝါကျင်ကျင် စာရွက်ပေါ်၌



လွန်စွာထင်ရှားလှသည်။

''ကဲ.....ကျွန်မ ဖတ်ပြမယ်၊ အားလုံး နားထောင်ကြပါ''

သူမ မငြိမ်ခိုင်းမီကပင် လူအားလုံး နားရွက်မခတ်ရဲအောင် ငြိမ်နေကြ၏။ စာရွက်ပါ အကြောင်းအရာများကို သိချင်မိကြသည်ကိုး။

မြောင်ယိုလန်က စတင်ဖတ်ပြလေ၏။

'ဆရာကြီး ထန်ကွေ့နန်းခင်ဗျား..... သိုင်းလောကက အနားယူ တဲ့အတွက် ကျွန်တော် အထူးပဲ ကျေးဇူးတင်ရှိပါတယ်၊ ကျွန်တော် လေးစားစွာ ရှိခိုးကန်တော့လိုက်ပါတယ်ခင်ဗျာ'

ဟူဖေး

မြောင်ယိုလန်မှာ မျက်မှောင်ကြုတ်သွားသည်။

စာရွက်ပေါ်ရှိ လက်ရေးမှာ အလွန်တရာလှပသည်။

ခပ်စောစောပိုင်းက အမြွာညီနှောင် လာပေးသည့်စာပါ လက် ရေးနှင့် တစ်ထပ်တည်း တူညီနေသည်။

သူမသည် စဉ်းစားတွေးတောရင်း စာကို ယွမ်စစ်ကျုံးရှိရာသို့ ကမ်းပေးလိုက်လေ၏။

သူမသည် စိတ်ထဲမှ တိုးတိုးရေရွတ်လိုက်သည်။

''သူများ သတ်လိုက်မိတာလား''

ယွမ်စစ်ကျုံးသည် စာကိုဖြန့်၍ အသေအချာ စစ်ဆေးသည်။

ရှိစန်းဟူဖေး၏ လက်ရေးစစ်စစ်ဖြစ်သည်ကို သံသယရှိရန် မလိုကြောင်း ယွမ်စစ်ကျုံး ကောင်းစွာသိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် စာရွက်ကို အများမြင်သာအောင် ထောင်ပြပြီး.....

''အင်း.....ရှိစန်းဟူဖေးရဲ့ လက်ရေးအစစ်ပါပဲဗျာ၊ ကျုပ်တို့ဟာ အစဉ်တစိုက် ထောင်ကြည့်အန်းကို လူသတ်တရားခံအဖြစ် စွပ်စွဲခဲ့ကြတယ်၊ ကျုပ်တို့ အမှားကြီး မှားခဲ့ကြတာပေါ့ဗျာ၊ ဒီစာအရ ထောင်ကြည့်အန်းဟာ အစ်ကိုကြီးထန်ကွေနုံးကို သတ်တဲ့လူ မဖြစ်နိုင်တော့ပါဘူး''

ခုနစ်စင်ကြယ် ပွမ်စစ်ကျုံးသည် ရုတ်တရက် လိုပွမ်ဟို့ကို ကြည့်လိုက်ပြီး.....

''ကျုပ်တို့ ထောင်ကြည့်အန်းကို အထင်မှားခဲ့တဲ့ကိစ္စကိုတော့ အသာဘေးဖယ်ထားကြပေါ့ဗျာ၊ ထောင်ကြည့်အန်းနဲ့အတူ ဂူတင်အောက် ဝင်ပုန်းပြီး ကျုပ်တို့ကြားက ပြေးထွက်သွားတဲ့လူကိုတော့ အသာဘေးဖယ်ထားလို့ မဖြစ်ဘူးဗျ''

နားထောင်နေသူများသည် ပွမ်စစ်ကျုံး၏စကားကို နားမလည်နိုင်သလိုဖြစ်သွားကြသည်။

ပွမ်စစ်ကျုံးက လိုပွမ်ဟို့ကို ကြည့်ပြီးပြောနေသဖြင့် ဂူတင်အောက်၌ ဝင်ပုန်းနေသူမှာ လိုပွမ်ဟို့လေလားဟု ခန့်မှန်းတွေးတောနေကြသည်။

ပွမ်စစ်ကျုံးက.....

''ဘယ့်နှယ်လဲ လိုပွမ်ဟို့၊ ကျုပ်တို့ သုံးယောက်ကြားထဲက ဖောက်ထွက်သွားနိုင်တာတော့ ကျုပ် ချီးကျူးလို့ မဆုံးပါဘူးဗျာ''

---



ဤကဲ့သို့ တိုက်ရိုက်စွပ်စွဲလိုက်သံကိုကြားလိုက်ရသောအခါ အားလုံး ဟာယခနဲဖြစ်သွားကြသည်။

အခြားသူများကို မဆိုထားနှင့်၊ ချောင်ပွင်ချီနှင့် ကျိုးပွင်ကန့်တို့ပါ ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။

အကြောင်းမှုကား.....

+ + +

ယခင်တစ်ညာ။

သူတို့နှစ်ယောက်စလုံး ထိုညကို ကောင်းစွာ သတိရကြသည်။

သူတို့အခန်းထဲဝင်ပြီး မကြာမီ 'ချွမ်း'ခနဲ အသံမြည်လျက် မီးအိမ်ကွဲသွားသည်။

တစ်ခန်းလုံးလဲ မှောင်သွားသည်။

ထိုအချိန်၌ သူတို့ကြားမှ လူတစ်ယောက် ထိုးဖောက် ပြေးသွားသည်။

အဖွဲ့တူ ဦးလေးဖြစ်သူ ပွမ်စစ်ကျုံးက ထိုလူအား လက်ဝါးတစ်ချက်ရိုက်ထုတ်သည်။

ထိုလူက အံ့ဖွယ်ကောင်းလောက်အောင် အမှောင်ထဲ၌ ရှောင်ထွက်သွား၏။

ထိုလူ၏မျက်နှာကို ချောင်ပွင်ချီရော ကျိုးပွင်ကန့်ပါ လုံးဝ မမှတ်မိလိုက်ကြပါ။

သူတို့ အံ့ဩနေခိုက် နောက်ထပ် လူတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်ကြားမှ ထိုးဖောက်ထွက်ပြေးသွားပြန်သည်။

သူတို့သည် ရန်သူများနောက်သို့ လိုက်သင့်ကြောင်း သိသော်လည်း အဖွဲ့ချုပ်ခေါင်းဆောင်ကြီးဖြစ်သူ ထန်ကျွန်း၏ အခြေအနေကို စိုးရိမ်မိသဖြင့် ရန်သူများကို အလွတ်ပေးလိုက်ကြသည်။

ထိုစဉ်အခါက ရန်သူများ မည်သူဖြစ်သည်ကို ယွမ်စစ်ကျုံးကလည်း မပြောခဲ့ချေ။

သူတို့ကလည်း ယွမ်စစ်ကျုံးသည် သူတို့ကဲ့သို့ပင် မှောင်ထဲ၌ မမြင်နိုင်ဟု ထင်သဖြင့် မေးမြန်းစုံစမ်းခြင်းလည်း မပြုကြပေ။

ယခု ယွမ်စစ်ကျုံးက လိုယွမ်ဟိုအား တန်းတန်းမတ်မတ်ကြီး စွပ်စွဲနေသည်ကို တွေ့ရသောအခါတွင် သူတို့နှစ်ယောက်မှာ အံ့ဩမဆုံးနိုင်အောင် ဖြစ်နေကြရတော့သည်။

လိုယွမ်ဟိုသည် ယွမ်စစ်ကျုံး၏ စွပ်စွဲချက်ကို စိတ်ဆိုးဟန်မရှိသော်လည်း အထင်သေးသည့်အကြည့်ဖြင့်ကြည့်ကာ တဟဲဟဲ ရယ်နေတော့သည်။

လိုယွမ်ဟိုအနေဖြင့် တင်းတင်းမာမာ ပြန်လှန် ငြင်းဆန်ခြင်း မပြုသည်ကို နားထောင်သူလူအပေါင်းက လွန်စွာအံ့ဩနေကြသည်။

ယွမ်စစ်ကျုံးက ဆက်ပြောသည်။

"ကျုပ်က နတ်မျက်စိ ရှိထားတဲ့လူ မဟုတ်လေတော့ ကုတင်အောက်က ဝင်ပုန်းနေတဲ့လူကို ကျုပ် လုံးဝ မသိပါဘူးဗျာ။ ဒီကြားထဲမှာ ကျုပ်တို့ကြားထဲက ဖြတ်ပြေးတော့ ကျုပ်က ရေအလျဉ်တား လက်ဝါးသိုင်းနဲ့ ဖြတ်ရိုက်လိုက်တယ်"



"တော်ရုံတန်ရုံလူဟာ ကျုပ်လက်ဝါးကို မရှောင်နိုင်ပါဘူး။ ကျုပ်ရဲ့ မဟာရန်သူတော်ကြီးကတော့ မှောင်ကြီးမည်းကြီးထဲမှာ လက်ဝါးရိုက်သံလေသံကို နားထောင်ပြီး လွတ်အောင်ရှောင်ထွက်သွားနိုင်တယ်ဗျာ၊ အံ့ရော"

မြောင်ယိုလန်သည် ယွမ်စစ်ကျုံးအား ငေးကြည့်နေ၏။

ယွမ်စစ်ကျုံးအနေဖြင့် ထိုစဉ်က မှောင်ကြီးမည်းကြီးထဲ၌ ထွက်ပြေးသွားသူမှာ လိုယွမ်ဟိုဖြစ်ကြောင်း သက်သေပြရန် လိုအပ်နေသည်ဟု တွေးနေသည်။

\+ + +

ယွမ်စစ်ကျုံးဆက်ပြောမည့် အကြောင်းအရာများသည် သက်သေပြချက်များ ဖြစ်နိုင်သည်ဟု ယူဆသည်။

ယွမ်စစ်ကျုံးက ကောက်ချက်ချပြန်သည်။

"အဲဒီ မှောင်ကြီးမည်းကြီးထဲမှာ ကျုပ်တို့ကြားက ထွက်ပြေးသွားတဲ့လူရဲ့မျက်နှာကို ကျုပ် မမြင်လိုက်ရပေမယ့် အဲဒီလူ ဘယ်သူလဲဆိုတာတော့ ဟောဒီရက်ပိုင်းအတွင်းမှာပဲ ကျုပ် သိလိုက်ပါတယ်၊ သိလိုက်ပုံကတော့ ဒီလိုဗျ၊ ဒီတောင်ကလပ်ပေါ်မရောက်ခင် အောက်ဘက်နှင်းပြင်ကြီးပေါ်မှာ ကျုပ်တို့တတွေ အုပ်စုချင်း တိုက်ခိုက်ခဲ့ကြပါတယ်"

"ဒါကို လုံမလေး မြောင်ယိုလန်ကတော့ သိမှာမဟုတ်ပါဘူး။ တိုက်ခိုက်ခဲ့ကြတဲ့ ကျုပ်တို့တတွေကတော့ ပြောနေစရာမလိုပါဘူး။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲမှာ လိုယွမ်ဟိုဟာ 'ရေအလျှဉ်တား' သိုင်းကွက်ကို ရှောင်နိုင်တဲ့ အကွက်မျိုး သုံးသွားခဲ့တယ်ဗျ။ အဲဒီညက ထွက်ပြေးသွားတဲ့လူဟာ လိုယွမ်ဟို ဖြစ်တယ်လို့ ကျုပ် ဒီတစ်ချက်တည်းနဲ့ သူ့ကို စွပ်စွဲလိုက်ပါတယ်ဗျာ''

သူသည် စကားကို ခေတ္တရပ်တန့်လိုက်ပြီး ကွင်းဆက်ကလေးများကို ထပ်မံတင်ပြသည်။

''ဒါပေမယ့် လိုယွမ်ဟိုလို လူကြီးလူကောင်းအဖို့ သူတစ်ပါး အခန်းထဲက ကုတင်အောက် ဝင်ပုန်းပြီး ချောင်းမြောင်းနားထောင်တဲ့ အလုပ်ကတော့ တကယ့်ကို မသင့်လျော်တဲ့ အပြုအမူကြီးပါပဲဗျာ၊ ပေဘီ စာရွက်ဖြူလေး ရထားလို့သာပေါ့ဗျာ၊ မဟုတ်ရင် အစ်ကိုကြီးထန်ကွေ့နံ ကို သတ်သူဟာ လိုယွမ်ဟိုလို့တောင် စွပ်စွဲနိုင်မှာ ဖြစ်ပါတယ်''

ချောင်ပွင်ချီက ထ၍ ပြောပြန်သည်။

''သူ့လို ရွှေနန်းတော်ထဲက ထိပ်တန်းကိုယ်ရံတော်ကြီး တစ်ယောက်က ခုလို သူတစ်ပါးအိမ်ထဲ ခိုးကြောင်ခိုးဝှက်ဝင်လာတာ ကတော့ သိက္ခာအလွန်ကျတဲ့ကိစ္စပါဗျာ၊ ထို့.....ကိုယ်ရံတော် သူခိုးကြီး လို့တောင် ခေါ်လို့ရတဲ့ကိစ္စပေါ့ဗျ''

ဤသို့ ပျစ်ပျစ်နှစ်နှစ် ရှုတ်ချနေစဉ်မှာပင် လိုယွမ်ဟိုသည် တဟားဟား အော်ရယ်ရင်း မတ်တတ်ထလာ၏။



အခန်း (၃၅)

ငြိုးသူရန်ဘက် ဘယ်စနက်

ကျယ်လောင်သော စကားလုံးများ ပျံ့ထွက်လာသည်။

''ဟားဟားဟား..... တကယ့်ကို ပြောင်မြောက်တဲ့ စကားလုံး တွေပါပဲ၊ ဟားဟားဟား.....''

ယွမ်စစ်ကျူးက မှုန်ကုတ်ကုတ်ဖြင့် ကြည့်လိုက်၏။

''ဘာလဲ၊ ခင်ဗျားက ကျုပ်စကားကို ငြင်းချင်သေးလို့လား၊ ခင်ဗျားရဲ့ လှုပ်ရှားမှုကို ကျုပ် အကုန်သိတယ်၊ ကျုပ်ကို ညာလို့မရဘူး''

လိုယွမ်ဟိုသည် ရယ်ရှိန်သတ်လိုက်ပြီး.....

''ဘယ့်နှယ် ဒေါသကြီးနေရတာလဲ၊ ကျုပ်က ခင်ဗျားစကားကို ဘယ်မှာ ငြင်းလို့တုန်း၊ ထန်ကွေ့နံရဲ့ ကုတင်အောက်မှာ ဝင်ပုန်းခဲ့တာ ကျုပ်ပါပဲ''

www.burmeseclassic.com

www.burmeseclassic.com



မွှင့်မွှင့်လင်းလင်း ဝန်ခံလိုက်သည့် လိုယွမ်ဟိုု၏စကားကြောင့် လူတိုင်းလူတိုင်း ဟာခနဲ ဖြစ်သွားကြသည်။

ငြီးသူရန်ဘက်အချင်းချင်း ဤသို့ လွယ်ကူစွာ ဝန်ခံလိုက်ခြင်းအတွက် ပြောင်ယိုလန်သည် လိုယွမ်ဟိုအပေါ် အတော်ကလေး လေးစားသွားသည်။

''ခင်ဗျားတို့ ကျုပ်ကို ဆဲကြဆိုကြတာ ကျုပ် စိတ်မဆိုးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ကလဲ ဒီကုတင်အောက်မှာ ဝင်ပုန်းနေမိတာကိုးဗျ''

လိုယွမ်ဟို၏မျက်နှာသည် ရုတ်တရက် တည်တည်ကြည်ကြည် ဖြစ်သွားပြီး.....

''ကျုပ်က အဲဒီလို မလုပ်လို့ မဖြစ်ဘူးလေ၊ ဘာကြောင့်လဲ သိလား။ ကျုပ်တို့ရဲ့ကောရာဇ်ကြီးက အဲဒီလိုလုပ်ဖို့ ကျုပ်ကို မိန့်ကြားလိုက်တာ၊ ကျုပ်ဟာ ကောရာဇ်ကြီးရဲ့အမှုတော်ကို ထမ်းဆောင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်''

ထိုစကားကို ကြားလိုက်ရသောအခါ သိုင်းသမားအားလုံး ဖျတ်ဖျတ်လတ်လတ် နိုးနိုးကြားကြားဖြစ်သွားကြ၏။

ပထမပိုင်းက လိုယွမ်ဟို၏စကားကို နားထောင်ရာ၌ သာမန်စိတ်ဝင်စားမှုမျိုးဖြင့် နားထောင်ခဲ့ကြခြင်းဖြစ်သည်။

ယခု ကောရာဇ်ကြီး၏ အမှုတော်ကို ထမ်းဆောင်ခဲ့ခြင်း ဖြစ်ပါတယ်ဟူသော စကားကို ကြားလိုက်ရသောအခါတွင်မူ သာမန် စိတ်ဝင်

BURMESE CLASSIC .com



စားမှုမျိုးဖြင့် နားထောင်၍ မရတော့ပေ။

အဘယ်ကြောင့်နည်း။

လိုယွမ်ဟိုသည် မန်ချူးကောရာဇ်၏ လက်ပါးစေတစ်ယောက်ဖြစ်နေပြီး မန်ချူးကောရာဇ်သည် ပြည်တွင်းရှိ မျိုးချစ်သိုင်းသမားအဖွဲ့ကြီးများကို ဖြိုဖျက်ရန်ကြိုးပမ်းနေသူဖြစ်ကြောင်း သိနေခြင်းပေတည်း။

ယခု လိုယွမ်ဟိုအား တာဝန်ပေးလိုက်သည့်ကိစ္စသည် နာမည်ကျော် ထန်းလုံသိုင်းအဖွဲ့ကြီးဖြစ်သည်။

ထန်းလုံအဖွဲ့ကြီးအား ဖြိုဖျက်ပစ်ရန်ဖြစ်ကြောင်း အားလုံးက နားလည်သဘောပေါက်ကြပြီဖြစ်သည်။

ထို့ကြောင့် ဤမျှ နိုးကြားသွားရခြင်း ဖြစ်လေ၏။

ယင့်မာချွန်းလို သိုင်းအဖွဲ့မျိုးမှာ ဌာနချုပ်အတည်တကျ မရှိသော သိုင်းအဖွဲ့များဖြစ်သည်။

သူတို့သည် မန်ချူးကောရာဇ်၏တပ်များကို ပြောက်ကျားတိုက်နိုက်ရုံမျှသာမက အရာရှိဆိုးများနှင့် မြေရှင်ဆိုးများကိုလည်း လုယက်တိုက်ခိုက်ကြသည်။

တစ်ခါတစ်ရံ လူကောင်းသူကောင်းများကိုပါ ခြေလွန်လက်လွန် တိုက်ခိုက်မိတတ်ကြသဖြင့် ထောင်ကြည်အန်းနှင့် ထောင်ပိုင်ခွေ့မှာ ယခုကဲ့သို့ နာမည်ပျက်နေကြခြင်းဖြစ်သည်။

သို့သော်.....

မန်ချူးတပ်များအနေဖြင့် ယင့်မာချွန်းလို သိုင်းအဖွဲ့မျိုးကို

www.burmeseclassic.com

www.burmeseclassic.com



ရှတ်တရက် စီးနင်းတိုက်ခိုက်ရန် မလွယ်ကူပေ။

ထန်းလုံးကဲ့သို့သော သိုင်းအဖွဲ့ကြီးများမှာ ဌာနချုပ် အတည်တကျ ရှိသဖြင့် မန်ချူးတို့၏ရန်ကို ကြောက်ရသည်။

ကြိုတင်သတင်း မရပါက တစ်ဖွဲ့လုံး ပြုတ်ပြုတ်ပြုန်းနိုင်သည့် အနေအထားမျိုး ရှိနေပေသည်။

ယင်ကြည်သည် မန်ချူးဧကရာဇ်၏အမိန့်အရ လိုယွမ်ဟို လာရောက်နှားထောင်နေသည်ဟု သိရသောအခါ ကြက်သီးတဖြန်းဖြန်း ထသွားသည်။

အဖွဲ့ချုပ်ခေါင်းဆောင်ကြီး၏ ကုတင်အောက်ရောက်နေသည်ကို မသိရှိခြင်းက ထန်းလုံးသိုင်းအဖွဲ့ကြီး၏ ကင်းသမားများ မည်မျှပေါ့လျော့သည်ကို သတိပြုနိုင်သည်။

လိုယွမ်ဟိုက ကျယ်လောင်သောအသံဖြင့် ဆက်လက်ပြောကြားနေ၏။

"ကျုပ်အကြောင်းနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် အစကနေ ပြန်ပြောမှ ကောင်းလိမ့်မယ်ဗျ"

မြောင်ပိုလန်က မြူး၍ ဝင်ပြောသည်။

"ဖြစ်ရပ်မှန်ကို ပွင့်ပွင့်လင်းလင်း ဝန်ခံတင်ပြဆွေးနွေးပြီးကြမှသာ ကျုန်မတို့အားလုံး အမှားအမှန်ကို ဆက်စပ်နားလည် သဘောပေါက်ကြရမှာပေါ့"

လိုယွမ်ဟို့က ခေါင်းညိတ်၏။



"မှန်တယ်၊ ကျုပ်ကလဲ ပြောပြဖို့ ဆုံးဖြတ်ထားပါတယ်၊ ကဲ..... ဟောဒီမှာ ကြည့်ထားကြ၊ ဒါက ခင်ဗျားတို့ အရေးထားချင်မှထားမယ်၊ ထားထားမထားထား အကြောင်းမဟုတ်ပါဘူး၊ မြင်ဖူးတယ်ရှိအောင်တော့ ကြည့်ထားကြပေါ့"

သူသည် ပြောပြောဆိုဆိုဖြင့် ရင်ဘတ်အတွင်းမှ စာအိတ်နီကြီး တစ်အိတ်ကို ဆွဲထုတ်လိုက်သည်။

သူသည် စာအိတ်နီကြီးများကို အများမြင်သာအောင် ထောင်ပြနေသည်။

စာအိတ်ပေါ်တွင် 'အမိန့်တော်' ဟူသောစာလုံးကို ထင်ရှားစွာ ရေးသားထားသည်။

စာအိတ်မှာ ဖောက်ဖြဲပြီးသားဖြစ်၍ လိုယွမ်ဟို့က အတွင်းမှ စာကို ဖျတ်ခနဲ ဆွဲထုတ်ယူလိုက်ပြီး အများကြားအောင် ကျယ်လောင်စွာ ဖတ်ပြလေ၏။

အမိန့်တော် မှတ်လိုက်သည်.....

'နန်းတွင်း၌ ဓားလက်နက် ကိုင်ဆောင်ခွင့် ရရှိသူ အဆင့်မြင့်ကိုယ်ရံတော်ကြီး လိုယွမ်ဟို့အား ကြားသိစေလိုက်သည်။

ဧကရာဇ်ကြီး နှုတ်မိန့်မြွက်ကြားသည့်အမိန့်အတိုင်း အမှုတော် ထမ်းဆောင်ရမည်၊ လုံးဝ တိမ်းစောင်းခြင်း မရှိစေရ။

တပ်မမှူးကြီး ကျုံကွမ်စိုက်

ကျုံကွမ်စိုက်ဆိုသူကား မည်သူနည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျုံကွမ်စိုက်ဆိုသူမှာ မန်ချူးအမျိုးသား သိုင်းပညာရှင်ကြီး ဖြစ်သည်။

သူသည် မန်ချူးဧကရာဇ် ကန်လုံ၏ လက်ရင်းလူယုံတော်ဖြစ်ပြီး မန်ချူးနန်းတွင်း၌ အတော်ကလေး ဩဇာကြီးမားသူဖြစ်သည်။

ကျုံကွမ်စိုက်အကြောင်း ဗဟုသုတကြွယ်ဝသည့် ယင်ကြည့်နှင့် ယွမ်စစ်ကျူးတို့က ကောင်းစွာ သိရှိထားကြသည်။

လိုယွမ်ဟိုက မာန်ပါပါ ဆက်ပြော၏။

"ကျုပ်ရဲ့အမိန့်စာအကြောင်း ပြောပြီးရင် ခင်ဗျားတို့ရဲ့ အစ်ကိုကြီး ထန်ကျေနုံးအကြောင်း ပြောရတော့မှာပေါ့ဗျာ"

လိုယွမ်ဟိုသည် ယွမ်စစ်ကျူးအား ပြုံး၍ကြည့်လိုက်သည်။

♛ ♛ ♛

BURMESE CLASSIC .com



အခန်း(၃၆)

## လျှမ်းလျှမ်းတောက် ညွှန်သည်တော်

ယွမ်စစ်ကျူးသည် ဒေါသတရား၊ မာနတရားများ မကင်းစင်သေးသည့်မျက်နှာဖြင့် စူးစိုက်ကြည့်နေဆဲဖြစ်သည်။

ထိမထင်သော အမူအရာဖြင့် တုံ့ပြန်နေဆဲသာ ရှိသေး၏။

ဒါကို လိုယွမ်ဟိုက အမှုမထားဘဲ သူ့စကားကို ဆက်မြဲ ဆက်လျက်.....

"နောင်ကြီးယွမ်စစ်ကျူး ကျုပ်ကို မျက်လုံးပြူးကြီးနဲ့ ကြည့်မနေပါနဲ့ဗျ၊ ကျုပ်က ပြောပြီဆိုရင် ခင်ဗျားတို့ ပြောခဲ့တဲ့အတိုင်း အားလုံးကို မချွင်းမချန် ပြောမှာပါဗျ"

ယွမ်စစ်ကျူးသည် မည်သည့်စကားမျှ မပြောဘဲ လိုယွမ်ဟို

www.burmeseclassic.com

www.burmeseclassic.com



အရိပ်အခြည်ကို မမိုတ်မသုန် စောင့်ကြည့်နေသည်။

"တစ်နေ့မှာ ကျုပ်တို့ရဲ့ တပ်မှူးကြီး ကျုံကွမ်စိုက်ဟာ နန်းတွင်းက ကိုယ်ရံတော်ကြီး ဆယ့်ရှစ်ဖော်ကို ဗိုလ်ခေါ်တယ်ဗျ၊ ရွှေနန်းတော်ရဲ့ အဆင့်မြင့်ကိုယ်ရံတော်ကြီးဆိုလို့လဲ သိပ်အထင်မကြီးနဲ့ဦး ဗျို့၊ သိုင်းပညာကတော့ ခင်ဗျားတို့ မြင်တဲ့အတိုင်း သူ့လိုကိုယ်လိုပါပဲ၊ တောင်ကလပ်နား မရောက်ခင် ကျုပ်ကို ကိုယ်တော်ကြီးပေါင်စု ဆွဲခေါ်နှိပ်စက်လာတာလဲ ခင်ဗျားတို့ မြင်မှာပေါ့ဗျာ"

မှန်သည်။

မျက်ခုံးဖြူပေါင်စုသည် တောင်ခြေနား ရောက်သည်အထိ လိုယွမ်ဟို့အား ခွေးတစ်ကောင်အား ဆွဲခေါ်လာသလို ဆွဲခေါ်ခဲ့လေသည်။

အားလုံးက မသိမသာ ခေါင်းညိတ်ကြသည်။

"ထားပါတော့ဗျာ၊ ဒါကတော့ သက်သက်ဂုဏ်ပြုခေါ်ဝေါ်တဲ့ နာမည်ပဲ။ သိပ်တော့ အရေးမပါလှပါဘူး။ အရေးပါတာကတော့ ကျုံကွမ်စိုက်ပဲဗျ၊ သူက ကျုပ်တို့ကို စပြီး စကားပြောပါတယ်"

"ဒီကနေ့ ခင်ဗျားတို့ကို စုံစုံညီညီ ခေါ်လိုက်ရတဲ့အကြောင်းကတော့ သိုင်းလောကထဲမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ သိုင်းပညာရှင်ကြီးတစ်ယောက် ကျုပ်တို့နန်းတွင်းကို ကြွရောက်လာလို့ပဲ ဖြစ်ပါတယ်' လို့ စတင်ပြောကြားပါတယ်"

"ကျုပ်တို့ ကိုယ်ရံတော်ကြီး ဆယ့်ရှစ်ယောက်စလုံး အံ့သြသွားကြတယ်ဗျ၊ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြပါဦး။ သိုင်းလောကထဲက



လျှမ်းလျှမ်းတောက်ပုဂ္ဂိုလ်ကြီးက မန်ချူးနန်းတော်ထဲ လာတယ်ဆိုတဲ့ ကိစ္စဟာ လွယ်တဲ့ကိစ္စမှ မဟုတ်တဲ့ဗျာ၊ ဘက်ပြောင်းလာတယ်ဆိုရင်တော့ တစ်မျိုးပေါ့လေ၊ ဒါနဲ့ ကျုပ်တို့ကလဲ ဝိုင်းမေးကြတာပေါ့၊ 'တပ်မှူးကြီး ခင်ဗျာ။ ဧည့်သည်တော်ကြီးရဲ့နာမည်ဟာ ဘယ်သူပါလဲလို့'"

"တပ်မှူးကြီး ကျုံကွမ်စိုက်က ဖွင့်မပြောဘူးဗျ 'ခဏတော့ သည်းခံစောင့်ကြပါ၊ အရက်ဝိုင်း စတဲ့အခါမှာတော့ ဧည့်သည်တော်ကြီးကို မြင်ရပါစေ့မယ်လို့ ပြောပါတယ်"

"ပြောပြီးတာနဲ့ သူဟာ နေရာက ထသွားတယ်၊ မကြာခင်မှာပဲ အရက်ဝိုင်း စပါတယ်၊ စတယ်ဆိုတော့ကာ ပြင်ဆင်တာပါ၊ ဧည့်သည်တော်ကြီး မရောက်သေးဘဲနဲ့တော့ ဘယ်အရက်စသောက်လို့ ဖြစ်မလဲဗျ"

"အဲဒီအချိန်မှာ မောင်းသံတစ်ချက် ကြားလိုက်ရပြီး တပ်မှူးကြီးနဲ့အတူ ဧည့်သည်တော်ကြီး ဝင်လာပါတယ်၊ အရပ်အမောင်းက မြင့်မြင့်၊ ဥပဓိရုပ်ကလဲ ကောင်းကောင်း။ လူမြင်တာနဲ့ လေးစားစရာကောင်းတဲ့ ရုပ်ရည်မျိုးဖြစ်တယ်ဆိုတာ ကျုပ်တို့ ဆယ့်ရှစ်ယောက်စလုံး သဘောတူကြပါတယ်၊ သူ့ လမ်းလျှောက်ပုံကို ကြည့်တာနဲ့ သူ့ရဲ့ သိုင်းပညာ ဘယ်လောက်ကောင်းတယ်ဆိုတာလဲ ကျုပ်တို့ ခန့်မှန်းနိုင်ခဲ့ကြပါတယ်"

"တပ်မှူးကြီး ကျုံကွမ်စိုက်က စပြီး စကားပြောပါတယ်၊ ညီတော်၊ နောင်တော်တို့နဲ့ မိတ်ဆွေဖြစ်ရအောင် ဟောဒီ ထူးမြတ်လှတဲ့ ဧည့်သည်တော်ကြီးနဲ့ မိတ်ဆက်ပေးပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီပုဂ္ဂိုလ်ကြီးဟာ နယ်နယ်ရရ ပုဂ္ဂိုလ်ကြီး မဟုတ်ပါဘူး ထန်းလုံ(ပေကျိုး)အဖွဲ့ရဲ့ အဖွဲ့ချုပ် ခေါင်းဆောင်ကြီး ထန်ကွေနုံး ဖြစ်ပါတယ်၊ လက်ရှိ သိုင်းလောကမှာတော့ အင်မတန်တောက်ပတဲ့ ရှဝ်ကြယ်ကြီးတစ်လုံးပေါ့ဗျာ' လို့ ပြောပြီး မိတ်ဆက်ပေးပါတယ်ဗျာ"

"ကျုပ်တို့လဲ သူ့နာမည်လဲ ကြားလိုက်ရော အားလုံး ထိတ်လန့်သွားကြတော့တာပါပဲ၊ ထန်းလုံအဖွဲ့ရဲ့ အဖွဲ့ချုပ်ခေါင်းဆောင်ကြီးဆိုတာ လျှမ်းလျှမ်းတောက် ပုဂ္ဂိုလ်ကြီးပဲ၊ နောက်တစ်ခု အံ့ဩစရာရှိတာက ထန်းလုံအဖွဲ့ကြီးဟာ တရုတ်လူမျိုးတွေရဲ့ သိုင်းအဖွဲ့ကြီးလို့ သိုင်းလောကသားတိုင်းလိုလို သိထားကြတဲ့ အချက်ပါပဲဗျာ"

"ဘယ်ထန်းလုံအဖွဲ့သားမှာ ဘယ်ထန်းလုံအဖွဲ့ခေါင်းဆောင်မှ မန်ချူးမှူးမတ်တွေနဲ့ အဆက်အသွယ် မလုပ်တူးဆိုတာ ကျုပ်တို့ သိနေကြတာပဲ၊ ဒီလို ကင်းကင်းရှင်းရှင်းရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို တပ်မှူးကြီး ကျုံကွမ်စိုက်က ဘာဖြစ်လို့များ ဖိတ်ခေါ်ရသလဲ"

"ခေါင်းဆောင်ကြီးထန်ကွေနုံးက ဘာဖြစ်လို့ မန်ချူး နန်းတော်ထဲ လာရတာလဲ၊ ကျုပ်တို့တော့ ဘယ်လိုမှ သဘောမပေါက်နိုင်အောင် ဖြစ်နေခဲ့ရတယ်"

သူ၏ ဝေဖန်သုံးသပ်မှုသည်ပင်လျှင် အမျိုးဘာသာချစ်စိတ်နှင့် နှီးနွှယ်လျက်ရှိသဖြင့် သိုင်းသမားတိုင်း စိတ်အားထက်သန်လာသည်။

♛ ♛ ♛



## အခန်း (၃၇)

## ရတနာ့ခမြပုံ အဖြစ်စုံ

ကောင်းဒိုးမင်္ဂလာ ပြည့်ဝသိုက်မြိုက်လှသည့် စကားဝိုင်း။

"ကျုပ်တို့ကလဲ အရက်ခွက်တွေ ကိုင်မြှောက်ပြီး သူ့ကို ဒိုးကျူး စကား ပြောကြားပါတယ်၊ သူကလဲ 'အခုလို မန်ချူးကောရာဇ်ကြီးရဲ့ အလွန်တရာ အရေးပါလှတဲ့ အဆင့်မြင့် ကိုယ်ရံတော်ကြီး ဆယ့်ရှစ်ယောက်နဲ့ ခုလို ဆုံဆည်းခွင့် ရတဲ့အတွက် အင်မတန် ဂုဏ်ယူပါတယ်"

"ကိုယ်ရံတော်ကြီး ဆယ့်ရှစ်ယောက်ရဲ့ ဂုဏ်သတင်းကတော့ ကျုပ်တို့ သိုင်းလောကထဲမှာ မွှေးကြိုင်နေပါတယ်ဗျာ' လို့ ဒိုးကျူးစကား ပြောတယ်၊ ကျုပ်တို့မှာ မနေတတ် မထိုင်တတ်ကို ဖြစ်နေရတောပါပဲဗျာ"

"အရက်ဝိုင်းမှာ စားသောက်ပြီးတဲ့အခါကျတော့ ကျုံကွမ်စိုက်

www.burmeseclassic.com

www.burmeseclassic.com



က ခေါင်းဆောင်ကြီးထန်ကွေနုံးကို သူ့ရဲ့ သီးခြားအဆောင်ကို ဖိတ်ခေါ်သွားတယ်။ ကျုပ်တို့က ကိုယ်ရံတော်ကြီး ဆယ့်ရှစ်ယောက်လဲ ပါတာပေါ့ဗျာ၊ တပ်မှူးကြီးရဲ့အဆောင်ကို ဖိတ်ခေါ်သွားပြီ ဆိုကတည်းက အင်မတန် အရေးကြီးတဲ့ကိစ္စတွေကိုသာ ပြောဆိုကြတော့မယ်ဆိုတာ ကျုပ်တို့ အလိုလို သိပြီးပါပြီ"

"သီးသန့်အဆောင်လဲ ရောက်ရော ခေါင်းဆောင်ကြီး ထန်ကွေနုံးက စတင်စကားပြောတော့တာပါပဲ၊ သူဟာ တိုင်းပြည်ကို တကယ်ချစ်တဲ့အကြောင်း။ ကျုပ်တို့ ကိုယ်ရံတော်ကြီးတွေ တိုင်းပြည်အပေါ် ချစ်တဲ့စိတ်ထက် သူ့ တိုင်းပြည်ချစ်စိတ်က မလျော့တဲ့အကြောင်း ဒါကြောင့်ပဲ တိုင်းပြည်အတွက် အကျိုးရှိနိုင်တဲ့ ကိစ္စတစ်ရပ်ကို ဖော်ထုတ်လိုတဲ့ အကြောင်း ပဏာမချီပြီး စကားပြောပါတယ်။

"ကျုပ်တို့အဖို့မှာတော့ သူလို ပုဂ္ဂိုလ်ကြီး ရောက်လာပြီ ဆိုကတည်းက စိတ်ဝင်စားနေတာပဲဗျာ၊ သူ့စကား ကြားလိုက်ရတော့ ပိုပြီး စိတ်ဝင်စားသွားရတော့တာပေါ့။ သူက ကေရာဇ်ကြီး လီချွမ့်ဝှမ်ရဲ့ ရတနာတွေအကြောင်း စပြောတဲ့အခါကျတော့ ကျုပ်တို့အားလုံး နားရွက်တောင် မခတ်မိကြတော့ပါဘူးဗျာ။

"ကေရာဇ်ကြီး လီချွမ့်ဝှမ်၊ ပီကင်းကို စွန့်ခွာခါနီးမှာ အဖိုးအနဂ္ဃထိုက်တန်တဲ့ ရွှေငွေရတနာ မြောက်မြားစွာကို လျှို့ဝှက်တဲ့ နေရာတစ်နေရာမှာ မြှုပ်နှံထားတဲ့အကြောင်းကို စီကာပတ်ကုံး ပြောပြနေတော့တာပါပဲဗျာ"

———●———



ထန်းလုံသိုင်းအဖွဲ့မှ အဖွဲ့သားများသည် ထိုစကားကို ကြားလိုက်ရသောအခါ ခေါင်းမဖော်နိုင်အောင် ဖြစ်သွားကြရလေတော့သည်။

မျိုးချစ်သိုင်းခေါင်းဆောင်တစ်ဦးဟု တရုတ်ပြည်သူများက သိမြင်ထားသည့် ထန်ကွေနုံးသည် တရုတ်ပြည်သူပြည်သားတို့ ပိုင်ဆိုင်သည့် လျှို့ဝှက်ရတနာများအကြောင်းကို မန်ချူးအရာရှိများအား သွားရောက် အထုပ်ဖြေပြနေသည် မဟုတ်ပါလော။

သိုင်းလောက၌ မည်မျှပင် နိုးဆိုးလုယက် နေကြစေကာမူ ထိုဆိုးသွမ်းမှုသည် မန်ချူးနယ်ချဲ့တို့အား မျက်နှာလိုမျက်နှာရပြုခြင်းလောက် ရက်စရာမကောင်းဟု တရုတ်တစ်ပြည်လုံးက ယူဆထားကြသည်။

ဆိုလိုသည်မှာ နိုးဆိုးလုယက်ခြင်းကို ခွင့်လွှတ်ကောင်း ခွင့်လွှတ်မည် ဖြစ်သော်လည်း မန်ချူးနယ်ချဲ့တို့အား ကပ်ဖားရပ်ဖား ပြုလုပ်သည်ကို ခွင့်မလွှတ်နိုင်ကြခြင်းပင်ဖြစ်သည်။

"ထန်ကွေနုံးက 'ဒီရတနာတွေကို လွယ်လွယ်ကူကူနဲ့တော့ မထုတ်ဖော်နိုင်ဘူး။ ဒီရတနာတွေကို ထုတ်ဖော်ရမယ့် သော့ချက်တော့ လိုတယ်။ အဲဒီသော့ချက်ဟာ နှစ်ခုဖြစ်နေတာက ဦးနှောက်ခြောက်စရာကောင်းနေတယ်'လို့ ပြောပါတယ်၊ ကျုပ်တို့ရဲ့တပ်မှူးကြီး ကျုံကွမ်စိုက်က လေးလေးစားစား မေးမြန်းပါတယ်"

"'သော့ချက်က ဘယ်လိုများ နှစ်ခု ဖြစ်နေရတာလဲဗျာ' လို့ မေးပါတယ်၊ အဲဒီအခါမှာ ထန်ကွေနုံးက 'ဒီရတနာတွေကို ...

———●———

www.burmeseclassic.com

www.burmeseclassic.com



ခွဲထားပြီး နှစ်ပိုင်းပိုင်းထားတယ်ဗျ၊ တစ်ပိုင်းကတော့ မြောင်မိသားစုသီမှာ ရှိနေပြီး ကျန်တစ်ပိုင်းကတော့ ကျွုပ်ဆီမှာ ရှိနေပါတယ်' သူက ပြောပြောဆိုဆို သူ့လက်ထဲက ရှေးဟောင်းဓားကြီးတစ်စင်းကို အားရ ပါးရ မြှောက်ပြလိုက်ပါတယ်ဗျာ"

"ကျွုပ်တို့ကလဲ ငေးနေကြတော့တာပေါ့၊ ဒီဓားကြီးက ဘာများ ထူးခြားမလဲလို့၊ ထန်ကွေနုံးက ကျွုပ်ဆီမှာ မြေပုံတစ်ပိုင်းရှိတယ်ဆိုတာ ကျွုပ်လက်ထဲမှာ ကွဲကွဲပြားပြား ရှိနေတာ မဟုတ်ပါဘူး၊ ဟောဒီဓားထဲမှာ ရှိနေတာပါ' လို့ ပြောပါတယ်၊ ကျွုပ်တို့လဲ သဘောပေါက်သွားတယ်၊ ဓားသွားထဲမှာ မြှုပ်ထားရင်မြှုပ်ထား၊ မြှုပ်မထားရင် ဓားလက်ကိုင်ရိုး ထဲမှာ ထည့်ထားရမှာပဲလို့"

"ထန်ကွေနုံးက ဆက်ပြောတယ်၊ 'အဲဒီမြေပုံနှစ်ပိုင်းကို ရပြီ ဆိုရင်တော့ ကောရာဇ်ကြီး လီချွမ်ဝမ်ရဲ့ ရတနာတွေဟာ ခင်ဗျားတို့ ကျွုပ်တို့ အိတ်ထဲက နှိုက်ထုတ်ယူရသလို လွယ်ကူသွားပါပြီဗျာ'တဲ့၊ ဒါပေမဲ့ မြောင်မိသားစုထဲမှာ ရှိနေတဲ့မြေပုံကတော့ အတော့်ကို မလွယ်ဘူး၊ သူတို့က တကယ့်ကို လုံလုံခြုံခြုံ သိမ်းဆည်းထားကြတယ်။

"ဒါထက်ပိုဆိုးတာက အခု သူတို့ မိသားစုထဲမှာ အင်မတန် ထက်မြက်တဲ့ သိုင်းသမားတစ်ဦး ပေါ်နေတယ်၊ သူ့ကိုတော့ သိုင်း လောကသားတွေက 'မိုးအောက်မြေပြင် မြိုင်ဘက်ကင်း ကျင်းမြန့်ဖူ မြောင်ရင်ဖုန့်'လို့ ခေါ်ကြတယ်'လို့ သူ့စကားကို ဆက်ပြောပါတယ်။

"သူ့စကားက ဟုတ်မလိုလိုနဲ့ တကယ့်အရေးကျတော့



ရှုံသွားတာပဲလို့ ကျွုပ်တို့စိတ်ထဲမှာ ထင်လိုက်မိကြပါတယ်၊ ကျွုပ်တို့ စိတ်ထဲမှာ ဘာတွေ တွေးနေတယ်ဆိုတာကို ဒီပုဂ္ဂိုလ်ကြီးက ရိပ်မိတယ်၊ ကျွုပ်တို့အားလုံးကို ခပ်ပြုံးပြုံးကြည့်ပြီး ပြောပြန်တယ်"

"ခင်ဗျားတို့ ဘာတွေ တွေးနေတယ်ဆိုတာ ကျွုပ်သိပါတယ်ဗျာ၊ ဒီမှာ ကျင်းမြန့်ဖူမြောင်ရင်ဖုန့်အပေါ် အနိုင်ရစေနိုင်မယ့် နည်းလမ်း မရှိဘဲနဲ့ ကျွုပ်က ခင်ဗျားတို့ရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို ဘာဖြစ်လို့ လာဖြုန်းပစ်ရမှာလဲဗျ' လို့ ပြောတယ်"

"သူ့စကားတွေကတော့ တကယ့်ကို အချိတ်အဆက်ရှိတဲ့ စကားတွေပါပဲ၊ ရတနာမြေပုံနှစ်ခု ဘယ်နည်းဘယ်ပုံ ပေါင်းစပ်နိုင်တယ် ဆိုတဲ့ နည်းလမ်းတွေကို သူက တပ်မှူးကြီး ကျုံကွမ်စိုက်ကို အသေ အချာ ရှင်းလင်းပြတယ်"

"သူ့အစီအစဉ်တွေဟာ ယိုကွက်မရှိလောက်အောင် ပိရိ သေသပ်လှပါတယ်၊ ဒါကြောင့်မို့ ကျွုပ်တို့ ဆယ်ရှစ်ယောက်စလုံးက 'သိပ်ပိုင်တဲ့အကြံ.....သိပ်ပိုင်တဲ့အကြံ'ပါလို့ပြောပြီး ခေါင်းတဆတ်ဆတ် ညိတ်ပြီး ထောက်ခံမိကြပါတယ်"

ထိုအခါ ခန်းမထဲမှ လူအားလုံးလိုလို ထန်ကွေနုံး ရှင်းပြသည့် နည်းလမ်းများကို ကြားသိလိုကြ၏။

ထောင်ကြည့်အန်းက ကြားဖြတ်၍ မေးခွန်း ထုတ်လိုက်လေ သည်။

"အင်း.....ခင်ဗျားတို့ ကိုယ်ရံတော်ကြီး ဆယ့်ရှစ်ယောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကတောင် ချီးကျူးရတယ်ဆိုတော့ ဘာဘကြီးထန်ကွေနုံး ရှင်းပြတဲ့ နည်းလမ်းတွေဟာ တကယ်ကောင်းလိမ့်မယ်လို့ ယုံကြည်စိတ်ချရပါတယ် အဲဒီနည်းလမ်းတွေကို ကျုပ်တို့ သိရရင်တော့ အသေးစိတ်ပိုပြီး ချင့်ချိန်နိုင်မှာပေါ့ဗျာ၊ ဘာနည်းလမ်းတွေများလဲဗျ''

လိုယွမ်ဟို့က ခေါင်းညိတ်လိုက်၏။

''သူပြောပြခဲ့တဲ့ နည်းလမ်းတွေ၊ အကြံဉာဏ်တွေကို အချိန်တန်ရင် သိလာကြပါလိမ့်မယ်၊ အခုအချိန်မှာတော့ သိပ်ပြီး ရှည်ရှည်ဝေးဝေးကြီး ပြောနေဖို့ မလိုသေးပါဘူးဗျာ''

ထောင်ကြည်အန်းတို့မှာ မည်သည့်စကားမျှ စောဒက မတက်နိုင်တော့ဘဲ ငြိမ်သက်သွားရသည်။

လိုယွမ်ဟို့က ဆက်ပြော၏။

''အဲဒီတစ်နေ့လုံး ကျုပ်တို့ အကြေအလည် ဆွေးနွေးခွင့်ရလိုက်ကြပါတယ်၊ နောက်တစ်နေ့မှာတော့ ခေါင်းဆောင်ကြီး ထန်ကွေနုံးဟာ ကျုပ်တို့ကို နှုတ်ဆက်ပြီး သူ့ရပ်ရွာနေကို ပြန်သွားပါတယ်၊ ထန်ကွေနုံး ပြန်သွားပြီးတဲ့အခါကျတော့မှ တပ်မှူးကြီး ကျုံကွမ်စိုက်ဟာ ကျုပ်တို့ ထမ်းဆောင်ရမယ့်တာဝန်တွေကို ခွဲဝေချထားပေးတယ်ဗျ''

''တပ်မှူးကြီးဆီက ကြားရတဲ့စကားအရတော့ ထန်ကွေနုံးဟာ သိပ်မြင့်မြတ်တဲ့ပုဂ္ဂိုလ်ကြီးပါပဲ၊ သူဟာ မန်ချူး ရွှေနန်းတော်အတွင်းမှာ ရာထူးဌာနန္တရ ကြီးကြီးမားမားလဲ မလိုချင်ဘူးတဲ့၊ ရွှေ ငွေ၊ကျောက်သံ ပတ္တမြားတွေလဲ မယူချင်ဘူးတဲ့၊ ဘယ်လောက်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီး



လဲဗျာ၊ ဒါပေမယ့်.....''

လိုယွမ်ဟို့၏ 'ဒါပေမယ့်.....'ဆိုသောစကားကြောင့် သိုင်းသမားအားလုံး ခေါင်းထောင်ထသွားကြ၏။

ဒါပေမယ့်၏နောက်ကွယ်၌ ဆန့်ကျင်ဘက်သဘောတရားတစ်ခု ပါလာမည်မှာ သေချာနေပေသည်။

''ဒါပေမယ့် ဒီပုဂ္ဂိုလ်ကြီးက သူ့အကျိုးစီးပွား မပါဘဲနဲ့ ဘာဖြစ်လို့ ကျုပ်တို့ မန်ချူးနန်းတော်ထဲ ရတနာတွေ လာပို့ရသလဲ၊ တပ်မှူးကြီး ကျုံကွမ်စိုက်ဟာ ဒီအချက်ကို သေသေချာချာကြီး တွေးပါတယ်''

''ဒီလောကကြီးထဲမှာ ဒီလောက် ရက်ရောတဲ့စေတနာရှင် မရှိနိုင်ဘူးလို့ တပ်မှူးကြီး ကျုံကွမ်စိုက်က ပြောပါတယ်၊ 'ဒီအကြောင်းရင်းကို စုံစမ်းရမယ်၊ လေ့လာရမယ်'လို့ အမိန့်ရှိပါတယ်၊ ကျုပ်တို့ကို ခွဲဝေပေးတဲ့ တာဝန်တွေဟာ ဒီတာဝန်တွေပါပဲ''

''ကျုပ်လဲ ပီကင်းနေပြည်တော်က ထွက်ခွာလာရော ခေါင်းဆောင်ကြီး ထန်ကွေနုံးဟာ သိုင်းလောကထဲက အနားယူတော့မယ်ဆိုတဲ့ သတင်းစကားလဲ ကြားလိုက်ရပါရောဗျာ၊ ဒါနဲ့ ကျုပ်လဲ ထန်ကွေနုံးကို ပေးဖို့ လက်ဆောင်ပစ္စည်းတွေ ရှာဖွေရတော့တာပေါ့''

''လက်ဆောင်ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက်နဲ့ သူ့ဆီလဲ ရောက်သွားရော ထန်ကွေနုံးဟာ ကျုပ်တို့ကို လှိုက်လှဲစွာ ကြိုဆိုခဲ့ပါတယ်၊ သူ့ဘေးမှာ ထိုင်ခိုင်းပါတယ်၊ ပြဿနာတစ်ရပ်ကိုလဲ တင်ပြပါတယ်။ ဒီပြဿနာ တင်ပြတဲ့အခါမှာ တစ်ဦးတစ်ယောက်ကို ထိခိုက်မှာ ဖြစ်၏

www.burmeseclassic.com

www.burmeseclassic.com



တယ်''

လိုယွှမ်ဟို့သည် ယင်ကြည်အား လှမ်းကြည့်ပြီး ရုတ်တရက် မပြောသေးဘဲ အကဲခတ်သလို ဆိုင်ငံ့နေလေ၏။

♛ ♛ ♛



အခန်း(၃၈)

## အန္တရာယ်တွေပြား လက်သုံးစား

အကဲခတ်နေသည့် လိုယွှမ်ဟို့အား တစ်စုံတစ်ရာ ကန့်ကွက်လိုပုံ မရှိဟန်နှင့် ယင်ကြည်မှာမူ ကိုယ်စိတ်နှစ်ပါးလုံး အေးစက်ငြိမ်သက်နေသည်။

ထိုစဉ်ဝယ် 'နောင်ကြီးယင်ကြည်.....ကျုပ် အခုပြောမယ့် စကားတွေဟာ ခင်ဗျားကို ထိခိုက်သလို ဖြစ်နေမယ်ဆိုရင်တော့ ကျုပ် တောင်းပန်ပါတယ်ဗျာ၊ စိတ်မဆိုးပါနဲ့''

ယင်ကြည်က.....

''ဟာ.....အရေးမကြီးပါဘူး။ ပြောသာပြောပါ၊ ကျုပ် စိတ်မဆိုးပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



လိုယွမ်ဟို့က.....

"ဒီလိုပါဗျာ.....ထန်ကွေနုံက ခင်ဗျားရဲ့ မကောင်းသတင်းတွေ ကျုပ်ကို ပြောပြတယ်၊ ဒါတွေကိုတော့ အသေးစိတ် ပြောပြဖို့ လိုမယ် မထင်ပါဘူး။ ခင်ဗျားရဲ့သိက္ခာတွေ ချပြီးတော့မှ ကျုပ်ရယ်၊ မန်ချူး နန်းတွင်းအရာရှိကြီးတွေရယ်က ခင်ဗျားကို ဖမ်းဆီးသင့်တယ်လို့ တိုက်တွန်းပါတယ်"

ယင်ကြည်၏မျက်နှာမှာ ရုတ်တရက် သွေးဆုတ်ဖြူရော်သွားသည်။

"ဒီတော့ ခင်ဗျားက ဘာပြန်ပြောလိုက်သလဲ"

"ကျုပ်က ဘာပြန်ပြောရမလဲ၊ သူ့ကို လေးလေးစားစားနဲ့ ဖျောင်းဖျရတာပေါ့ဗျာ၊ နောင်ကြီးယင်ကြည်ကို အရေးယူဖမ်းဆီးရင် ခေါင်းဆောင်ကြီးတို့ရဲ့ ထန်းလုံသိုင်းအဖွဲ့ကြီးသာ နာမည်ပျက်ပါလိမ့်မယ်၊ မကျေနပ်တဲ့အချက်တွေရှိရင် ကိုယ့်အချင်းချင်း ညှိနှိုင်းဆောင်ရွက်ခြင်းသာ အကောင်းဆုံးဖြစ်ပါတယ်'လို့ ကျုပ်က ပြောခဲ့ပါတယ်"

"အမှန်အတိုင်း ပြောရရင်တော့ ဒါဟာ ကျုပ်ရဲ့ ပရိယာယ်ပေါ့ဗျာ၊ ကျုပ်ဟာ မန်ချူးနန်းတော်က အဆင့်မြင့် ကိုယ်ရံတော်ကြီး ဖြစ်ပေမယ့် ထန်းလုံသိုင်းအဖွဲ့ကြီးပေါ်မှာ ဘယ်လိုစေတနာထားပါတယ် ဆိုတဲ့အချက်ကို ဖော်ပြလိုက်တာပါပဲ"

ယင်ကြည်က လှိုက်လှဲသောလေသံဖြင့် ပြောသည်။

"အေးဗျာ၊ ခင်ဗျား ပြောတဲ့စကားတွေကို ကျုပ် ယုံပါတယ်၊ ...ကြောင့်မို့ အဲဒီတုန်းက ကျုပ် ဘာမှ မဖြစ်ခဲ့တာပေါ့ဗျာ၊ ဒီအတွက် ...ပြီး ကျေးဇူးတင်ပါတယ်၊ ကျေးဇူးလဲ ဆပ်ပါ့မယ်ဗျာ"



လိုယွမ်ဟို့က လက်ကာပြပြီး.....

"ဖြစ်ပါတယ်ဗျာ၊ ခင်ဗျား ဒီလောက်နားလည်မှု ရှိတာကိုပဲ ကျုပ် ကျေနပ်လှပါပြီဗျ၊ ခင်ဗျားတို့ရဲ့ အစ်ကိုကြီးကတော့ တကယ့်ကို ...ဒါးသီးသီး ပြောခဲ့တာဗျ၊ ခင်ဗျားကို ထောင်သွင်းအကျဉ်းချပြီး ...စက်ဖို့တောင် ပြောပါတယ်"

"ကျုပ်က ပြန်မေးတယ်ဗျ 'နောင်ကြီး ထန်ကွေနုံ၊ နောင်ကြီး ယင်ကြည်နဲ့ ဘာတွေများ ပြဿနာ ရှိခဲ့သလဲဗျ၊ ကျုပ်ပါ ကူညီသင့်ရင် ကူညီရမှာပေါ့၊ ဖမ်းတဲ့ဆီးတဲ့ကိစ္စက လွဲရင်ပေါ့ဗျာ"

"အဲဒီအခါကျတော့ နောင်ကြီးထန်ကွေနုံက သူတို့ရဲ့ ...ကွင်းရေးတွေကို ပြောပြပါတယ်၊ သူတို့ ထန်းလုံအဖွဲ့ကြီးမှာ အနားယူ ...တော့မယ်ဆိုရင် ထန်းလုံ (ပေကျူး)အဖွဲ့နဲ့ ထန်းလုံ(နန်ကျူး) အဖွဲ့ဟာ အဖွဲ့ခေါင်းဆောင်နေရာကို တစ်လုညီစီ ယူရတဲ့အကြောင်း"

"အနားယူပွဲမှာ ထန်းလုံအဖွဲ့အနေနဲ့ အထွတ်အမြတ် သိမ်း ...ဆည်းခဲ့တဲ့ပစ္စည်းတွေကိုပါ လက်ပြောင်းရတဲ့အကြောင်း'

"အခုဆိုရင် သူဟာ ကေရာဇ်ကြီးလီချုံ့ဝှမ်ရဲ့ လက်သုံးတော် ...ဓါးကြီးကို ယင်ကြည်ရဲ့လက်ထဲ ပေးရတော့မယ့်အကြောင်း"

"ဒီဓားသာ ယင်ကြည်ရဲ့လက်ထဲ ရောက်သွားရင် ထန်းလုံပေ ကျူးအဖွဲ့အနေနဲ့ ဘယ်တော့မှ ရနိုင်စရာ မရှိတော့တဲ့အကြောင်း"

www.burmeseclassic.com

www.burmeseclassic.com



''ဘာပဲဖြစ်ဖြစ် အခုဆိုရင် သူဟာ လက်သုံးတော်ဓားကြီး ဒီညမှာပဲ လွှဲအပ်ပေးရတော့မယ့်အကြောင်း ရှင်းပြပါတယ်''

''အမှန်အတိုင်းပြောရမယ်ဆိုရင်တော့ ကျုပ်ဟာ သူ့စကား အပေါ်မှာ အများကြီး သံသယရှိပါတယ်၊ သူက ပြောတယ် လက်သုံးတော်ဓားကို ဒီည လွှဲအပ်ပေးရတော့မယ်တဲ့''

''ဒါပေမယ့် ကျုပ် မယုံပါဘူး။ သူ လွှဲအပ်ပေးမယ်လို့ ကျုပ် မယုံဘူး။ ဒီတော့ ကျုပ်အနေနဲ့ စောင့်ကြည့်သင့်တယ်လို့ ဆုံးဖြတ် လိုက်တယ်''

''သူက ကျုပ်ကိုကြိုက်တဲ့အခန်းမှာ တည်းခိုပါလို့ပြောတယ် ကျုပ်ဟာ တတ်နိုင်သမျှ ထန်ကွေ့နုံးရဲ့အခန်းနဲ့နီးတဲ့နေရာမှာ တည်း တယ်''

''အဲဒီညမှာပဲ အနောက်ဘက်·အဆောင်ထဲမှာ ငြင်းခုံသံတွေ ကြားရတာပါပဲဗျာ၊ ငြင်းခုံနေတဲ့လူနှစ်ယောက်ကတော့ ထန်ကွေ့နုံး ယင်ကြည်ပဲပေါ့ဗျာ၊ ပစ္စည်းလွှဲအပ်ရေးအတွက် ငြင်းခုံနေကြတာပါပဲ''

''သူတို့ ဒီလိုငြင်းခုံနေကြတော့ ကေရာစ်ကြီးရဲ့ လက်သုံးတော် ဓားဟာ ထန်ကွေ့နုံးရဲ့လက်ထဲမှာရှိနေတာ ပိုသေချာသွားတယ်၊ ဒါဟာ ကျုပ်အခွင့်အရေးပဲလို့ တွေးလိုက်မိတယ်''

''ဒီလက်သုံးတော်ဓားကိုသာ ကျုပ်ရပြီး တပ်မှူးကြီး ကျုံကွ ၆ စိုက်ရဲ့လက်ထဲ အပ်နိုင်ရင် ကျုပ်အဖို့ မန်ချူးနန်းတော်ထဲမှာ မျက်နှာ အပွင့်ဆုံး။ ရာထူးအကြီးဆုံး ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်တော့မှာ သေချာ



နေတာပေါ့၊ ဒါကြောင့်မို့ ဒီဓားကို ဒီညမှာပဲ အရယူဖို့ ဆုံးဖြတ် လိုက်တယ်ဗျာ''

''ဒါကြောင့် ကျုပ်ဟာ ထန်ကွေ့နုံး ပြန်မလာခင် ထန်ကွေ့နုံးရဲ့ အခန်းထဲကို သူခိုးတွေ ချွတ်နင်းဝင်သလို ဝင်သွားခဲ့ပါတယ်၊ ထန်ကွေ့နုံး မလာခင် သူ့အခန်းထဲက လက်သုံးတော်ဓားကို ရအောင်ရှာဖွေမယ် ဆိုတဲ့အကြံနဲ့ပေါ့ဗျာ''

''ကျုပ်တောင် ဓားကို မရှာရသေးပါဘူးဗျာ၊ အခန်းအပြင်က ခြေသံတွေ ကြားရတော့တာပဲ၊ ဘယ်သူ့မှန်းတော့ သေသေချာချာ မသိဘူး ဗျာ၊ ဒါပေမယ့် ကျုပ်လဲ အမြန်ဆုံး ပုန်းအောင်းရတော့တာပေါ့ဗျာ''

''ကျုပ်လဲ ကုတင်အောက် ဝင်ပုန်းပြီးရော အခန်းထဲကို ထန်ကွေ့နုံး ဝင်လာရောဗျာ၊ ကျုပ်လဲ အသံတွေ ကြားနေရတယ်၊ ထန်ကွေ့နုံးဟာ ကုတင်ပေါ်က တစ်ခုခု ဖွင့်လိုက်ပုံရတယ်''

''ဟယ်.....ငါ့ဓား ဘယ်ရောက်သွားပါလိမ့်''လို့ တအံ့တသြ ပြောလိုက်တဲ့ ထန်ကွေ့နုံးရဲ့အသံကို ကြားလိုက်ရတော့ ကျုပ်လဲ ထိတ်ခနဲ ဖြစ်သွားမိတယ်ဗျာ''

''ခင်ဗျားတို့ပဲ စဉ်းစားကြည့်လေဗျာ၊ ဓားကိုခိုးဖို့ ဝင်ပုန်းနေ တဲ့လူအဖို့ ဓားမရှိတော့ဘူးဆိုတော့ ရင်ထဲ ဘယ့်နှယ်နေတော့မလဲ''

''တစ်ခုတော့ ရှိတယ်၊ သူဟန်ဆောင်ပြီး အော်လိုက်လေသလား တော့ မပြောတတ်ဘူးပေါ့၊ ဟန်ဆောင်အော်တာ ဖြစ်ရိုးမှန်ရင်တော့ သိပ်သရုပ်ဆောင်ကောင်းတယ်လို့ ဆိုရမှာ သေချာတယ်''

www.burmeseclassic.com

www.burmeseclassic.com



''သူက 'ဟော့.....ထန်ချင်ဝင်း၊ ဟော့.....ထန်ချင်ဝင်း' ချက်ချင်း အော်တော့တာပဲဗျ၊ မကြာခင်မှာပဲ အခန်းထဲကို ပြေးလွှား ရောက်လာတဲ့အသံတွေကို ကြားရတယ်''

'ဟော့.....သမီး ဓားကို သမီး ယူထားသလား' လို့မေးပါတယ် ထန်ချင်ဝင်းက သူ မယူတဲ့အကြောင်း ရှင်းပြပါတယ်''

''ဒီအချိန်မှာပဲ နောင်ကြီးယွမ်စစ်ကျိုးဟာ အခန်းထဲ ဝင်ရောက်လာတော့တယ်၊ ထန်ကွေနုံနဲ့ ထန်ချင်ဝင်းဟာ လက်သုံးတော် ဓားအကြောင်း လုံးဝ မပြောတော့ဘဲ နှုတ်ပိတ်နေလိုက်ကြတယ်''

''နောင်ကြီး ယွမ်စစ်ကျိုးကတော့ ဒီအကြောင်းလဲ ကြားပုံ မပေါ်ပါဘူး။ ထန်းလုံအဖွဲ့ရဲ့ ခေါင်းဆောင်ချုပ်ရာထူးကို နောင်ကြီး ယင်ကြည်ကို မပေးဘဲ သူ့ကိုပေးဖို့လာပြီး ငြင်းခုံတော့တာပဲဗျာ''

''တစ်ခုရယ်စရာကောင်းတာက ထန်ကွေနုံ။ ယွမ်စစ်ကျိုးဟာ ထန်းလုံအဖွဲ့ခေါင်းဆောင်ရွေးဖို့ကိစ္စကနေ ဘယ်လိုတယ်လို့ လမ်းကြောင်း ပြောင်းသွားမှန်း မသိပါဘူးဗျာ''

''ချောင်ယွင်ချိုနဲ့ ထန်ချင်ဝင်း အနေအထိုင် မဟုတ်ပုံကို ရောက်သွားရောဗျ၊ ထန်ချင်ဝင်းလဲ စိတ်ဆိုးမာန်ဆိုးနဲ့ အခန်းထဲက ထွက်သွားသဗျ၊ ထန်ကွေနုံးနဲ့ ယွမ်စစ်ကျိုး အတော်ကလေး ငြင်းခုံပြီး သွားတော့ ထောင်ကြည်အန်းကို သူ့ဆီ လွှတ်လိုက်ဖို့ ယွမ်စစ်ကျိုးကို မှာကြားသံ ကြားလိုက်ပါတယ်''

''ယွမ်စစ်ကျိုးထွက်သွားပြီး အတော်ကလေးကြာတော့



ထောင်ကြည်အန်း ဝင်လာတယ်၊ သူ့ကုတင်ပေါ်မှာရှိတဲ့ ဗလာဟင်းလင်း သံသေတ္တာကလေးကို ထောင်ကြည်အန်းလက်ထဲ အပ်ပြီး မဟာ တံတိုင်းကြီးရဲ့ အပြင်ဘက်မှာ သွားမြှုပ်ဖို့ စေခိုင်းတော့တာပါပဲဗျ၊ ကျုပ် ကတော့ စိတ်ထဲကပဲ ပြောမိပါတယ်၊ 'အင်း.,...အရှုံးအပေါ်ကလေး ကတော့ ထန်ကွေနုံရဲ့ ထောင်ချောက်ထဲမှာမိပြီ သင်းတော့ ဝင်ပြီးဓားစာခံ လုပ်ရပြီ' လို့''

သိုင်းသမားကြီးသည် ပြောရင်းပြောရင်း မျက်စိကို မှေးစင်း ထား၏။

အတိတ်ညာ၏ အကြောင်းအရာများကို အစဉ်တစိုက် တွေးထင် မိလာပြန်သည်။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



မျှ၊ ဓားရဖို့အကြောင်း မရှိတော့ ကျုပ်အဖို့ ဘယ်လောက် စိတ်ကျဉ်းကျပ်မယ်ဆိုတာ ခင်ဗျားတို့ တွေးမိပါလိမ့်မယ်''

''အဲ.....သိပ်မကြာခင်မှာပဲ ထန်ချင်ဝင်းဟာ အခန်းထဲ ပြန်ပြီး ပြေးဝင်လာပါတယ်၊ 'ဖေဖေ.....ဖေဖေ ဖေဖေ့ရဲ့ဓားကြီး ဘယ်မှာလဲ ဆိုတာ သမီး သိပြီ' လို့ အမောတကော ပြောတယ်ဗျ''

''ထန်ကွေနုံးဟာ ကုတင်ပေါ်က ခုန်ထတော့တာပဲ၊ 'ပြောစမ်း ဓားဘယ်မှာလဲ၊ ဓား ဘယ်မှာလဲ' လို့ ထပ်တလဲလဲ အော်နေတယ်ဗျာ၊ ဒီတော့မှ သူ့ဓားပျောက်တာ တကယ်ပဲလို့ ကျုပ် ယုံတော့တယ်''

''ထန်ချင်ဝင်းဟာ သူ့အဖေနား တိုးကပ်လာပြီး ခပ်တိုးတိုးပဲ ပြောတယ်ဗျ၊ သူဘယ်လောက်ပဲတိုးတိုး ကျုပ်ကတော့ ပီပီသသကြီးကို ကြားနေရပါတယ်ဗျာ၊ 'ဖေဖေ၊ဖေဖေ့ဓားကို အစ်ကိုကျိုးယွင် ခိုးယူသွားတယ်၊ ဒါကို သမီး သေသေချာချာ သိတယ်' လို့ ပြောပါတယ်''

''ဟာ.....အဲဒီစကားသံလဲ ကြားရော ထန်ကွေနုံးဟာ မိုးခြိမ်းသလို အော်တော့တာပဲဗျာ၊ 'တကယ်လား။ ဒီကောင် ဘယ်မှာလဲ' လို့ အော်တယ်''

''နောက်ပြီး.....

'ဓားက အရေးကြီးတယ်၊ ဓားဘယ်မှာလဲ ဓားဘယ်မှာလဲ' လို့ ထပ်အော်တယ်ဗျာ၊ ထန်ချင်ဝင်းက 'သူဟာ ဓားကို သချိုင်းတစ်ခုထဲမှာ မြှုပ်ထားတယ် ဖေဖေရဲ့၊ သချိုင်းထဲမှာဆိုတော့ ဘယ်သူကမှ သံသယ မရှိတော့ဘူးပေါ့' လို့ ပြောပါတယ်''

---



အခန်း (၃၉)

ကောရာဇ်ဓား ပြန်ပေးပါ

သူ့အတွေးအမြင်တို့မှာ ပီပြင်ကြည်လင်သည်နှင့်အမှု လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး တရစပ် ပြောပြန်လေသည်။

'တောင်ကြည်အနီး အပြင်လဲ ထွက်သွားရော၊ ထန်ကွေနုံးဟာ တဗျစ်တောက်တောက်နဲ့ ပြောနေတော့တာပဲ၊ သူပြောနေတဲ့စကားက 'တယ်တော်တဲ့ ဟူယိတောင်။ တယ်တော်တဲ့ မြောင်ရင်ဖုန့်' တဲ့ဗျ''

''အဲဒီအချိန်မှာတော့ ထန်ကွေနုံးဟာ ရှိုစန်းဟူဖေးရဲ့စာကို ရရှိပြီးနေပြီဗျ၊ သူသေတော့မှာကို မုချ သိနေပါပြီ၊ လက်သုံးတော်ဓားကိုတော့ မြောင်ရင်ဖုန့် ယူသွားပြီလို့ ကျုပ်စိတ်ထဲမှာ ထင်နေတယ်၊ ဟူယိတောင်းကို ဘာဖြစ်လို့ တနေတယ်ဆိုတာတော့ ကျုပ်လဲ မသိဘူး''

''ကျုပ်လဲ ကုတင်အောက်မှာ အတော်ပဲ စိတ်ညစ်နေမိပါတယ်

www.burmeseclassic.com



'ဟော့ .....ဘာမှမပြောနဲ့တော့၊ မားကိုသာ အမြန်ဆုံးသွားပြီး တူးယူခဲ့စမ်း'လို့ ထန်ကွေနုံးက အော်ပါတယ်၊ သူ သိပ်ဒေါသထွက်နေတယ်ဗျာ၊ အသံက တုန်ယင်နေတယ်''

''ဒါပေမယ့် ထန်ချင်ဝင်းက ချက်ချင်း ထွက်မသွားဘူးဗျ၊ 'ဟော့.....ဘာဖြစ်လို့ အချိန်ဖြုန်းနေတာလဲ၊ ဒီမား ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိတယ်မဟုတ်လား။ မြန်မြန်သွားစမ်း'လို့ ထန်ကွေနုံးက ထပ်အော်တယ်၊ ထန်ချင်ဝင်းက.....''

'ဖေဖေ့ကို သမီး ပြောစရာရှိတယ်၊ ပထမဆုံး အစ်ကို ကျိုးယွင်ကန်ကို ခေါ်လိုက်ပါ၊ သမီး တံခါးအကွယ်ကနေပြီး စောင့်ကြည့်နေပါမယ်၊ သူမားကို ခိုးယူသွားသလားဆိုတာ ဖေဖေ သေသေချာချာ စစ်မေးပါ၊ သူ ခိုးယူသွားမိပါတယ်လို့ ဝန်ခံရင် သမီး သူ့ကျောကုန်းကို အဆိပ်ဓူးနဲ့ပစ်ပြီး အဆုံးစီရင်ပစ်လိုက်မယ်၊ ပြီးတော့မှ သချိုင်းထဲက တူးဖော်ပေးမယ်'လို့ ပြောပါတယ်''

''ဟာ.....ကုတင်အောက်က နားထောင်နေတဲ့ ကျုပ်ဟာလဲ တစ်ခေါင်းလုံး ဆံပင်တွေ ထောင်သွားသလို ခံစားလိုက်ရတယ်ဗျာ၊ ဘယ့်နှယ် ဒီမိန်းကလေး ရက်စက်လှချည်လား။ ကိုယ့်ရဲ့ အဖွဲ့တူ အစ်ကိုကိုတောင် လုပ်ကြံရက်ပါလားလို့ တွေးနေမိပါတယ်ဗျာ''

''အဲဒီအချိန်မှာပဲ ထန်ကွေနုံးရဲ့အသံကို ကြားရပါတယ်၊ 'နင် ဘာဖြစ်လို့ သူ့အသက်သတ်ရမှာလဲ၊ သူက ငါ့တပည့်ပဲ၊ နင့်ရဲ့ အဖွဲ့တူ အစ်ကို၊ သူ အပြစ်ကျူးလွန်တာ မှန်ပေမယ့် အသက်သေဖို့လောက်



[illegible]တော့ ငါ ခွင့်မပြုနိုင်ဘူး'လို့ ပြောပါတယ်''

''ထန်ချင်ဝင်းက 'ဒါဖြင့် သူခိုးထားတဲ့ မားကိစ္စကို ဖေဖေ [illegible]လွှတ်တယ်ပေါ့'လို့ မေးပါတယ်၊ ထန်ကွေနုံးက 'နင် ဘာတွေ [illegible]ပြောနေတာလဲ၊ ငါ သူ့ကို ခွင့်လွှတ်တယ်လို့ ဘယ်တုန်းက ပြောသလဲ၊ [illegible]ခြေနှစ်ချောင်းကို ငါ ရိုက်ချိုးပစ်မယ်'လို့ ပြောပါတယ်''

''ထန်ချင်ဝင်းက 'ဒီလိုဆိုရင်တော့ ဖေဖေ့ရဲ့မားကို သမီး [illegible]မပေးတော့ဘူး'လို့ပြောတော့ ထန်ကွေနုံး ငိုင်သွားတယ်ဗျာ၊ စကားသံ [illegible] ထွက်မလာဘူး၊ တော်တော်ကြာတော့မှ အားလျော့သံနဲ့ ပြောပါ[illegible]တယ်''

'ကောင်းပြီ ငါ့မားကိုသာ အမြန်ဆုံး ရအောင်ယူခဲ့ သူ့ကိုတော့ [illegible]ချင်သလိုသာ လုပ်ပေတော့'လို့ ခွင့်ပြုလိုက်ပါတယ်၊ ထန်ချင်ဝင်းဟာ ထန်ကွေနုံးရဲ့ သဘောတူညီချက်လဲ ရရော အခန်းထဲက တစ်ချိုးတည်း [illegible]ထွက်သွားတော့တာပါပဲဗျာ''

''အဲဒီတုန်းက လုံမလေး ထန်ချင်ဝင်းအနေနဲ့ ကျိုးယွင်ကန်ကို [illegible]ဖြစ်လို့ သတ်ချင်နေမှန်း ကျုပ် မသိခဲ့ပါဘူးဗျာ၊ စောစောက [illegible]ကြည်အန်းဖွင့်ပြောတာတွေ ကြားတော့မှ သူတိတ်တိတ်ပုန်းမွေးတဲ့ [illegible]ကလေး မြေမြှုပ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျိုးယွင်ကန်ကို စွပ်ပိတ်ချင်မှန်း [illegible]ပါတော့တယ်''

''ကြားလူအနေနဲ့ ပြောရမယ်ဆိုရင်တော့ ဒီမိန်းကလေး [illegible]ကယ်မှားတယ်လို့ ဆိုချင်ပါတယ်ဗျာ၊ သူတို့နှစ်ယောက် သချိုင်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ကတိကဝတ်တွေ ထားခဲ့ပြီးပြီပဲ၊ ဘာဖြစ်လို့ ထန်ကျွန်းဆီ လာပြောရမ[ယ်] မပြောသင့်ဘူးပေါ့၊ အခုတော့ သူက တစ်ခါတည်း နှုတ်ပိတ်ပစ်ဖို့တော[င်း] ကြနေတယ်၊ ဆိုးရွားလိုက်တဲ့အကြံနှယ်ဗျာ"

"ဘာပဲဖြစ်ဖြစ် ကျုပ်တော့ အတော့်ကို ကျေနပ်သွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဓားဟာ ဒီအခန်းထဲ ပြန်ရောက်ဦးမှာကိုး[။] ဓားသာ ဒီအခန်းထဲ ပြန်ရောက်လာရင် ကျုပ်အဖို့ အခွင့်အရေး ရချင်ရ[…] မယ်၊ စောင့်ရကျိုး နပ်ချင်နပ်ဦးမယ်၊ ဒီအတွေးနဲ့ ကျုပ်လဲ ကုတ[င်] အောက်မှာ ငြိမ်ငြိမ်သက်သက်ကလေးပဲ နေလိုက်ပါတယ်ဗျာ"

"အောင်မယ်..... ရိုးရိုးနေတုန်းကသာ သိပ်မကြာလိုက်ဘ[ူး] အောက်မေ့တာ၊ ထန်ချင်ဝင်းပြန်အလာ စောင့်ရတာကျတော့ သိပ်မလွယ်[…] ဘူးဗျို့၊ ကိုယ်က မြန်မြန်လာစေချင်နေတာကိုး"

"ထောင်ကြည့်အန်းရဲ့ ပြောစကားနဲ့ နှိုင်းယှဉ်ကြည့်ရင်[…] ဘယ်မြန်နိုင်ပါ့မလဲဗျာ၊ ဟိုသချိုင်းအထိ သွားပြီး တူးကြည့်ရဦးမှ[ာ] မဟုတ်လား။ အတော်ကြီးကြာတော့မှ ထန်ချင်ဝင်း ပြန်လာတယ်၊ သုတ[်] သီးသုတ်ပျာနဲ့ပေါ့ဗျာ"

"အခန်းထဲကို ထန်းချင်ဝင်းလဲ ဝင်လာရော ထန်ကျွန်းက[…] လှမ်းမေးတယ်၊ 'ဓား ဘယ်မှာလဲ'တဲ့၊ ထန်ချင်ဝင်းက တုန်တုန်ယင်ယ[င်] နဲ့ပြောတယ်၊ 'ဖေ.....ဖေဖေ.....ဓား.....ဓား မရှိတော့ဘူး။ ကျွန်.....ကျွန်[…] နောက်ကျသွားပြီ၊ သူ.....သူ'လို့ ပြောတယ်"

"စကားကို ဆုံးအောင်တောင် မပြောနိုင်ဘဲ တုန်ယင်ချောက်[…]



ချားနေတယ်၊ အဲဒီ ထန်ချင်ဝင်းရဲ့ မဆုံးတဲ့စကားကို ခင်ဗျားတို့ သိချင် သိမှာ၊ ထန်ချင်ဝင်း အဆုံးသတ် ပြောချင်တဲ့စကားက ဒီလိုဗျ"

"သူ ဓားကိုတင် ယူသွားရုံမကဘူး။ ကလေးအလောင်းကိုပါ တူးဖော်ပြီး ယူသွားပါပြီ'လို့ ပြောမလို့ပါ။ ဒါပေမယ့် သူ ပြောမထွက်ပါဘူး။ ဆွံ့အသလို ဖြစ်နေပါတယ်၊ ဒါလဲ အပြစ်တော့ ပြောလို့မရဘူးပေါ့ဗျာ၊ ကိုယ့်အထုပ် ကိုယ်ဖြည်ပြရမယ့်ကိစ္စမျိုး မဟုတ်လား"

"ထန်ချင်ဝင်းဟာ ဒီကိစ္စကို ပေါ့ပေါ့တန်တန် သဘောထား လို့ မရဘူးဆိုတာ သိတော့ 'သမီး သူ့ကိုမတွေ့တွေ့အောင် လိုက်ရှာ မယ်'လို့ပြောပြီး ပြေးထွက်သွားတယ်"

"ထန်ချင်ဝင်းဟာ ဘယ်လောက် အလောတကြီး ပြေးထွက် သွားလဲဆိုရင် အခန်းဝမှာတောင် ခလုတ်တိုက်ပြီး လဲသွားပါသေးတယ်၊ ထန်ကျွန်းကတော့ ငူငူငိုင်ငိုင်ကြီး ဖြစ်နေပြီနဲ့ တူပါရဲ့၊ သူ့သမီး လဲကျ တာကိုတောင် ပြေးမထူနိုင်ပါဘူး။ ဒီအတိုင်း ကြည့်နေတော့တာပါပဲဗျာ"

သူက အကြမ်းတစ်ပန်းကန်ကို ဆတ်ခနဲ မော့သောက်လိုက်၏။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၀)
## မပုံးတစ်ဝက် ပုံးတစ်ဝက်

သူ့အတွေ့အကြုံ၊ သူ့မြင်ကွင်း။ သူ့ခံစားချက်များကား မကုန်ဆုံးနိုင်သော ပင်လယ်ပြင်ကြီးနှယ် နက်ရှိုင်းလှပေ၏ဟု သူတကာတို့ ထင်မှတ်ရာတည်း။

သူကပင် ဆက်၍.....

"ထန်ချင်ဝင်းက တံခါးဘောင်ကိုတွယ်ပြီး ထလာတယ်၊ သူဟာ ခဏကလေးပဲ နားတယ်၊ သူ့အဖေကို တစ်ချက်လှမ်းကြည့်ပြီး ပြန်ထွက်ပြေးသွားတယ်"

"အဲဒီအခါကျမှ ထန်ကျွန်းဟာ တံခါးကို ထပိတ်ပြီး ကန့်လန့်ထိုးလိုက်တယ်၊ ဒီတစ်ခါကျတော့ ကုတင်ပေါ်မှာ မထိုင်တော့ဘူး။ ကုလားထိုင်တစ်လုံးပေါ်မှာ ဝင်ထိုင်တယ်၊ အဲဒီအခါကျမှ ကျုပ်လဲ



သူ့မျက်နှာကို ကုတင်အောက်က မြင်နိုင်တော့တယ်"

"ထန်ကျွန်းရဲ့မျက်နှာဟာ ညှိုမည်းပြီး အတော်ကလေး အိုစာသွားတယ်၊ အဲဒီသူဟာ ကုလားထိုင်ပေါ်မှာ ငူငူငိုင်ငိုင်ကြီး ထိုင်နေတော့တာပါပဲ၊ ထောင်ကြည့်အနီးဆီက တောင်းထားတဲ့ လေးရှုံးမြားကိုလဲ မကြာခဏ ကိုင်ကြည့်တယ်၊ သူ့မျက်နှာကိုကြည့်ပြီး ကျုပ်တောင် အတော်ကြောက်နေမိတယ်"

"အဲဒီအချိန်မှာ ကျုပ်ကိုသာ တွေ့သွားရင်တော့ ဘယ်သူ့မျက်နှာမှမထောက်ဘဲ သတ်မှာ သေချာတယ်၊ သိပ်သေချာတယ်၊ လူသတ်ချင်တဲ့မျက်နှာဆိုတာ အဲဒီမျက်နှာမျိုးပဲဗျို့"

"ထန်ကျွန်းဟာ အချိန်အတော်ကြာကြာ အသေကောင်ကြီးလိုပဲ ထိုင်နေပါတယ်၊ ဘယ်သူမှ ဒီလောက် မလှုပ်မယှက်ကြီး ထိုင်နိုင်မှာမဟုတ်ပါဘူး။ ပတ်ဝန်းကျင်တစ်ခုလုံးလဲ လုံးဝ တိတ်ဆိတ်ငြိမ်သက်နေတယ်၊ ကျုပ်ဆိုရင် အသက်ရှူသံကို ကြိုးစားပြီး ထိန်းထားရတယ်"

"ကျုပ်ရင်ထဲက တဒိန်းဒိန်းခုန်နေတဲ့အသံကို ထန်ကျွန်းများ ကြားသွားလေမလားလို့ စိုးရိမ်ရတာလဲ အမောပါပဲ၊ ကျုပ်တစ်သက်မှာ ရင်အမောရဆုံး ကာလကို ပြပါဆိုရင် အဲဒီကာလကိုပဲ ပြရလိမ့်မယ်၊ ခင်ဗျားတို့ ကိုယ်ချင်းစာနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

"အဲဒီလို စိတ်မောနေတုန်းမှာ အဝေးက ခွေးအူသံတွေ ကြားလိုက်ရပါတယ်၊ နောက်တော့ ခွေးတွေ ဝိုင်းဟောင်တဲ့ အသံကြားလာရတယ်၊ ခွေးဟောင်တဲ့အသံတွေ တဖြည်းဖြည်းနီးလာတာကိုထောက်ရင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်ဟာ ထန်ကွေ့နုံးရဲ့ ဂေဟာကြီးဆီ လာနေပြီဆိုတာ သိနိုင်ပါတယ်''

''နောက်တော့ ခွေးဟောင်သံ ရုတ်တရက် တိတ်သွားတယ်၊ နောင်ကြီးထန်ကွေ့နုံးလဲ ဖြုန်းခနဲ ထရပ်လိုက်တယ်၊ တံခါးကို တစ်ယောက်ယောက်က လာခေါက်တော့မယ်ဆိုတာ ကြိုတင်သိပုံမျိုး ပေါ့ဗျာ''

''ထန်ကွေ့နုံးတွေးတာ မှန်တယ်၊ အခန်းတံခါးကို တဒေါက်ဒေါက်နဲ့ ခေါက်လိုက်တဲ့အသံ ပေါ်လာပါတယ်၊ ထန်ကွေ့နုံးက ခြောက်ကပ်ကပ်လေသံနဲ့.....''

'နောက်ဆုံးကျတော့ မင်း ရောက်လာတာပဲ မဟုတ်လား ဟူဖေး'လို့ မေးလိုက်ပါတယ်၊ တံခါးအပြင်ဘက်က 'ခင်ဗျား ကျုပ်အသံတောင် မမှတ်မိတော့ဘူးလားဗျ'လို့ ပြန်ပြောသံကြားရတယ်၊ အဲဒီအခါကျမှ 'မြောင်.....မြောင်ရင်ဖုန့်'လို့ ထန်ကွေ့နုံးက တုန်တုန်ယင်ယင်နဲ့ ပြောပါတယ်''

''တံခါးအပြင်ဘက်က 'မှန်တယ် ကျုပ်ပဲဗျ'လို့ ပြန်ပြောသံကြားရတယ်၊ ထန်ကွေ့နုံးကတော့ တုန်ယင်ခြောက်ချားနေတုန်းပါပဲဗျာ၊ 'သူ့ရဲကောင်းကြီး မြောင်ရင်ဖုန့်'

'ကျုပ်ကို ခင်ဗျား ရန်မမူတော့ဘူးလို့ ကတိပေးပြီးပြီ မဟုတ်လား၊ အခု ဘာလာလုပ်တာလဲ'လို့ မေးပါတယ်''

''တံခါးအပြင်ဘက်က 'ခင်ဗျားကို ရန်မူဖို့လာတာ မဟုတ်ပါဘူးဗျ၊ ခင်ဗျားအတွက် ပစ္စည်းလာပို့တာပါ'လို့ ပြောတယ်''

''ထန်ကွေ့နုံးဟာ အတော်ကလေးကြာအောင် စဉ်းစားနေပါတယ်၊ မြောင်ရင်ဖုန့်ပြောတာ ဟုတ်နိုင်၊မဟုတ်နိုင် စဉ်းစားနေတာပေါ့ဗျာ၊ နောက်တော့မှ သူ့လက်ထဲက လေးကိုင်းကို အသာချပြီး တံခါးကန့်လန့်ကို သွားဖြုတ်ပေးပါတယ်''

''အဲဒီအချိန်မှာပဲ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး မျက်နှာဝါကျင့်ကျင့်နဲ့လူတစ်ယောက်ကို တံခါးဝမှာ တွေ့လိုက်ရတာပါပဲဗျာ''

''သူကတော့ ခင်ဗျားတို့ပြောပြောနေတဲ့ မိုးအောက်မြေပြင်ပြိုင်ဘက်ကင်း၊ သိုင်းလောက ပြိုင်ဘက်ကင်း၊ ရွှေမျက်နှာ တန်မိုးရှင်လို့ နာမည်အမျိုးမျိုး မှည့်ခေါ်ခံရတဲ့ နံပါတ်တစ် သိုင်းသမားကြီး မြောင်ရင်ဖုန့်ပဲ ဖြစ်ပါတယ်''

''သူ့မျက်နှာမှာ ဒေါသထွက်တဲ့ အရိပ်အရောက်တော့ မရှိတော့ပါဘူး၊ ဒါပေမယ့် သူဟာ တစ်စုံတစ်ခုကိုတော့ မကျေမနပ် ဖြစ်နေပုံရတယ်၊ သူ့လက်ထဲမှာ ရှည်ရှည်မျောမျောပစ္စည်းတွေ ရှိနေတယ်၊ သူဟာ အခန်းထဲကို တစ်လှမ်းချင်း ဝင်လာပြီး ပစ္စည်းနှစ်ခုစလုံးကို စားပွဲပေါ် တင်လိုက်တယ်''

''သူဟာ ပစ္စည်းတွေကိုတင်ရင်း ခပ်အေးအေးနဲ့ 'ဟောဒီအထုပ်ကတော့ ကေရာဇ်ကြီးရဲ့ဓား၊ ဟောဒီအထုပ်ကတော့ ခင်ဗျားရဲ့ မြွေကလေးပဲဗျ'လို့ ပြောပါတယ်၊ ကျုပ်ဟာ ကုတင်အောက်ကကြည့်ပြီး အတော်ကလေးတုန်လှုပ်သွားတယ်၊ ထန်ကွေ့နုံးကတော့ ပြောစရာမလို



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးပေါ့ဗျာ၊ တစ်ခါတည်း ကုလားထိုင်ပေါ် ဖင်ထိုင်ကျသွားတော့တာပဲ''

''မြောင်ရင်ဖုန့်က 'ခင်ဗျားတပည့်ကတော့ ခင်ဗျားဆီက ဓားကိုနိုးပြီး မြေကြီးထဲ သွားမြုပ်ခဲ့တယ်၊ ခင်ဗျားသမီးကတော့ တိတ်တိတ်ပုန်းမွေးထားတဲ့ ကလေးလေးကိုသတ်ပြီး မြေကြီးထဲ သွားမြုပ်ခဲ့တယ်၊ အဲဒီဓားနဲ့ အဲဒီကလေးအလောင်းကို ကျုပ်တူးဖော်ပြီး ခင်ဗျားဆီ လာတာပါ' လို့ပြောတယ်၊ ကျုပ်စိတ်ထဲမှာ ထန်ကွေ့နုံး ငိုချတော့မှာပဲလို့ထင်နေမိခဲ့ပါတယ်ဗျာ''

''ချွမ်း''

ပန်းကန်လုံးကျကွဲသံသည် ကျယ်လောင်စွာထွက်ပေါ်လာသည်။ မြောင်ယိုလန်၏လက်ထဲမှ အကြမ်းပန်းကန်လုံးသည် ကြမ်းပြင်ပေါ်သို့ ကျကွဲသွားသည်။

ခင်သည် သူမ၏ပဝါကိုထုတ်၍ မြောင်ယိုလန်၏ခြေခုံ၌ ရှိနေသော လက်ဖက်ရည်ကြမ်းများကို ပွတ်သပ်သုတ်သင်ပေးသည်။

''သခင်မလေး၊ ခဏလောက် အနားယူလိုက်ပါလားဟင်''

ခင်၏ မေတ္တာရပ်ခံချက်ကို မြောင်ယိုလန်က ခေါင်းခါ ငြင်းဆန်လိုက်သည်။

''ငါဘယ်လိုလုပ် အနားယူနိုင်မှာလဲ ခင်ရဲ၊ သူတို့ ဇာတ်ကြောင်းကို ဆုံးအောင် နားထောင်ရဦးမှာပေါ့ကွယ်''

ထိုစဉ် လိုယွမ်ဟို့က သူ၏စကားကို ဆက်ပြောလေတော့၏။



''ကျုပ်ဟာ ကုတင်အောက်မှာ ကျုပ်ကျုပ်တည်းတည်း နေနေရပေမယ့် နားကိုတော့ အမြဲစွင့်ထားရတာပဲ၊ အဲဒီအချိန်မှာပဲ ထန်ကွေ့နုံးက မြောင်ရင်ဖုန့်ကို ကိစ္စတစ်ခုအကြောင်း ပြောပြနေတယ်၊ ကျုပ်နားထောင်ခဲ့တဲ့ အကြောင်းအရာတွေထဲမှာ ဒီအကြောင်းလောက် အူလည်ချာလည် နားမလည်တဲ့အကြောင်းအရာမျိုး တစ်ခုမှ မရှိခဲ့ပါဘူးဗျာ''

ယွမ်စစ်ကျိုးက စိတ်မရှည်ဟန်ဖြင့် ဝင်ပြော၏။

''ပြောသာ ပြောပါဗျာ၊ နောင်ကြီးလိုယွမ်ဟို့ နားမလည်ပေမယ့် ကျုပ်တို့ နားလည်ချင်နားလည်မှာပေါ့၊ ဟုတ်တယ် မဟုတ်လား''

လိုယွမ်ဟို့က.....

''ခင်ဗျားတို့ စိတ်ထင်လို့ပါဗျာ၊ နားနဲ့ဆတ်ဆတ် ကိုယ်တိုင်နားထောင်ရတဲ့လူတောင် အဓိပ္ပာယ်မသိဘဲနဲ့ တစ်ဆင့်စကားကြားရတဲ့ ခင်ဗျားတို့က ဘယ်လို နားလည်နိုင်မှာလဲ''

''ကိစ္စမရှိပါဘူးလေ၊ ကျုပ်အနေနဲ့ ဒီအကြောင်းပြောပြဖို့ ဘာမှ ဝန်မလေးပါဘူး။ ဒီကိစ္စက ဘာမှန်းမသိပေမယ့် စိတ်ဝင်စားစရာတော့ အကောင်းသားဗျ''

လိုယွမ်ဟို့က ထိုသို့အချီးများ၊ နိဒါန်းများ ပြောနေလေလေ နားထောင်နေသူများက ပိုသိချင်လေလေ ဖြစ်လာကြသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၁)

## ပုလဲဆံထိုးနဲ့ ယဉ်တဲ့သူ

သို့သော်.....

ကြားမှ သူတို့ဝင်တိုက်တွန်းမှ ပို၍ နှောင့်နှေးသွားမည်ကို စိုးရိမ်သဖြင့် လိုယွမ်ဟို့အား မည်သူမျှ မတိုက်တွန်းဝံ့ဘဲ ငြိမ်၍ နားထောင်နေကြရလေ၏။

လိုယွမ်ဟို့သည် လူအများ ကသိကအောင့်ဖြစ်အောင် အတော်ကလေးကြာအောင် ငြိမ်သက်နေသေးသည်။

အတန်ကြာမှ ဆက်၍ ပြောပြလေ၏။

"အဲ.....ထန်ကွေ့နုံးက မြောင်ရင်ဖုန့်ကို လှမ်းပြောပါတယ်၊ မိန်းကလေးဟာ အတော်ကို ဝေဒနာကြီးပါတယ်၊ ကျုပ်က ပြောပါတယ် ဆေးဆရာ ခေါ်ပြမယ်လို့၊ ဒါကို မိန်းကလေးက လက်မခံဘူးဗျ"

———●———



"သူဟာ ဆေးလဲမသောက်၊ ထမင်းလဲမစား ဆိုတော့ ဘယ်ကြံ့ခိုင်နိုင်တော့မလဲဗျ၊ သူကလဲ အရိုးနဲ့၊ အသွေးနဲ့၊ အသားနဲ့၊ ဖန်ဆင်းထားတဲ့လူပဲဗျ၊ ကြာတော့ ဘယ်ခံနိုင်တော့မလဲ။ ကျုပ်ကတော့ ဘယ်လိုပဲ တောင်းပန်တောင်းပန် ဘာဆေးဆို ဘာဆေးကိုမှ မစားပါဘူးဗျာ"

လိုယွမ်ဟို့၏စကားကို ကြားပြီးသည်နှင့် တရှုံ့ရှုံ့ငိုသံ ကြားလိုက်ရသဖြင့် လူအားလုံး၏ ဦးခေါင်းများသည် ငိုသံကြားရာသို့ လှည့်ကြည့်မိကြလေတော့၏။

သူတို့အားလုံး အံ့ဩသွားကြသည်။ ငိုနေသူမှာ မြောင်ယိုလန်ဖြစ်သတည်း။

နားထောင်နေသူအားလုံး အလွန် စိတ်ရှုပ်သွားကြသည်။

ဤကိစ္စသည် မြောင်ယိုလန်နှင့် မည်သို့ သက်ဆိုင်လေသနည်း။

အဘယ်ကြောင့် မြောင်ယိုလန် ငိုရသနည်း။ သူတို့အားလုံး လုံးဝနားမလည်နိုင်ဘဲ ဖြစ်နေကြသည်။

သူတို့သည် လိုယွမ်ဟို့ပြောသည့် အကြောင်းအရာကို ပြန်စဉ်းစားမိကြ၏။

ထန်ကွေ့နုံးသည် ထိုအမည်မဖော်နိုင်သောကိစ္စအား အဘယ်ကြောင့် မြောင်ရင်ဖုန့်ကို ပြောပြနေရသနည်း။

ထိုကိစ္စသည် မြောင်ရင်ဖုန့်နှင့် တစ်နည်းတစ်ဖုံ ဆက်စပ်မှု ရှိရမည်ဟု တွေးသည်။

———●———

www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်မှုရှိ၍သော ထန်ကွေ့နုံးက မြောင်ရင်ဖုန့်ကို ပြောပြ[illegible]ခြင်းဖြစ်ရမည်။

မြောင်ရင်ဖုန့်နှင့် ဆက်စပ်နေ၍သော မြောင်ရင်ဖုန့်၏ သမီး[illegible]သော မြောင်ပယိုလန် ငိုနေရခြင်းဖြစ်မည်ဟု တွေးနေကြ၏။

သို့သော် စိတ်ကူးနှင့် မှန်းဆတွေးနေခြင်းသာဖြစ်သည်။

ရေရေရာရာ သေသေချာချာ တွေးနိုင်ကြခြင်း မဟုတ်ပေ။

ထန်ကွေ့နုံး၏စကားထဲ၌ နာမကျန်းဖြစ်နေပုံရသော မိန်းကလေးတစ်ယောက် ပါဝင်နေသည်။

ထိုမိန်းကလေးသည် ထန်ကွေ့နုံးနှင့် သက်ဆိုင်သူလော။

သို့မဟုတ် မြောင်ရင်ဖုန့်နှင့် သက်ဆိုင်သူလော၊ တကယ်တမ်းတွေးဆ၍ မရသေးချေ။

လိုယွမ်ဟို့၏စကားကို ဆက်လက်နားထောင်ပြီးမှသာ တွေးဆ၍ရပေလိမ့်မည်။

ထိုစဉ် လိုယွမ်ဟို့က ဆက်ပြောသည်။

"ခင်ဗျားတို့ခေါင်းထဲမှာ ဘာတွေ စဉ်းစားနေတယ်ဆိုတာ ကျုပ်သိတယ်ဗျို့။ ဟားဟားဟား.....ဘာဖြစ်လို့လဲဆိုတော့ ထန်ကွေ့နုံး ပြောတဲ့စကားတွေကို ကျုပ် ကြားလိုက်တုန်းကလဲ ခင်ဗျားတို့ တွေးသလို ကျုပ်လဲ တွေးခဲ့မိတာကိုးဗျ။ ဟားဟားဟား....."

နားထောင်နေသူများသည် လိုယွမ်ဟို့၏စကားကို မငြင်းဆန်နိုင်သဖြင့် ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေကြ၏။



လိုယွမ်ဟို့က ဆက်ပြောသည်။

"ထန်ကွေ့နုံးရဲ့စကားဆုံးသွားတော့ မြောင်ရင်ဖုန့်က ချက်ချင်းပဲ ဆက်ပြောပါတယ်၊ 'ဒါဆိုလဲ သူဟာ သေချင်လို့ကို တမင် လုပ်နေတာပဲလို့ ဆိုရတော့မှာပေါ့ဗျာ' တဲ့"

ယွမ်စစ်ကျုံးက ဝင်မေးသည်။

"အဲဒါက ဘာအဓိပ္ပာယ်တဲ့လဲဗျာ"

ထိုအခါ လိုယွမ်ဟို့တို့က ဝါးလုံးကွဲ ရယ်မောလေတော့၏။

"ဟားဟားဟား.....အဲဒါပြောတာပေါ့ဗျ၊ ဒီအပိုင်းဟာ အင်မတန် စိတ်ရှုပ်စရာကောင်းတယ်လို့ စောစောကပဲ ခင်ဗျားပြောတယ် မဟုတ်လား။ ကျုပ်.နားမလည်ပေမယ့် ခင်ဗျားတို့ နားလည်နိုင်တယ်လို့"

"အကြောင်းအရာတစ်ခုကို ၈၊ လယ်၊ ဆုံး နားမထောင်ရဘဲနဲ့ ဘယ်သူက အဓိပ္ပာယ်ပေါက်မှာလဲဗျ၊ ထန်ကွေ့နုံးနဲ့ မြောင်ရင်ဖုန့်ပြောတဲ့ သဘောမျိုးဗျ၊ ဒီတော့ ကျုပ်တို့ ဘယ်နားလည်နိုင်တော့မလဲ"

လိုယွမ်ဟို့သည် ရှူ့အပြောနှင့် အဟော အားရုံးကိုက်နေသဖြင့် ကျေနပ်စွာ ရယ်မောနေသည်။

ပြီးမှ ဆက်ပြောသည်။

"ထန်ကွေ့နုံးက 'ကျုပ်လဲ ဒူးထောက်ပြီး တောင်းပန်ပါတယ်ဗျာ၊ သူက လုံးဝ ဂရုမစိုက်တာပါ'လို့ ပြောတယ်၊ အဲဒီတော့မှ မြောင်ရင်ဖုန့်က 'ကဲ.....ထားပါတော့ဗျာ၊ သူ နောက်ဆုံး ဘာတွေ မှာသွားသေးသလဲဗျာ'လို့ မေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



''ထန်ကွေ့နုံးက ဆက်လို့ ဖြေပါတယ်၊ သူ မှာသွားတာ ရှိတယ်ဗျ၊ သူသေရင် သူ့အလောင်းကို မီးသင်္ဂြိုဟ်ပါ။ အရိုးပြာတွေကို လမ်းမပေါ် ဖြန့်ကြဲပေးပါ။ ဒါမှ ကျွန်မ အရိုးပြာတွေဟာ လူတကာရဲ့ နင်းဖတ် ဖြစ်သွားမယ်'လို့ ပြောခဲ့ပါတယ်''

ခန်းမထဲရှိ သိုင်းသမားများသည် လိုယွမ်ဟို့တို့ နိဒါန်းချီခဲ့သည်မှာ အမှန်ချည်းသာဖြစ်ကြောင်း ယခုမှ အားလုံး နားလည် သဘောပေါက်တော့သည်။

လိုယွမ်ဟို့သည် ကုတင်အောက်မှ ကြားခဲ့ရသည့်အချက်များကို သူတို့အား အတိအကျ ပြန်ပြောပြနေသည်။

ဤသည်ကို သူတို့ သံသယ မရှိပါ။

သို့သော် သူတို့သည် လိုယွမ်ဟို့ ပြောသည့်ကိစ္စကို မည်သို့မျှ ဆက်စပ်နားလည်နိုင်စွမ်း မရှိဘဲ ဖြစ်နေသည်။

နားထောင်ရင်း ဦးနှောက်ခြောက်လာသည်။

လိုယွမ်ဟို့က ဆက်ပြောပြန်၏။

''အဲဒီအရိုးပြာကိစ္စလဲရောက်ရော ငြိမ်ငြိမ်သက်သက်ရပ်နေတဲ့ မြောင်ရင်ဖုန့်ဟာ ထခုန်တော့တာပါပဲဗျာ။ အံ့ရော၊ အံ့ရော၊ သူ့ရဲ့ကောင်းကြီးကို ထိတ်လန့်စေနိုင်လောက်တဲ့ စကားလုံးတွေက ဒီလောကကြီးထဲမှာ ရှိနေသေးတာကိုး။ မြောင်ရင်ဖုန့်ဟာ အော်ကြီးဟစ်ကျယ်နဲ့ 'ခင်..... ခင်ဗျား.....သူ့ လုပ်ခိုင်းတဲ့အတိုင်း လုပ်ပစ်လိုက်ပြီလား' လို့ ကမန်းကတန်း မေးတော့တာပဲဗျာ''



''ထန်ကွေ့နုံးဟာ အထိတ်တလန့် ဖြစ်သွားတယ်၊ အလောင်းကိုတော့ မီးသင်္ဂြိုဟ်ပြီးပါပြီ၊ ဒါပေမယ့် အရိုးပြာတွေကိုတော့ မြေပေါ် မဖြန့်ကြဲရသေးပါဘူးဗျာ'တဲ့''

ထန်ကွေ့နုံးဟာ ကုတင်ပေါ်ကဆင်းပြီး အခန်းရဲ့ ထောင့်တစ်ထောင့်မှာ ချထားတဲ့ အိုးလေးတစ်လုံးကို သွားယူပြီး မြောင်ရင်ဖုန့်ရှေ့က စားပွဲပေါ် ချထားလိုက်တယ်''

''အဲဒါ သူ့အရိုးပြာပါပဲဗျာ၊ ကျုပ် ဘာဆိုဘာမှ မလုပ်ရသေးပါဘူး' လို့ ထန်ကွေ့နုံးက ရှင်းပြနေပါတယ်''

''ကျုပ်ဟာ အဲဒီအချိန်မှာ သူ့ရဲကောင်းကြီးမြောင်ရင်ဖုန့်ရဲ့ မျက်နှာကို ငေးကြည့်နေမိပါတယ်၊ ဗာကယ့်ကို ငိုချတော့မယ့်မျက်နှာအတိုင်းပါပဲဗျာ၊ သူဟာ တကယ့်ကို ဝမ်းနည်းကြေကွဲနေပါတယ်''

သူတို့ပြောနေတဲ့အဖြစ်အပျက်က သူ့အတွက် အတော် စိတ်ထိခိုက်စရာကောင်းမယ့် အဖြစ်အပျက် ဆိုတာလောက်တော့ ကျုပ် မှန်းဆလို့ ရပါတယ်''

လိုယွမ်ဟို့သည် စကားကို အဆက်မပြတ် ပြောနေရာမှ အားလုံးကို တစ်ချက် အကဲခတ်လိုက်သည်။

လူအားလုံး တုတ်တုတ်မျှ မလှုပ်ဘဲ ရှိနေသည်ကို မြင်ရသောအခါ ကျေနပ်သွားပြီး သူ့စကားကို ဆက်ပြောသည်။

''ထန်ကွေ့နုံးဟာ သူ့ရဲ့ အတွင်းအိတ်ထဲကနေ ဆံထိုးကလေးတစ်ချောင်းကို နှိုက်ယူပြီး စားပွဲခုံပေါ် တင်ထားလိုက်ပါတယ်၊ နောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးစပ်က 'ဟောဒီဆံထိုးကို ခင်ဗျားကို ပေးပါလို့ မှာခဲ့ပါတယ်''

''တကယ်လို့ ခင်ဗျားလက်ထဲ မအပ်နိုင်ခဲ့ရင် လုံမလေး မြောင်ကို ပေးအပ်ပါလို့ မှာခဲ့ပါတယ်၊ ဒီပစ္စည်းဟာ မြောင်မိသားစုရဲ့ ပစ္စည်း ဖြစ်ပါတယ်' လို့ ထန်ကွေနုံးဟာ တစ်ဆင့် ပြန်ပြောပြနေခဲ့ ပါတယ်''

လိုယွမ်ဟို့၏စကားဆုံးသွားသောအခါ အခန်းထဲရှိ လူအားလုံး သည် မြောင်ယိုလန်၏ ဦးခေါင်းဆီသို့ ယိမ်းတိုက်ထားသလို ငြိုင်တူ လှမ်းကြည့်ကြသည်။

အဘယ်ကြောင့်ဆိုသော်.....

မြောင်ယိုလန်၏ ဦးခေါင်းထက်၌ ဆံထိုးကလေးတစ်ချောင်း ရှိနေသည်ကို ယခင်ကတည်းက အားလုံး သတိပြုမိခဲ့ကြပြီ ဖြစ်သော ကြောင့်တည်း။

ဆံထိုးကလေးသည် မြောင်ယိုလန်၏ ဦးခေါင်းထက်၌ လှုပ်ခါနေ လေ၏။

ဆံထိုးထိပ်၌ ဂဠုန်ဦးခေါင်းရုပ်ကလေးမှာ ပုလဲလုံးကလေး များဖြင့် ပြုလုပ်ထားသည်။

နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်၍ ပုလဲလုံးကလေးများမှာ ဝါကျင့်ကျင့် ဖြစ်နေသည်။

ရှေးဟောင်းပစ္စည်းတစ်ခုဖြစ်ကြောင်းကို မြင်ရုံနှင့် သိသာနိုင် ပေသည်။

———●———



လိုယွမ်ဟို့က သူ့စကားကို ဆက်ပြန်၏။

''ထန်ကွေနုံးဟာ အဲဒီဆံထိုးကလေးကို စားပွဲပေါ်လဲ တင်ပေး လိုက်ရော မြောင်ရင်ဖုန့်ရဲ့မျက်လုံးတွေဟာ ဝင်းလက်တောက်ပသွား တယ်၊ သူဟာ ဘာမပြော ညာမပြောနဲ့ သူ့ခေါင်းမှ ဆံပင်တစ်ချောင်းကို နုတ်ယူပြီး ဂဠုန်ရုပ်ကလေးက ပါးစပ်ပေါက်ထဲ ထိုးထည့်လိုက်တယ်''

''တစ်ဘက်မှာ အပေါက်တစ်ပေါက် ရှိနေသေးတော့ ဆံချည် မျှင်ကလေးဟာ တစ်ဘက်အပေါက်ကနေ ထွက်လာပါတယ်၊ မြောင်ရင် ဖုန့်ဟာ အဲဒီဆံပင်လေးနှစ်စကို ခပ်တင်းတင်း ဆွဲလိုက်တဲ့အခါမတော့ ဂဠုန်ရုပ်ရဲ့ပါးစပ်ကလေး ဟာသွားတာကို ထူးထူးဆန်းဆန်း တွေ့လိုက် ရပါတယ်''

''အတော့ကို ခက်ခက်ခဲခဲနဲ့ လက်ရာမြောက်အောင် လုပ်ထား တဲ့ ဆံထိုးကလေးပါပဲဗျာ''

နားထောင်နေသူများသည် သူတို့မျက်စိဖြင့် မြင်ရခြင်း မဟုတ် သော်လည်း အလွန်တရာ အံ့ဩနေကြသည်။

မြောင်ယိုလန်၏ ဦးခေါင်းထက်၌ တွေ့နေရသည့် ဂဠုန်ဦးခေါင်း ဆံထိုးကလေးမှာ သိပ်သေးလှသည် မဟုတ်သော်လည်း သိပ်ကြီး လှသည်လည်း မဟုတ်ပါ။

အသင့်အတင့် အရွယ်အစားမျှသာဖြစ်ကြောင်း သူတို့ တွေ့ရှိ ထားကြပါသည်။

လိုယွမ်ဟို့က ဆက်ပြောပြန်သည်။

———●———

www.burmeseclassic.com

www.burmeseclassic.com



"မြောင်ရင်ဖုန့်က ပါးစပ်ဟသွားတဲ့ ဂျွန်ဦးခေါင်းရုပ်ကလေးကို ကောက်ကိုင်လိုက်ပြီး စားပွဲပေါ်ကို ခပ်ဖြည်းဖြည်း ခေါက်ချလိုက်ပါတယ်၊ အဲဒီပါးစပ်ပေါက်ကလေးထဲက စက္ကူလိပ်ကလေးတစ်လိပ် ထွက်ကျလာတယ်ဗျ"

"လုပ်ထားတဲ့လူကတော့ တကယ့် စိတ်ကူးကောင်းကောင်းနဲ့ လုပ်ထားတာပါပဲ၊ မြောင်ရင်ဖုန့်ဟာ စက္ကူလိပ်ကလေးကို ထန်ကွေ့နဲ့ မြင်အောင် စားပွဲပေါ် ပစ်ချပြပါတယ်"

"ထန်ကွေ့နုံးရဲ့မျက်လုံးဟာ ပုစွန်မျက်လုံးလို ပြူးထွက်နေတာပါပဲဗျာ၊ မျက်စိကျွတ်မတတ် စိုက်ကြည့်တယ်ဆိုတာ ဒါမျိုးပဲပေါ့၊ မြောင်ရင်ဖုန့်ကတော့ ခပ်အေးအေးပဲဗျို့၊ သူ တမင် ခပ်အေးအေး လုပ်နေတာလို့ ကျုပ် ထင်ခဲ့ပါတယ်"

"ကျုပ်အထင် မမှားဘူးဆိုတာလဲ နောက်တော့ သိရပါတယ်၊ သူဟာ စက္ကူလိပ်ကလေးကို ဖြည်းဖြည်း ဖြန့်လိုက်တယ်၊ 'ခင်ဗျား မြင်တယ်နော်'လို့လဲ ထန်ကွေ့နုံးကို ပြောလိုက်သေးသဗျ"

"ထန်ကွေ့နုံးရဲ့မျက်နှာဟာ စက္ကူဖြူတစ်ရွက်လို တဖြည်းဖြည်းကို ဖြူသွားတာပဲဗျ၊ တကယ့် လူသေမျက်နှာကြီးအတိုင်းပါပဲဗျာ၊ သူဟာ သက်ပြင်းရှည်ကြီးတစ်ချက် ချတယ်၊ ဘာစကားမှ မပြောဘဲ ငြိမ်နေတယ်၊ မြောင်ရင်ဖုန့်ကပဲ ဆက်ပြောတယ်ဗျ"

"ခင်ဗျားဟာ ဒီလျှို့ဝှက်ချက်ကို သိပ်လိုချင်ခဲ့တယ် မဟုတ်လား၊ ဒါပေမယ့် သူက ခင်ဗျားကို မပေးခဲ့ဘူးဗျ၊ နောက်ဆုံးကျတော့ ဥစ္စာရှင်



မှန်တော့ ဥစ္စာရှင် ပြန်ရ ဆိုတဲ့ စကားလို မြောင်မိသားစုရဲ့ လျှို့ဝှက်ပစ္စည်းဟာ မြောင်မိသားစုရဲ့ လက်ထဲပဲ ပြန်ရောက်လာခဲ့တာပါပဲဗျာ' လို့ ပြောပြီး ပြုံးနေတယ်"

"သဘောကတော့ ဒီဆံထိုးကိစ္စ သိရပြီးတဲ့နောက်မှာ သူ့ရဲ့ ကောင်းကြီးမြောင်ရင်ဖုန့်ရဲ့မျက်နှာဟာ ကြည်ကြည်သာသာ ဖြစ်လာတဲ့ သဘောပါပဲ၊ သူက ကျေကျေနပ်နပ်ကြီး ဆက်ပြောနေတယ်ဗျ"

"ဟောဒီ ဂျွန်ဦးခေါင်း ပုလဲဆံထိုးထဲမှာ လျှို့ဝှက်မြေပုံကလေး ရှိလိမ့်မယ်လို့ ခင်ဗျား အိပ်မက်တောင် မက်မိမှာ မဟုတ်ဘူး၊ ခင်ဗျား စိတ်ထဲမှာ ဒီမြေပုံနဲ့ ပတ်သက်ပြီးဘယ်လိုများ တွေးထားခဲ့သလဲဗျာ"

"ကျုပ် ကိုနှိုင်ပြောရတဲ့အချက်ကတော့ ဒီဆံထိုးထဲမှာ လျှို့ဝှက်မြေပုံ ရှိတယ်ဆိုတာကို ခင်ဗျား လုံးဝ မသိဘူး ဆိုတဲ့အချက်ပဲဗျာ၊ ဟားဟားဟား....."

"အဲဒီလို သိထားရင် ခင်ဗျားဟာ ဒီဆံထိုးကို ကျုပ်ကို နုလောက် လွယ်လွယ်ကူကူ ဘယ်ထုတ်ပေးလိမ့်မလဲ၊ ဟုတ်တယ် မဟုတ်လား'လို့ မေးပြီး တဟားဟား ရယ်တော့တာပဲဗျို့"

"မြောင်ရင်ဖုန့်ဟာ စက္ကူလိပ်ကလေးကို ဂျွန်ဦးခေါင်း ပါးစပ်ထဲကို ပြန်ထည့်ပြီး ပိတ်လိုက်တယ်၊ ဒီဆံထိုးကလေးကို မြင်ရုံနဲ့ ဒီဆံထိုးထဲမှာ အဖိုးအနဂ္ဃထိုက်တန်တဲ့ လျှို့ဝှက်မြေပုံ ရှိလိမ့်မယ်လို့ ဘယ်သူ သိနိုင်မှာလဲဗျာ"

"ဒီဂျွန်ပါးစပ်ကို ဖွင့်နိုင်တဲ့ပစ္စည်းကတော့ ဆံပင်ညှပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းပဲ၊ ဒီလျှို့ဝှက်ချက်ကိုတော့ ကျုပ်တို့ မြင်လိုက်ရပြီပေါ့ဗျာ''

''မြောင်ရင်ဖုန့်ဟာ ဆံထိုးကလေးကို စားပွဲပေါ်မှာပဲ တင်ထားတယ်၊ သူက ထန်ကွေနုံးကို 'ကဲ.....ဆံထိုးကို ဘယ်လိုဖွင့်ရတယ်ဆိုတဲ့နည်းကို ကျုပ် လုပ်ပြခဲ့ပြီးပြီ၊ ခင်ဗျားကို သင်ပေးခဲ့ပြီးပြီပေါ့ဗျာ''

''အဲဒီတော့ ဒီမြေပုံကို ခင်ဗျား ယူချင်စိတ်ရှိရင် ယူလို့ ရပါပြီလို့ ပြောပါတယ်၊ ဒါပေမယ့် ထန်ကွေနုံးကတော့ မတုန်မလှုပ် ကျောက်ရုပ်ပါပဲဗျာ''

''ကဲ.....ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြပါဦးဗျာ၊ ကေရာဇ်ကြီးလီချုန့်ဝှမ်ရဲ့ ဓားလဲ ရှိနေပြီ .မြေပုံဝှက်ထားတဲ့ ကျွန်ဦးခေါင်း ပုလဲဆံထိုးလဲ ရှိနေပြီ၊ ဒါဆိုရင် ဘာလိုသေးလဲ''

''ရတနာသိုက် ဘယ်ပြေးတော့မလဲ၊ ဒါပေမယ့် ထန်ကွေနုံးကတော့ တကယ့်အရုပ်ကြီးတစ်ရုပ်လို ငြိမ်နေတာပါပဲဗျာ၊ ကျုပ်တောင်အံ့သြယူရတယ်''

''အဲဒီအချိန်မှာပဲ သူ့ရဲကောင်းကြီးမြောင်ရင်ဖုန့်ဟာ ဘယ်သူမှ မထင်မှတ်တဲ့အလုပ်ကို လုပ်လိုက်တယ်ဗျာ၊ ကျုပ်ဆိုရင် လန့်ဖြန့်တောင်အော်မိမလို ဖြစ်သွားပါတယ်၊ မနည်း ကိုယ့်ပါးစပ်ကိုယ် ပြန်ပိတ်လိုက်ရတယ်၊ မြောင်ရင်ဖုန့် ဘာလုပ်လိုက်သလဲ သိလား''

''ပြာအိုးထဲကို သူ့အနားမှာရှိတဲ့ ရေအိုးထဲက ရေတွေလောင်းထည့်ပြီး တကျိုက်ကျိုက်နဲ့ သောက်ချလိုက်တော့တာပါပဲဗျာ၊ ထန်ကွေနုံးကတော့ မြောင်ရင်ဖုန့် လုပ်နေတာတွေကို မျက်လုံးပြူးကြီးနဲ့



ကြည့်နေတယ်''

ထိုအချိန်တွင် ငိုရှိုက်သံ ကြားလိုက်ရသဖြင့် အားလုံး လှည့်ကြည့်မိကြသည်။

မြောင်ယိုလန်သည် စားပွဲခုံကြီးတစ်ခုပေါ်သို့ မှောက်ချလျက်အားပါးတရ ငိုယိုရှိုက်ငင်လျက် ရှိနေလေပြီတကား။

♛ ♛ ♛

www.burmeseclassic.com



အခန်း (၄၂)

သည်မြားချက်က နာ

ယင်ကြည်က လိုယွမ်ဟို့အား စိတ်မသက်မသာ လှမ်းပြောလိုက်ပြန်သည်။

"ကဲ.....ဆက်ပြောစမ်းပါဦးဗျာ"

လိုယွမ်ဟို့က ခေါင်းညိတ်ပြီး.....

"မြောင်ရင်ဖုန့်ဟာ အရိုးပြာနဲ့ ရေနဲ့ရော်ထားတာတွေကို သောက်ပြီး အရိုးပြာအိုးကို ပေါက်ခွဲပစ်လိုက်တယ်၊ ခွမ်းခနဲ မြည်သံနဲ့ အတူ အိုးကွဲစတွေ ကျုပ်ကို လာစဉ်တာပဲဗျို့။ ကျုပ်ဟာ တော်တော်ကို စိတ်မသက်မသာ ဖြစ်သွားရတယ်"

"အဲဒီအချိန်မှာပဲ ထန်ကွေနန်းဟာ ငိုကြီးချက်မနဲ့ အော်ပြောတော့တာပဲ၊ သူ့ရဲ့ကောင်းကြီး မြောင်ရင်ဖုန့်၊ ကျုပ်ကို သတ်လိုက်ပါ



တော့ဗျာ၊ ကျုပ်ဟာ တကယ်သေသင့်တဲ့လူပါဗျာ"

"ကျုပ်သေလို့ ခင်ဗျားကို ဘယ်သူမှ အပြစ်မတင်ပါဘူး။ ကျုပ်ကို သတ်ပါ၊ ကျုပ်ကို သတ်စမ်းပါ' လို့ အော်ပြောနေတော့တာပါပဲ၊

"ကျုပ်လဲ သိပ်အံ့ဩသွားတာပေါ့၊ ထန်ကွေနန်းနဲ့ မြောင်ရင်ဖုန့် တို့အကြားမှာ ရှိထားတဲ့ ဆက်သွယ်မှုဟာ တော်တော်ကလေး ဦးနှောက် ခြောက်အောင် စဉ်းစားရမယ့် ဆက်သွယ်မှုပါပဲဗျာ"

"အဲဒီအခါမှာ မြောင်ရင်ဖုန့်က အော်ရယ်တော့တာပဲဗျို့၊ ဘယ်လောက်ရယ်သလဲဆိုရင် မျက်ရည်တွေ စီးကျလာတဲ့အထိပါပဲ၊ ခင်ဗျားကို ဘာကြောင့် ကျုပ်က သတ်ရမှာလဲဗျ၊ ခင်ဗျား အသက်ရှင် နေစမ်းပါ၊ ခင်ဗျားအသက်ရှင်နေမှ အားလုံးအတွက် ကောင်းမယ်"

"သေသွားရင် ခင်ဗျားရဲ့သောကတွေအားလုံး ငြိမ်းချမ်းသွား တော့မှာပေါ့ဗျာ၊ ဒါကိုတော့ ကျုပ် ခွင့်မပြုနိုင်ဘူးဗျ၊ အသက်ရှင်ပြီး သောကတွေ၊ ဒုက္ခတွေ ခံစားနေရတာကို ကျုပ်က ကြည့်ချင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အသက်ရှင်ပြီး သေရတဲ့ သောကမျိုးကို ကျုပ်က ခံစားဖူးလို့ပဲဗျ' လို့ မြောင်ရင်ဖုန့်က ပြောနေပါတယ်"

"ကျုပ်လဲ ပထမတော့ သူ ပြောတာကို သဘောမပေါက်ဘူး။ သူ ဘာကို ရည်ရွယ်ပြောတာလဲဆိုတာ ကျုပ် တွေးနေမိတယ်၊ ဒါပေမယ့် သူ ဆက်ပြောလိုက်တဲ့အခါမှာတော့ ရှင်းသွားပါတယ်၊ တကယ်တော့ သူ့ရဲ့ကောင်းကြီး မြောင်ရင်ဖုန့်ဟာ သူ့ရဲ့ကောင်းလို့ နာမည်ကျော် သလောက် သူ့ရဲ့အသည်းနှလုံးကတော့ တကယ့်ကို နုနယ်နေတာကို

www.burmeseclassic.com

www.burmeseclassic.com



"မြောင်ရင်ဖုန့်က ထန်ကွေနုံးကို ပြောပြနေတယ်၊ 'ကျွန် ဟူယိတောင်းဟာ သိုင်းပညာနဲ့ ပတ်သက်ပြီး တကယ့်ကို ပြင်းပြင်းထန်ထန် ပြိုင်ခဲ့ကြတယ်၊ ဒါကို ခင်ဗျားလဲ အသိပဲ၊ နောက်ဆုံးတော့ ဟူယိတောင်း သေသွားတယ်၊ သူ့ဇနီးလဲ သေသွားတယ်၊ ကျုပ်ကတော့ အသက်ရှင် ကျန်ရစ်ခဲ့တယ်'

"ဒါပေမယ့် ကျုပ် အသက်ရှင် ကျန်ရစ်တာဟာ ဘာ အဓိပ္ပာယ်မရှိဘူးဗျ၊ သူတို့ လင်မယားဟာ ချစ်ချစ်ခင်ခင်နဲ့ သေဆုံးသွားတယ်၊ ကျုပ်မှာတော့ ဝမ်းနည်းပမ်းနည်း အသက်ရှင် ကျန်ရစ်ခဲ့တယ်၊ သေခြင်းဆိုတဲ့ ဆင်းရဲခြင်းနဲ့ သောကကို ရင်မှာပိုက်ပြီး အသက်ရှင်ခြင်းဆိုတဲ့ ဆင်းရဲခြင်းမျိုးအနက် ဘယ်ဆင်းရဲခြင်းကို ခင်ဗျား ရွေးချယ်မလဲ"

"အခုဆိုရင် ခင်ဗျားဟာ ကောရာဖ်ကြီးရဲ့ဓားနဲ့ ပုလဲဆံထိုး အပိုင်ကိုင်ထားပြီးမှ ပုလဲဆံထိုးကို ကျုပ်လက်ထဲ ပေးအပ်ခဲ့ပြီး အ အနုတ္တထိုက်တဲ့ ရတနာမြေပုံကြီးကို စွန့်လွှတ်ပြီးတော့ ခင်ဗျားဟာ ပုလဲ ထိုးကို ကျုပ်လက်ထဲ ပေးအပ်ခဲ့ပြီ"

"'ခင်ဗျား အင်မတန် လိုချင်နေတဲ့ ရတနာတွေကို 'အချက်' မသိတာကလေးတစ်ခုတည်းနဲ့ လက်လွှတ်ဆုံးရှုံးခဲ့ရပြီ"

"ဒီနောင်တဟာ ခင်ဗျားရင်ကို တမြည့်မြည့်နဲ့ ဒုက္ခပေးတော့မယ်၊ ရတနာတွေကို ငါ ပိုင်နေလျက်သားနဲ့ သူများလက်ထဲ ငါသွားပေး မိပါကလားလို့ တဖြည်းဖြည်းတွေးပြီး တဖြည်းဖြည်းခွေးလာမယ်၊ ကျုပ်ကလဲ ဒီအတိုင်းပဲ ဖြစ်စေချင်ပါတယ်ဗျ"



"ခင်ဗျားဘဝတစ်လျှောက်လုံး စိတ်ဆင်းရဲပြီး အသက်ရှင်နေတာကို မြင်ချင်ပါတယ်၊ လိုရှမရသော ဆင်းရဲခြင်းကိုခံစားပြီး အတိုင်းအဆမရှိအသက်ရှင်နေစေချင်ပါတယ်"

"ကဲ.....ကျုပ်သွားတော့မယ်'လို့ ပြောပြီး သူရဲကောင်းကြီး မြောင်ရင်ဖုန့်ဟာ အခန်းအပြင်ဘက်ကို ချာခနဲ လှည့်ထွက်သွားတော့တာပါပဲ"

"ကျုပ်ဟာ ကုတင်အောက်က နားထောင်နေရင်းနဲ့ စိတ်ထဲမှာ ကြက်သီးတဖြန်းဖြန်းထလာတယ်၊ သူရဲကောင်းကြီး မြောင်ရင်ဖုန့်ဟာ သူ အင်မတန် စိတ်ဆိုးနေတဲ့ ထန်ကွေနုံးကို လက်ဖျားလေးနဲ့ တစ်ချက်မတို့ပါဘူး"

"ဒါပေမယ့် သူလက်ဖျားနဲ့ မတို့ခြင်းကတော့ ထန်ကွေနုံးရဲ့ အသည်းနှလုံးကို ပေပေါ်တင်ပြီး တူနဲ့ထုတာထက် ဆိုးလှသဗျာ၊ ဘယ်လောက်ကြောက်စရာကောင်းတဲ့ ဖုံ့ပြန်ခြင်းမျိုးလဲ၊ ကျုပ်တောင် မြောင်ရင်ဖုန့်ကို ကြောက်သွားမိခဲ့တယ်"

"သူရဲကောင်းကြီး မြောင်ရင်ဖုန့် အပြင်ဘက်ကို ထွက်သွားခဲ့တယ်လို့ ကျုပ် ပြောခဲ့တယ်နော်၊ သူ ဒီအတိုင်း လက်ချည်းသက်သက် ထွက်သွားတာ မဟုတ်ဘူးဗျ၊ ပုလဲဆံထိုးကိုတော့ ကောက်ယူသွားပါတယ်"

"ထန်ကွေနုံးဘေးမှာ အင်မတန် အစွမ်းထက်လှတဲ့ ဇကာရာဖ်ကြီးလီရွှမ့်ဝှမ်ရဲ့ဓား ရှိတယ်၊ ထောင်ကြည်အနန်းဆီက ယူထားတဲ့ လေးနဲ့ မြားလဲရှိတယ်၊ သူကြိုက်တဲ့လက်နက်နဲ့ လုပ်ကြံနိုင်တယ်ဗျာ၊ မြောင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ဖုန့်ဟာ သူ့ကို ရဲရဲဝင့်ဝင့်နဲ့ ကျောပေးပြီး ထွက်သွားခဲ့တာပဲ''

''ဒါပေမယ့် ထန်ကွေ့နုံးဟာ ဘာလက်နက်နဲ့ကိုမှ မတိုက်ခိုက်ဝံ့ပါဘူး။ မလုပ်ကြံဝံ့ပါဘူး။ မြောင်ရင်ဖုန့်ရဲ့ကျောပြင်ကြီးကို ငေးကြည့်နေမိတော့တာပါပဲ၊ ကျုပ်မြင်ကွင်းထဲက မြောင်ရင်ဖုန့် ပျောက်ကွယ်သွားတဲ့အခါမှာတော့ ခွေးအူသံတွေ ခွေးဟောင်သံတွေ ပြန့်ကြားရပြန်တယ်၊ သူရဲကောင်းကြီး မြောင်ရင်ဖုန့် ပြန့်သွားပြီဖြစ်ကြောင်း သက်သေပြလိုက်တဲ့အသံတွေပဲပေါ့ဗျာ''

''ကျုပ်လဲ. ကုတင်အောက်မှာ ဒုက္ခရောက်နေတာပဲပေါ့၊ ဒါပေမယ့် အပြင်ဘက်မှာ စိတ်ဝင်စားစရာတွေ မြင်နေကြားနေရတော့ ကိုယ်ခံစားနေရတဲ့ဒုက္ခတောင် မေ့သွားသဗျ''

''ကျုပ်လဲ ထန်ကွေ့နုံးကို ကြည့်နေမိတယ်၊ သူက ထိုင်ခုံတစ်လုံးပေါ် ထိုင်နေတာဆိုတော့ ကျုပ်အနေနဲ့ မြင်နိုင်တာပေါ့ဗျာ''

''ကုတင်ပေါ်မှာဆိုရင်တော့ ဘယ်မြင်နိုင်မလဲ၊ သူဟာ တံခါးကို သွားပိတ်လိုက်တယ်၊ ထိုင်ခုံပေါ် ပြန်ထိုင်ပြီး နဖူးရေ တွန့်နေအောင် စဉ်းစားနေတယ်''

''နောက်ပြီး ပါးစပ်က တတွတ်တွတ် ပြောနေတယ်၊ 'ခင်ဗျားဟာ ကျုပ်အတွက် ခြေချော်သွားခဲ့ပြီ၊ ကျုပ်လဲ ခင်ဗျားအတွက် ခြေချော်ခဲ့ရပါပြီ၊ ဘယ်ဝဋ်ကြွေးများ ကျုပ်တို့ကို ဒုက္ခလာပေးသလဲ မသိပါဘူးဗျာ' လို့ တတွတ်တွတ် ပြောနေတယ်''

''နောက်တော့ သူဟာ စားပွဲပေါ်က ငှက်မွေးတပ် မြားတစ်စင်း



ကို ကောက်ယူလိုက်ပြီး ကုတင်ပေါ်မှာ ထိုင်လိုက်တယ်၊ 'ခွပ်'ဆိုတဲ့အသံကြားပြီး 'ဝုန်း'ဆိုတဲ့အသံ ကြားလိုက်ရတယ်''

''သွားပြီပေါ့ဗျာ၊ ထန်ကွေ့နုံး သွားပြီလို့ ကျုပ်စိတ်ထဲမှာ ရေရွတ်မိတယ်၊ ကျုပ်ဟာ ကုတင်အောက်မှာ အကြာကြီး ငြိမ်နေခဲ့ပါသေးတယ်၊ ကုတင်ပေါ်က ဘာလှုပ်ရှားသံမှ မကြားရတော့တဲ့အခါမှ ကုတင်အောက်ကထွက်ပြီး ကြည့်လိုက်ပါတယ်၊ ထန်ကွေ့နုံးကတော့ တကယ့်ကို သွားတာပါပဲဗျာ၊ လုံးဝ အသက်မရှိတော့ပါဘူး။ သူဟာ သေခြင်းဆိုတဲ့ ဆင်းရဲခြင်းနဲ့ သောကကို ရင်မှာပိုက်ပြီး အသက်ရှင်ခြင်းဆိုတဲ့ ဆင်းရဲခြင်းနှစ်မျိုးမှာ သေခြင်းဆိုတဲ့ဆင်းရဲခြင်းကို ရွေးချယ်သွားတယ်''

''သူဟာ သည့်ပြင်နေရာတွေမှာ ဘယ်လောက်မိုက်ခဲ့သလဲ ဆိုတာတော့ ကျုပ် မသိဘူး။ ဒါပေမယ့် သူဟာ ဒီနေရာမှာတော့ တကယ်လိမ္မာသွားခဲ့ပါတယ်၊ လူလိမ္မာမို့ ခဏကလေးခံစားရတဲ့ ဆင်းရဲခြင်းကို ရွေးချယ်လိုက်တာပေါ့၊ ဒါကိုတော့ ခင်ဗျားတို့လဲ ကျုပ်နဲ့သဘောညီမျှကြလိမ့်မယ်လို့ ထင်ပါတယ်''

''ကဲ.....အခု ထန်ကွေ့နုံးကို ဘယ်သူသတ်တယ်ဆိုတဲ့ကိစ္စကြီးဟာ ရှင်းသွားပြီ မဟုတ်လား။ ထန်ကွေ့နုံးကို ထောင်ကြည့်အန်းကလဲ မသတ်ခဲ့ပါဘူး။ ဟူဖေးကလဲ မသတ်ခဲ့ပါဘူး။ ထန်ကွေ့နုံးကို ထန်ကွေ့နုံးကပဲ သတ်ခဲ့ပါတယ်''

''မိတ်ဆွေကြီးများခင်ဗျား။ ကျုပ်ဟာ ဟူဖေးနဲ့လဲ ရင်းနှီးခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ ထောင်ကြည်အန်းဆိုတဲ့ ကောင်လေးနဲ့လဲ ရင်းနှီးခဲ့တဲ့လူ မဟုတ်ပါဘူး။ ဒါကြောင့်မို့ သူတို့အတွက်ဘာမှ အကာအကွယ်ပေးစရာ မလိုပါဘူး။ အဖြစ်မှန်ကတော့ ဒါပါပဲ၊ ထန်ကွေနုံးကို ထန်ကွေနုံးကပဲ သတ်သွားပါတယ်''

'ဟင်း'ခနဲ သက်ပြင်းချသံကြီး ပေါ်လာသည်။

ထောင်ကြည်အန်း၏ သက်ပြင်းချသံ ဖြစ်ပါသည်။

ထောင်ကြည်အန်းက 'ကဲ.....ဘယ့်နှယ်ရှိစ'ဟူသော အမေးမျိုး မေးလေဟန်ဖြင့် ထန်းလုံအဖွဲ့သားအားလုံးကို လှမ်းကြည့်သည်။

လိုယွမ်ဟို့က ဆက်ပြောပြန်သည်။

''ကျုပ်ဟာ လူသတ်ရတာကို သိပ်ကြောက်တဲ့လူ မဟုတ်ပါဘူး တော်တော်လဲ သတ်ခဲ့ဖူးတဲ့လူပါ၊ ဒါပေမယ့် ဒီအချိန်မှာတော့ ကျုပ်ကြောက်နေတယ်ဗျာ၊ နောက်တစ်ချက်ကတော့ ကေရာဇ်လီချွမ့်ဝှမ်ရဲ့ ဓားဟာ ကျုပ်ရဲ့လက်တစ်ကမ်းမှာ ရှိနေပြီ မဟုတ်လား''

''ဒီဓားကို ကျုပ် ယူပြေးတော့မယ်လေ၊ ဂျွန်ဦးခေါင်းနဲ့ ပုလဲဆံထိုးကိုတော့ နောက်မှ ရှာရမှာပဲ၊ ကျုပ်ဟာ မီးငြိမ်းပြီး ထွက်ပြေးမယ် လုပ်နေတုန်း မြွန်းဆို တံခါးခေါက်သံ ကြားလိုက်ရတော့တာပဲဗျို့''

''ကျုပ်လဲ ကမန်းကတန်း ကုတင်အောက် ဝင်ပုန်းရပြန်တယ်၊ ထန်ကွေနုံးအလောင်းနဲ့ ကလေးအလောင်း နှစ်လောင်းရှိနေတဲ့ ကုတင်အောက် ဝင်ပြီးပုန်းရတဲ့ကိစ္စက တယ်ပြီးနှစ်ခြိုက်စရာကောင်းလှတဲ့ ကိစ္စမဟုတ်ဘူးဗျ''

---



''ဒါပေမယ့် အခြေအနေမလှတော့ ဒီလိုပဲ လုပ်လိုက်ရတာပဲ၊ နောက် မကြာပါဘူးဗျာ၊ ထောင်ကြည်အန်း ဝင်လာတော့တာပါပဲ၊ အဲဒီ နောက်ပိုင်းကိစ္စတွေကို ထောင်ကြည်အန်း ပြောပြပြီးပြီမို့ ကျုပ်အနေနဲ့ ဆက်ပြောဖို့ လိုတော့မယ် မထင်ပါဘူး''

လိုယွမ်ဟို့သည် စိတ်ဝင်စားဖွယ်ရာ အဖြစ်အပျက်များကို ရှုဝိုလျားစွာ ပြောဏ်။

ထို့နောက် သူ့အဝတ်အစားပေါ်၌ ပေနေသည့်အမှုန်များကို လက်ဖြင့် ခါထုတ်နေသည်။

ထိုအမှုအရာမှာ မန်ချူးကေရာဇ်၏ ကိုယ်ရံတော်ကြီးဟူသော ရာထူးကို အပြည့်အဝ ဖော်ပြနေသလို ဟန်ပန်မင်မောင်း ကောင်းလှပေသည်။

သူသည် စားပွဲပေါ်မှလက်ဖက်ရည်ကြမ်းအိုးကို ဆွဲယူလျက် ပန်းကန်တစ်လုံးထဲ ငှဲ့ထည့်ကာ နှစ်ကြိမ်တိတိသောက်လိုက်သည်။

သူပြောပြခဲ့သည့် အကြောင်းအရာများမှာ ရှည်လျားလှသဖြင့် နှစ်ကြိမ်မဟုတ် လက်ဖက်ရည်ကြမ်း တစ်အိုးလုံးသောက်ပင် သောက်သင့် ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

## ပုလဲဆံထိုး သဲလွန်

ထောင်ကြည့်အန်း၏ဖခင် ထောင်ပိုင်ဗွေ့သည် အော်ဂို ဟာ်ကျယ် ထပြောလေတော့၏။

"ကဲ.....ဟောဒီက နောင်ကြီးလိုယွမ်ဟို့ကတော့ စကား ခပ်ရှင်းရှင်းပဲ ပြောသွားခဲ့ပါပြီ၊ ကျုပ်သားက ထန်ကွေ့နီးကို သတ် မဟုတ်ဘူးဆိုတဲ့ကိစ္စလဲ ရှင်းသွားပြီ၊ ထန်ကွေ့နီးက ကောရာဓိ လီချွမ့်ဂုမ်ရဲ့ လက်သုံးတော်ဓားကို ပေးသွားတယ်ဆိုတာလဲ အတည်ပြု ပြီးသွားပါပြီ ဒီတော့ အဲဒီလက်သုံးတော်ဓားကို ကျုပ်တို့ဆီက ဘယ် လုပ်ဖို့ မကြံကြပါနဲ့တော့"

"ဟားဟားဟား....."

လိုယွမ်ဟို့၏ ကျယ်လောင်သော ရယ်မောသံကြီးသ

———●———



မကြီးတစ်ခုလုံးအား လွှမ်းဘောင်ဘင်ခတ်သွားစေ၏။

ထောင်ပိုင်ဗွေ့၏စကားများသည် သူ့အတွက် ပြက်လုံးများ ဖြစ်သွားစေသလော။

ထောင်ပိုင်ဗွေ့က ဒေါသတကြီး မေးလိုက်၏။

"ခင်ဗျားက ဘာရယ်တာလဲ"

"ခင်ဗျားပြောတဲ့စကားကို ရယ်တာပေါ့ဗျာ"

"ကျုပ်စကားထဲမှာ ဘာမှ ရယ်စရာမပါဘူးဗျ"

"မပါဘူးလို့ ဘယ်သူ ပြောသလဲ၊ ဒီမှာ စကားပြည့်ပြည့်စုံစုံ ပြောပါဗျ၊ ခင်ဗျားသားကို ထန်ကွေ့နီးပေးတာက လက်သုံးတော်ဓား ပါတဲ့ သံသေတ္တာအလွတ်ကြီးပါဗျ၊ သံသေတ္တာချည်းသက်သက် ကိုပြင်တယ် ဆိုရင်တော့ ယူသာယူပါဗျာ၊ ကျုပ်အနေနဲ့ ဘာမှကန့်ကွက် စရာ မရှိပါဘူး၊ ဟားဟားဟား....."

ထိုစဉ် ထန်းလုံအဖွဲ့မှ ယင်ကြည်က ရုတ်တရက်မတ်တတ် ထလိုက်၏။

လိုယွမ်ဟို့က ရယ်ရင်း မေးလိုက်သည်။

"ခင်ဗျားမှာလဲ ပြောစရာ ရှိနေပြီနဲ့တူတယ်၊ ပြောပါဗျာ၊ ဘာများ ပြောမလို့လဲ"

"ဟုတ်ပါတယ် ပြောစရာ ရှိပါတယ်၊ ဒီလက်သုံးတော်ဓားဟာ ထန်းလုံ(နန်ကျူး)အဖွဲ့ရဲ့ပစ္စည်းဖြစ်ပါတယ်၊ ဒါကို ခင်ဗျားတို့ ပြောကြားခဲ့ တဲ့စကားတွေကပဲ သက်သေခံနေခဲ့ပါတယ်၊ ဟုတ်တယ် မဟုတ်လားဗျာ"

———●———

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ယွမ်စစ်ကျူးက အလျှင်အမြန် ထပြောပြန်၏။

''ဟာ.....ဒီလို ဘယ်ဟုတ်မလဲဗျ၊ အဲဒီတုန်းက အစ်ကိုကြီး ထန်ကွေ့နဲ့ဟာ ဒီဓားကို အခမ်းအနားနဲ့ ခင်ဗျားရဲ့လက်ထဲ မအပ်ရသေးပါဘူး။ ဒါကြောင့်မို့ ဒီဓားကို ထန်းလုံ(ပေကျူး) အဖွဲ့ကပဲ ပိုင်ဆိုင်နေသေးတယ်ဗျ''

ယင်ကြည်နှင့် ယွမ်စစ်ကျူးတို့သည် တစ်ဦးနှင့်တစ်ဦး အကြိတ်အနယ် အော်ဟစ်ငြင်းခုံနေကြတော့သည်။

\+ + +

သူတို့၏ ငြင်းခုံသံကြီးကိုသာ ကြားနေရသောအခါ မျက်ခုံးဖြူပေါင်စုသည် စိတ်မရှည်နိုင်ဘဲ ဖြစ်လာသည်။

''တိတ်ကြစမ်းဗျာ၊ ခင်ဗျားတို့ဟာ တစ်ခါလာလဲ ဒီဓားကို လုဖို့ တစ်ခါလာလဲ ဒီဓားကိုရဖို့၊ ဒါပဲ ငြင်းနေတာပဲ၊ ကျုပ်တို့အခု ဒီဓားထက်ပိုပြီး အရေးကြီးတဲ့ကိစ္စ ပေါ်နေပြီဗျ၊ ဒါကို သိလျက်နဲ့ ဘာဖြစ်လို့ ကလေးတွေလို အဓိပ္ပာယ်မရှိ ငြင်းခုံနေကြတာလဲ''

မျက်ခုံးဖြူပေါင်စု၏စကားသည် မီးကိုရေနှင့် ငြိမ်းသတ်လိုက်သကဲ့သို့ အားလုံး ငြိမ်သက်သွားစေ၏။

ထို့ပြင်.....

ပေါင်စု၏ သိုင်းပညာကောင်းခြင်း၊ သူပြောသည့်စကား၏ ကျိုးကြောင်းဆီလျော်မှုရှိခြင်းတို့ကြောင့် မည်သူမျှ စောဒက မတက်ကြတော့ပေ။



မျက်ခုံးဖြူပေါင်စုသည် ဧည့်ခန်းမထဲရှိ လူများအနက် သူသာ အိုဝ်ဆုံးကလူဖြစ်ကြောင်း သတိပြုမိသွားဟန်ဖြင့် ခေါင်းတမော့မော့ ဖြစ်သွားသည်။

သူသည် အားလုံးအတွက် အရေးပါသောစကားကို ဆက်ပြောပြန်သည်။

သူက.....

''ပထမက ခင်ဗျားတို့အားလုံး ဒီဓားကို လုနေကြတယ်၊ ဘာကြောင့်လုနေကြတယ်ဆိုတာကိုရော ကိုယ့်ကိုယ်ကို ဆန်းစစ်မိကြရဲ့လား''

သိုင်းသမားများသည် သူတို့ကိုယ်သူတို့ ဆန်းစစ်ကြ၏။

မှန်ပါပေသည်။

သူတို့သည် ရှေးဟောင်းဓားတစ်လက်ဖြစ်သည်ဟူသော အသိဖြင့် ဓားကို ပိုင်းလုနေကြခြင်းဖြစ်သည်။

ရှေးဟောင်းဓားကို ပိုင်ဆိုင်လိုခြင်းမှတစ်ပါး အခြားရည်ရွယ်ချက် မရှိပေ။

ပေါင်စု၏စကားသံက ဆက်လက်ထွက်ပေါ်လာပြန်သည်။

''ပထမတုန်းက ခင်ဗျားတို့ ဒီဓားကို လိုချင်ကြတယ်၊ ရှေးဟောင်းဓားတစ်လက်ကို ပိုင်ဆိုင်လိုခြင်းဆိုတဲ့ဆန္ဒကလွဲလို့ တစ်ခြားဘာဆန္ဒမှ မရှိခဲ့ကြဘူး''

''အခုတော့ ဒီဓားကြီးဟာ ရတနာသိုက်ကြီးတစ်ခုနဲ့ ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



လာပြီဆိုတာကို သိလိုက်ကြရပြီ၊ စောစောတုန်းက ဓားကို သာမန်ပိုင်ဆိုင်ချင်တဲ့စိတ်ထက် အဆတစ်ထောင်လောက် ပိုပိုင်ချင်လာကြပြီ ဟုတ်တယ် မဟုတ်လား''

လူအားလုံး ငြိမ်နေကြသည်။

ပေါင်စုဇါစကားများက မှန်ကန်နေသဖြင့် ဆိတ်ဆိတ်နေပြီး ဝန်ခံနေကြခြင်းသာဖြစ်ပေသည်။

ပေါင်စုကပင်.....

''ကျုပ် မေးခွန်းတစ်ခု ထပ်မေးပါဦးမယ်၊ သေသေချာချာ စဉ်းစားပြီးဖြေကြပါဗျား၊ ဟောဒီဓားကြီးဟာ ရတနာသိုက်နဲ့ ဘယ်လိုမှ မပတ်သက်တော့ဘူးဆိုရင် ခင်ဗျားတို့ ဒီဓားကြီးကို လိုချင်ကြဦးမှာလား''

ထိုမေးခွန်းကို ကြားလိုက်ရသောအခါ လူအားလုံး စိတ်ကူးလမ်းကြောင်း ပြောင်းသွားသည်။

ထိုမေးခွန်းကို ဖြေရန်ထက် မြောင်ယိုလန်၏ဦးခေါင်းထက်မှ ဆံထိုးကို ကြည့်ရှုရန် ပို၍စိတ်ဆန္ဒ ဖြစ်သွားကြသည်။

ထိုသို့ ဆံထိုးကို လှည့်ကြည့်ခြင်းကပင် သူတို့သည် ရှေးဟောင်းဓားကြီးကို ဓားတစ်လက်အနေဖြင့် မြတ်နိုးခြင်း၊ လိုချင်တပ်မက်မောခြင်း မရှိတော့ကြောင်း အဖြေပေးလိုက်သလို ရှိလေ၏။

မြောင်ယိုလန်၏ဦးခေါင်းထက်၌မူကား ဂျွန်ဦးခေါင်း တပ်ဆင်ထားသည့် ပုလဲဆံထိုးကလေးသည် တလှုပ်လှုပ် တည်ရှိနေသည်။

သူတို့အားလုံးပင် ပုလဲဆံထိုးလေးကို အာရုံစိုက်နေကြ၏။



မြောင်ယိုလန်သည် အသက်ဆယ့်ခုနစ်နှစ်မျှသာ ရှိသေးသော ပွယ်သွယ်လျလျ ချောမွေ့လှသည့် မိန်းမပျိုကလေးသာဖြစ်သည်။

သူမသည် အံ့ဩဖွယ်ကောင်းလောက်အောင်ပင် သိုင်းပညာ အရာ၌ တတ်ကျွမ်းလိမ္မာခြင်း မရှိပေ။

ထိုကဲ့သို့သော မိန်းကလေးမျိုးထံမှ ဆံထိုးကို လက်ရောက်ရယူ ရန်ကိစ္စမှာ သစ်သီးခွံတစ်ခုကို အခွံနွှာ စားရသလို လွယ်ကူလှသည်။

မှန်ပါပေသည်။

သို့သော်.....

ဤသို့သော်ကား တန်ဖိုးကြီးလှ၏။

သူမ၏ဖခင်သည် တရုတ်ပြည်သိုင်းလောက၌ ဟိုးဟိုးကျော် လျှမ်းလျှမ်းတောက်နေသော သူရဲကောင်းကြီးဖြစ်နေ၏။

'သိုင်းလောက ပြိုင်ဘက်ကင်း'

''မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း'

'ရွှေမျက်နှာ တန်ခိုးရှင်'

ဟူသော ဘွဲ့နာမည်များကပင် မြောင်ယိုလန့်ဖခင်၏ ဂုဏ်အရည်အချင်းများကို ထင်လင်းစွာ ဖော်ပြနေခဲ့သည်။

ဖခင်၏ဂုဏ်အရည်အချင်းတို့က မြောင်ယိုလန်၏ တစ်ကိုယ်လုံးကို လွှမ်းခြုံထားသကဲ့သို့ ရှိနေသည်။

ကာကွယ်သမှုပြုနေသည်။

မြောင်ယိုလန် တည်းဟူသော သိုင်းပညာကို နကန်းတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



မသိသောမိန်းကလေးအား ရက်ရက်စက်စက် ပြုမူချင်သလို ပြုမူနိုင်၏။

သို့သော်.....

သူမ၏ဖခင်က ဤအတိုင်း လက်ပိုက်ကြည့်နေမည်လည်း မဟုတ်ပြန်ပါချေ။

သူမ၏ဖခင် ဝင်ရောက်အရေးယူလာလျှင် ခုခံတိုက်ခိုက်နိုင်သည့်ပညာဟူ၍ သူတို့အားလုံး တစ်ယောက်တွင်မျှ ရှိမနေပါ။

ထို့ကြောင့် တလှုပ်လှုပ်ဖြစ်နေသော ပုလဲဆံထိုးကလေးကို လိုချင်တပ်မက်မောစွာ ကြည့်နေကြသော်လည်း မည်သူမျှ သွားရောက်လက်လှမ်းမယူရဲကြပါချေ။

+ + +

ထိုတဒင်္ဂအချိန်အတွင်း အားလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ခေါင်မိုးတံစက်မြိတ်မှ နှင်းပေါက်ကလေးများ တပေါက်ပေါက်ကျသံကိုပင် အားလုံး ကြားနေကြရသည်။

လိုယွမ်ဟို့သည် ထိုလူအားလုံးကို မျက်စောင်းထိုးကြည့်ပြီး ကျေနပ်စွာ ပြုံးလိုက်လေ၏။

သူသည် မြောင်ယိုလန်ထိုင်နေသည့်နေရာသို့ ကိုယ်ကို ခပ်မတ်မတ်ထား၍ လျှောက်သွားသည်။

မြောင်ယိုလန်သည် သူ့ထံသို့ တန်းတန်းမတ်မတ် လျှောက်လာသည့် လိုယွမ်ဟို့အား မင်တက်ငေးကြောင်ကာ ကြည့်နေမိလေသည်။



လိုယွမ်ဟို့သည် သူမ၏အနီးအနားသို့ ရောက်သောအခါ မြောင်ယိုလန့်၏ဦးခေါင်းထက်မှ ဆံထိုးကလေးကို ဆတ်ခနဲ ဆွဲဖြုတ်ယူလိုက်လေ၏။

ထိုအဖြစ်ကြောင့် မြောင်ယိုလန့်မှာ အံ့အားကြီးသင့်နေတော့သည်။

မည်သို့မျှပင် မလှုပ်ရှားနိုင်ဘဲ ကြက်သေသေနေလေတော့သတည်း။

လိုယွမ်ဟို့ ဤသို့ပြုမူရဲလိမ့်မည်ဟု မည်သူကမျှလည်း မထင်ခဲ့ပေ။

သူတို့အားလုံးတွင် သိုင်းပညာအကောင်းဆုံးသော မျက်ခုံးဖြူပေါင်စုသည်ပင်လျှင် မြောင်ယိုလန်အပေါ် ဤသို့ မဆက်ဆံရဲပေ။

လိုယွမ်ဟို့သည် အဘယ်ကြောင့် ဤမျှ ရဲတင်းနေပါသနည်း။

လိုယွမ်ဟို့ကိုကြည့်ပြီး လူအားလုံး၏မျက်နှာများမှာ သွေးဆုတ်ဖြူရော်သွားတော့သည်။

ထိုအဖြစ်ကြောင့် အားလုံး စိုးထိတ်နေကြစဉ်.....

ယင်ကြည့်က ထိတ်ထိတ်လန့်လန့်ဖြင့် သတိပေးလိုက်သည်။

"နောင်.....နောင်ကြီးလိုယွမ်ဟို့၊ ဒီ.....ဒီလုံမလေးရဲ့ဖခင်ဟာ ကျင်းမြန်မှု မြောင်ရင်ဖုန့် ဖြစ်ပါတယ်ဗျ၊ အဲဒီအချက်ကို ခင်ဗျား သတိမေ့နေမှာစိုးလို့ ကျုပ်က ထပ်ပြီး သတိပေးတာပါ"

လိုယွမ်ဟို့က ရင်ကော့၍ ပြောလေ၏။ လက်ဝါးကာ၍လည်း

www.burmeseclassic.com

www.burmeseclassic.com



တားမြစ်လေသည်။

''ကျုပ်ဟာ ဘယ်သူလဲဗျာ၊ ခင်ဗျားတို့ တဆိတ်လောက် ဖြေကြပါ''

ယင်ကြည်က ခွန်းတုံ့ပြန်သည်။

''မန်ချူးကောရာဇ်ရဲ့ ကိုယ်ရံတော်ကြီးလိုယွမ်ဟို ဖြစ်ပါတယ်ဗျာ၊ ဒါကို ကျုပ်တို့ သိထားပြီးသားပဲ၊ ဘာဖြစ်လို့ ထပ်မေးနေရတာလဲဗျာ''

လိုယွမ်ဟိုက အောင်နိုင်သူကဲ့သို့ ပြောလေ၏။

''ဒါပဲပေါ့ဗျ၊ ကျုပ်က မန်ချူးကောရာဇ်ကြီးရဲ့အမိန့်နဲ့ အမှုတော် ထမ်းနေတဲ့ ကိုယ်ရံတော်ကြီးပဲဗျာ၊ ဘယ်သူ့ကို ကြောက်နေရမှာလဲ၊ သူ့ရဲ့ကောင်းကြီး မြောင်ရင်ဖုန့်မကလို့ မြောင်ရင်ဖုန့်ရဲ့ဖခင်ကြီး ဖြစ်နေပါစေ ကျုပ် ကြောက်လို့ မဖြစ်ပါဘူးဗျ.ဟဲဟဲဟဲ.....''

မျက်ခုံးဖြူပေါင်စုမှာ လိုယွမ်ဟို၏ တာဝန်ကျေပွန်မှု၊ ရဲစွမ်းသတ္တိရှိမှုတို့အတွက် ရင်သပ်ရှုမော အံ့ဩသွားလေ၏။

သို့သော်.....

လိုယွမ်ဟို ဆက်လက်ပြောကြားသည့်စကားကို ကြားလိုက်ရသော အခါတွင်မူ လိုယွမ်ဟိုအား သိပ်အထင်ကြီးလိုစိတ် မရှိတော့ပေ။

''ဟဲဟဲဟဲ.....ကျုပ်ကို သိပ်ပြီးလဲ အထင်မကြီးနေကြနဲ့ဦးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ကောင်းကြီးမြောင်ရင်ဖုန့်ဟာ အခုဆိုရင် အသက်တောင် ရှိချင်မှရှိတော့မှာ မဟုတ်လို့ပဲ''

''ဗျာ''



''ဟင့်''

''ဟာ''

ဟူသော အာမေဋိတ်သံများသည် ခန်းမကြီးတစ်ခုလုံးကို ကျယ်လောင်စွာ ပုံးလွှမ်းသွားသည်။

ဆီးနှင်းမြူ ပုံးလွှမ်းနေသော အပြင်လောကအထိ ပျံ့နှံ့သွားသည်။

''ဘယ်လိုဖြစ်တာလဲဗျာ၊ ကျုပ်တို့ အကျယ်တဝင့် မသိရဘူးလား။ သိခွင့်ရှိရင် သိပါရစေ''

လိုယွမ်ဟိုက ပြုံးလိုက်ပြီး.....

''လောလောဆယ် ကျုပ် အသေအချာပြောနိုင်တဲ့ အချက်တစ်ချက်တော့ ရှိပါတယ်၊ ကျွင်းမြန့်မှ မြောင်ရင်ဖုန့်ဟာ အခုအချိန်မှာ အသက်မသေသေးဘူးဆိုရင်လဲ အဖမ်းခံ၊ ထိပ်တုံးခတ် ခံထားရဖို့ကတော့ သေချာသလောက် ရှိနေပါတယ်''

''သူ့ကိုထည့်ထားတဲ့ အကျဉ်းထောင်ကလဲ တကယ့်ကို လုံခြုံတဲ့ အကျဉ်းထောင် ဖြစ်လိမ့်မယ်ဆိုတာ ကျုပ် ကျိန်ပြီးပြောရဲပါတယ်ဗျာ''

ဤစကားများကြောင့်.....

ရှေးဦးစွာ ဤလူစုထဲ၌ အတုန်လှုပ်ဆုံး၊ အချောက်ချားဆုံး ဖြစ်သွားရသူမှာ မြောင်ယိုလန် ဖြစ်ပါသည်။

သူမ၏ဦးခေါင်းထက်မှ ဆံထိုးဖြုတ်ယူခံရသည့်အဖြစ်ကိုပင် မေ့ပျောက်သွားရတော့မယောင်။

www.burmeseclassic.com

www.burmeseclassic.com



သူကြားနေသည့် အဖြစ်များကိုပင် အိပ်မက်လိုလို ထင်မှတ်နေမိပါလေတော့သတည်း။

♛ ♛ ♛



## အခန်း (၄၄)

## တောင်ထိပ်သစင် အားမာန်ရှင်

မြောင်ယိုလန် တုန်လှုပ်ချောက်ချား စိတ်ထိခိုက်နေချိန်တွင် လိုယွမ်ဟို့သည် ပို၍ပို၍ ရဲတင်းနေလေသည်။

အကြောင်းဘယ်သို့ ရှိလေပြီနည်း။

မြောင်ယိုလန်သည် သူ့ဖခင် မြောင်ရင်ဖုန့်အတွက် အလွန်စိတ်ပူပြန်သည်။

ဤသို့ တစ်ပူပေါ် နှစ်ပူဆင့် အေးချမ်းခွင့်မရ ဖြစ်နေချိန်တွင်–

မျက်ခုံးဖြူပေါင်စုက လိုယွမ်ဟို့အား ရိုရိုသေသေ လေးလေးစားစား တောင်းပန်လိုက်သည်။

ပေါင်စုအဖို့ လိုယွမ်ဟို့အား ပထမဦးဆုံးအကြိမ် ဘုရင့်ကိုယ်ရံတော်ကြီးအား လေးစားသမှု ပြုလိုက်ခြင်းပင် ဖြစ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လိုယွမ်ဟို့သည် မျက်ခုံးဖြူပေါင်စု၏ ဦးညွှတ်လေးစားသမှုကို ခံလိုက်ရသောအခါ ပို၍ ဘဝင်မြင့်သွားတော့၏။

မန်ချူးကောရာဇ်ကိုယ်ရံတော်ကြီးအဖြစ် ထမ်းဆောင်ရခြင်းကိုပင် အကြီးအကျယ် ဂုဏ်ယူသွားမိတော့သည်။

သူသည် ပထမပိုင်းက မျက်ခုံးဖြူပေါင်စုကို အတော်ကြီး စိတ်နာနေသည်။

ပေါင်စုသည် တောင်ကာလပ်ခြေရင်းရောက်သည်အထိ သူ့အား တရွတ်ဆွဲ ခေါ်လျက် နိုပ်စက်ကလူ ပြုခဲ့သည် မဟုတ်ပါလော။

ထိုအဖြစ်ကို သူ မမေ့ပေ။

မျက်ခုံးဖြူပေါင်စုအား တစ်နေ့နေ့ တစ်ချိန်ချိန်တွင် လက်စား ချေမည်ဟု စိတ်ထဲ၌ တေးမှတ်ထားခဲ့သည်။

ယခု.....

မိမိသည် မန်ချူးကောရာဇ်၏ ကိုယ်ရံတော်ကြီးအဖြစ် အမှုတော်ကို ပိုင်ပိုင်နိုင်နိုင် ထမ်းဆောင်နေကြောင်း၊ ကျင်းမြန်နိုင်ငံမှ မြောင်ရင်ဖုန့်ကဲ့သို့သော ပုဂ္ဂိုလ်ကြီးမျိုးကို ဖမ်းဆီးထားနိုင်ရန် စီစဉ်နေကြောင်း ပေါင်စု သိသွားသောအခါမှ ယခုကဲ့သို့ လေးစားသမှု ပြုလာပြီး ရိုရိုသေသေ ဖြစ်လာကြောင်း နားလည်လိုက်သည်။

ထိုသို့ ပေါင်စုက ဦးညွှတ်ဆက်ဆံလာခြင်းအတွက် သူ့အလွန် ကျေနပ်သွားသည်။

အငြိုးအတေးများလည်း ပြေပျောက်သွားတော့သည်။



ဤတောင်ကာလပ်ထိပ်ပေါ်ရှိ မိမိမှတစ်ပါး အခြားမည်သူမျှ တက်သူတတ်သူ မရှိသည့် အမှုအရာ ဟိတ်လုံးဟန်လုံးများ ပျောက်ကွယ်များသည့် မျက်ခုံးဖြူပေါင်စုကိုကြည့်ကာ လိုယွမ်ဟို့သည် သူ သိထားသမျှ လျှို့ဝှက်ချက်များကို ထုတ်ပြောရန် ဆုံးဖြတ်လိုက်လေတော့၏။

လိုယွမ်ဟို့သည် မာတောင့်တောင့် အမူအရာဖြင့် မျက်ခုံးဖြူပေါင်စုအား ပြန်လည်မေးခွန်းထုတ်မည့်ဟန် ပြင်လိုက်သည်။

မျက်ခုံးဖြူပေါင်စု၏ ကိုယ်ဟန်အမူအရာအားလုံး ပျာပျာသလဲ ဖြစ်သွားသည်။

''နေစမ်းပါဦးဗျာ၊ ခင်ဗျားတို့ မေးတာကို မဖြေခင် မျက်ခုံးဖြူပေါင်စုကိုယ်တော်ကြီးကို ကျုပ်အနေနဲ့ တစ်ခုလောက် မေးမြန်းချင်ပါသေးတယ်''

ပေါင်စုက ပျာပျာသလဲ ဖြေ၏။

''မေးပါ.....မေးပါ''

''ဒီတောင်ကာလပ်ထိပ်ရဲ့ ပိုင်ရှင်ကြီးကို 'သခင်ကြီး သခင်ကြီး' လို့နာမ်စားပဲ သုံးနေကြတယ်၊ ခုထက်ထိ သခင်ကြီးတော ဘယ်သူမှန်း မသိကြသေးဘူး။ ဒီသခင်ကြီးဟာ ဘယ်ကသခင်ကြီးလဲဗျ၊ ဘယ်သူများတုန်း''

ဤတောင်ကာလပ်ထိပ်သို့ ရောက်ရှိနေသူအားလုံး၏ စိတ်ထဲ၌ ဤတောင်ကာလပ်ထိပ်၏ သခင်ကြီးသည် မည်သူဖြစ်သည်ကို အလွန်သိလိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါင်စုကို မေးရန်လည်း အခွင့်မသာဘဲ ဖြစ်နေကြသည်။

ယခုအချိန်၌.....

ရတနာများကို ပိုင်ဆိုင်ရယူချင်စိတ် ဖြစ်ပေါ်နေသကဲ့သို့ ဤတောင်ကလပ်ထိပ်မှ သခင်ကြီးဆိုသူ၏အမည်ကိုလည်း သိချင်စိတ် ဖြစ်ပေါ်နေကြသည်။

စိတ်ဝင်စားဖို့လည်း ကောင်းလှသည်။

ယခုကဲ့သို့.....

လိုယွမ်ဟိုက တိုက်ရိုက်မေးမြန်းလိုက်သောအခါ လူအားလုံး၏ စိတ်ထဲ၌ ဂွမ်းဆီထိသလို စိတ်ကြိုက်ပီတိဖြစ်သွား၏။

ရေငတ်တုန်း ရေတွင်းထဲသို့ ကျသွားသူများကဲ့သို့ပင်။

လိုယွမ်ဟို၏မေးမြန်းသံများကို ကြားလိုက်ရသောအခါ စောစောက ပျောက်ကွယ်သွားခဲ့သည့် မောက်မာမှုများသည် ပေါင်စု၏မျက်နှာပေါ်၌ ပြန်ပေါ်လာသည်။

အားမာန်တက်လာသောအသံဖြင့် ပေါင်စုက မားမားရပ်၍ ဖြေလိုက်သည်။

"ဟဲဟဲဟဲ.....ခင်ဗျားတို့က သိချင်ကြပြီဆိုတော့ ကျုပ်အနေနဲ့ ဘယ်ထိန်ချန်ထားလို့ သင့်တော့ပါ့မလဲဗျာ၊ ဒီတောင်ထိပ်ပေါ်က သခင်ကြီးရဲ့နာမည်ကတော့ 'တုစပ်ကို'လို့ ခေါ်ပါတယ်၊ ဒီတုစပ်ကို ဆိုတဲ့နာမည်ဟာ လွန်ခဲ့တဲ့အတိတ်ကာလတွေမှာဆိုရင် အင်မတန် ကျော်ကြားခဲ့တဲ့ နာမည်ပဲပေါ့ဗျာ"

---



ခန်းမထဲရှိ သိုင်းသမားများသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြရင်း.....

"ဗျာ.....တုစပ်ကို တဲ့.....ဟုတ်လား"

တအံ့တသြ ပြောနေကြသည့် လူများကိုကြည့်လျက် မျက်ခုံးဖြူ ပေါင်စုသည် ကျေနပ်စွာ ရယ်မောနေလေ၏။

"မှန်တယ်ဗျာ၊ တုစပ်ကိုတဲ့၊ သခင်ကြီးတုစပ်ကိုလို့ ခေါ်ရင် ပြည့်စုံတာပေါ့ဗျာ၊ တကယ်တော့ သခင်ကြီးတုစပ်ကိုဟာ သိုင်းပညာ ကောင်းသလို သူ့ကိုယ်သူလဲ အတော်ကလေး အထင်ကြီးပါတယ်ဗျ"

"သူဟာ တော်ရုံတန်ရုံသိုင်းသမားတွေနဲ့ လုံးဝ မဆက်ဆံဘူး၊ သီးသီးခြားခြား ကင်းကင်းရှင်းရှင်း နေလေ့ရှိတယ်"

"ဒီတော့ သူ့သိုင်းပညာ ဘယ်လောက်စွမ်းတယ်ဆိုတာ တော်ရုံ တန်ရုံသာမန်သိုင်းသမားတွေ ဘယ်သိနိုင်တော့မလဲဗျာ"

"ဒါပေမယ့် သိုင်းလောကထဲက နံပါတ်တစ်အဆင့်ရှိတဲ့ သိုင်းသမားတွေကတော့ သခင်ကြီးတုစပ်ကိုကို ကောင်းကောင်းကြီး သိကျွမ်းကြပါတယ်၊ လေးလဲလေးစားကြပါတယ်"

မျက်ခုံးဖြူပေါင်စုသည် ထိုစကားများကို အလေးအနက် မထားဟန်ဖြင့် ခပ်အေးအေးပင် ပြောဆိုခြင်းဖြစ်သည်။

သို့သော် သူသည် သူမှတစ်ပါး ကျန်လူအားလုံး သိကျွမ်းချင်သည့် စကားလုံးများကိုပါ တသိတတန်းကြီး ပြောချလိုက်သည်။

တုစပ်ကို၏နာမည်ကို မသိသဖြင့် မေးမြန်းမိသူအားလုံးသည်

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်တစ်အဆင့်သိုင်းသမားများ မဟုတ်ကြောင်း သွယ်ဝိုက်၍ သိကျွ ချပစ်လိုက်သည်။

သူသည်သာ တုစပ်ကို၏နာမည်ကို သိခြင်း၊ တုစပ်ကို၏ လေးစားခြင်း စသည့်အချက်များနှင့် သူသာ နံပါတ်တစ်အဆင့် သိုင်းသမားဖြစ်ကြောင်း ကိုယ်ရည်သွေးပြလိုက်သည်။

မျက်ခုံးဖြူပေါင်စု၏ဆိုလိုရင်းကို ရိပ်မိလိုက်ကြသဖြင့် ဝါရင့်သိုင်းဆရာကြီးများဖြစ်ကြသော ယင်ကြည်၊ ယွစ်စစ်ကျုံးနှင့် လိုယွမ်ဟို့တို့သည် မျက်နှာကြီးများ နီရဲသွားပြီး ရှက်သွေးတက်သွားလေတော့၏။

သို့သော် သူတို့သည် တစ်ချက်တော့ တွေးမိကြလေသည်၊

ကျင်းမြန့်ဖူ ပြောင်ရင်ဖုန့်လို လူမျိုးကပင်လျှင် သခင်ကြီး တုစပ်ကို၏ ဖိတ်ခေါ်မှုကို လက်ခံလျက် ဤတောင်ကလပ်ထိပ်ပေါ်သို့ တလေးတစား လာရောက်ခြင်းကိုထောက်လျှင် တုစပ်ကို၏အဆင့်မှာ အတော်ပင် မြင့်မားနေကြောင်း သိသာနိုင်ခြင်းပင်တည်း။

သူတို့အနေဖြင့် ကျင်းမြန့်ဖူ ပြောင်ရင်ဖုန့်ကို သူတို့နှင့် တန်းတူအဆင့် မသတ်မှတ်နိုင်သဖြင့် တုစပ်ကိုကိုလည်း တန်းတူအဆင့် မသတ်မှတ်နိုင်ကြောင်း နားလည်သဘောပေါက်လိုက်မိကြလေသည်။

နောက်ဆုံး ကုန်ကုန်စဉ်းစားကြည့်လျှင် မျက်ခုံးဖြူပေါင်စုသည်ပင်လျှင် သူတို့ထက် သိုင်းပညာ အလွန်ကောင်းနေသဖြင့် တုစပ်ကိုသည် ပေါင်စုပြောသလို ထိပ်တန်း၏အထက်မှာ ရှိသော သိုင်းအကျော် အမော်ကြီးဖြစ်ကြောင်း လက်ခံမိကြလေသည်။

---



ထို့ကြောင့် ရှက်သွေးတက်သွားကြသော်လည်း ပေါင်စု၏ စကားကို မည်သူမျှ စောဒက မတက်နိုင်ဘဲ ဖြစ်နေကြရသည်။

+ + +

လိုယွမ်ဟို့က.....

"ကဲကဲ..... ဒီက သခင်ကြီး တုစပ်ကိုရဲ့ နာမည်ကို သိခွင့်ရတော့ ကျုပ်ကလဲ ကျုပ် သိထားသမျှတွေကို ပြောပြရတော့မှာပေါ့ဗျာ"

"ကျုပ်ကို ဒီကို ရောက်ခါစအချိန်မှာ ဘဏ္ဍာစိုးကြီးယီက ပြောခဲ့တယ်မဟုတ်လား။ သခင်ကြီးဟာ လိန်ကူထစ်ဒေသကိုသွားပြီး ကျင်းမြန့်ဖူ ပြောင်ရင်ဖုန့်ကို သွားပင့်ဖိတ်နေပါတယ်"

"နောက်ပြီး ပီကင်းနေပြည်တော်ကိုသွားပြီး ကျန်လုအဖွဲ့ချုပ်ကြီးဖန်ကိုလဲ ဖိတ်ခေါ်နေပါတယ်လို့ သူပြောတာတွေဟာ မမှန်ပါဘူးဗျာ"

"ကျုပ်တို့က ဒီသတင်းကို ရထားပြီးပါပြီ၊ အဲဒီ ကျန်လုအဖွဲ့ချုပ်ကြီးဖန်ဆိုတာလဲ နိုင်ဖုန်းမြို့မှာ အဖမ်းခံခဲ့ရပြီးပါပြီ၊ ဖန်ကို ဖမ်းတဲ့နေရာမှာ ကျုပ်တောင် ပါခဲ့ပါတယ်၊ ဒါတွေကတော့ ကြိုတင်လုပ်ထားတဲ့ အစီအစဉ်တွေပေါ့ဗျာ"

မျက်ခုံးဖြူပေါင်စုက တအံ့တသြ မေးလေ၏။

"ဗျာ.....ကြိုတင်လုပ်ထားတဲ့ အစီအစဉ်တွေ ဟုတ်လား"

လိုယွမ်ဟို့က ဂုဏ်ယူဝင့်ကြွားစွာ ပြုံးလိုက်သည်။

"ဒါက တစ်မျိုးကြီး ကျုံကွမ်စိုက်ရဲ့ အစီအစဉ်လေဗျာ၊ ကိုယ်ရံတော်ကြီး ဆယ့်ရှစ်ဦးစလုံး ဝိုင်းဖမ်းခဲ့ကြတာပါပဲ၊ အဖွဲ့ချုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဟာ စွမ်းရည် တကယ်ကောင်းတဲ့ သိုင်းသမားကြီးတစ်ယောက်ဖြစ်တာ မှန်ပေမယ့် ကိုယ်ရံတော်ကြီးဆယ့်ရှစ်ယောက်ရဲ့ စုပေါင်းညီညွတ်မှု အင်အားကိုတော့ မပယ်လှန်နိုင်ပါဘူးဗျာ၊ ကျုပ်တို့ရဲ့တပ်မမှူးကြီး ကျုံကွမ်စိုက်တောင် ဝင်ဖို့မလိုတော့ဘူး တပ်မမှူးကြီးအနေနဲ့ ဘေးပန်းက ကြီးကြပ်ညွှန်ကြားရုံလောက်ပါပဲ"

ယင်ကြည်က စိတ်မသက်မသာစွာ မေးမြန်းလိုက်သည်။

"အင်းဗျာ.....ခင်ဗျားတို့ ဒီလောက်အကွက်ချ စီစဉ်ထားမှတော့ အဖွဲ့ချုပ်ကြီးဖန်အဖို့ ဘယ်လွယ်တော့မလဲဗျာ"

လိုယွမ်ဟိုက ခေါင်းယမ်းပြသည်။

"ကျုပ်တို့ အမိဖမ်းချင်တာက အဖွဲ့ချုပ်ကြီးဖန် မဟုတ်ပါဘူးဗျ"

"ဗျာ.....ဖန်မဟုတ်ဘူး၊ ဒါဖြင့် ဘာဖြစ်လို့ ဖန်ကိုဖမ်းတာလဲဗျ"

"ဖန်ကို ဖမ်းရတာပေါ့၊ ဖန်ကို ငါးစာအဖြစ် ဖမ်းရတာပေါ့ဗျာ၊ ဖန်ဟာ အင်မတန် မွေးကြိုင်တဲ့ ငါးစာကြီးပါပဲ၊ ကျုပ်တို့ တကယ် ဖမ်းရမယ့်ငါးကြီးက တကယ်ကြီးတယ်၊ ဒီငါးကြီးကတော့ ကျင်းမြန့်မှ မြောင်ရင်ဖုန့်ပဲ ဖြစ်ပါတယ်"

လိုယွမ်ဟိုက ဆက်ပြောပြသည်။

"ဒီတောင်ကလပ်က သခင်ကြီး လိန်ကူထပ်ဆီကို ခရီးထွက်တယ်ဆိုတာ ကျုပ်တို့ သတင်းရတယ်ဗျ၊ သူ့အစီအစဉ်ကိုပါ ကျုပ်တို့ သိထားတော့ ကျုပ်တို့အဖို့ ပိုလွယ်နေတာပေါ့ဗျာ၊ သူက မြောင်ရင်ဖုန့်ကို ပါမယ်၊ ပြီးတော့ အဖွဲ့ချုပ်ကြီးဖန်ကို ကယ်မယ်၊ ဒါကို သိထားတော့ ကျုပ်တို့ရဲ့ တပ်မမှူးကြီးကျုံကွမ်စိုက်က အသေးစိတ် ပြင်ဆင်ပြီး စောင့်ကြိုနေတော့မှာပေါ့ဗျ"



ပေါင်စုက.....

"ခင်ဗျားတို့ ကျင်းမြန့်မှ မြောင်ရင်ဖုန့်ကို ဖမ်းမိထားပြီဆိုတာ ရော သေချာရဲ့လား"

လိုယွမ်ဟိုက- •

"ဖန့်ဟာ သူ့မိတ်ဆွေပဲလေဗျာ၊ မိသားစု အစဉ်အဆက် ရင်းနှီးစွာ ပေါင်းသင်းလာတဲ့ မိတ်ဆွေတစ်ယောက် အဖမ်းခံနေရပြီဆိုတာ သိရင် ခင်ဗျား ဒီအတိုင်း လက်ပိုက်ကြည့်နေမလား"

"ခင်ဗျားသဘောကို တပ်အပ်သေချာ မပြောနိုင်ပေမယ့် ကျင်းမြန့်မှ မြောင်ရင်ဖုန့်လို ပုဂ္ဂိုလ်မျိုးရဲ့သဘောကိုတော့ တပ်အပ်သေချာ ပြောနိုင်တယ်ဗျ"

"သူ့ကို သိုင်းလောကသားတွေက သစ္စာရဲ့ဘက်တော်သားကြီး လို့ ခေါ်ကြတယ်လေ၊ အေးလေ.....ဘယ်လိုပဲဖြစ်ဖြစ် မြောင်ရင်ဖုန့်အနေနဲ့ ပီကင်းနေပြည်တော်ကို မသွားမှာကိုတော့ ကျုပ် တကယ်ပဲ စိုးရိမ်ပူပန် မိပါတယ်"

"သွားလို့ကတော့ သစ်တောက်ငှက်ဟာ ကြက်ဟင်းခါးသီးကို နှုတ်သီးနဲ့ ဖောက်စားသလို ခါးသက်သွားရတော့မှာပေါ့ဗျာ"

လိုယွမ်ဟို့စကားကိုကြားလိုက်ရသောအခါ မြောင်ယိုလန်မှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး တသိမ့်သိမ့် တုန်ခါလာလေတော့၏။

မျက်ရည်များလည်း တားမရ ဆီးမနိုင် စီးကျလာသည်။

သူမအနေဖြင့် ဤနှင်းတောင်ကလပ်ထိပ်ကို ထွက်မလာမီ အိမ်၌ရှိစဉ်ကတည်းက ဖခင်ကြီးမြောင်ရင်ဖုန့်သည် ပီကင်းနေပြည်တော်ကို သွားရန် အစီအစဉ် ရှိခဲ့သည်။

ယခု လိုယွမ်ဟို့ ပြောသည့်အတိုင်းဆိုပါလျှင်.....

မြောင်ယိုလန်သည် ဖခင်ကြီးကို လွမ်းစွာချစ်ခင်သည့် အလျောက်များစွာ ပူဆွေးသွားမိတော့သည်။

သူမသည် ထိုင်ခုံ၌ပင် မထိုင်နိုင်တော့ဘဲ အောက်သို့လျှောကျ ပျော့ခွေသွားရုံမျှမက စိတ်နွမ်းကိုယ်နွမ်း အပင်ပန်းကြီးပင်ပန်းကာ သတိလွတ်စင်၍ သွားပေတော့သတည်း။

❦ ❦ ❦



အခန်း(၄၅)

ယွင်းကဲ့ခေသည့် သစင်မှုန်

လိုယွမ်ဟို့သည် သတိလွတ်စင် လဲကျသွားသော မြောင်ယိုလန်၏အဖြစ်ကို ကြည့်လျက် ကျေနပ်စွာ ပြုံးလိုက်မိ၏။

"ကဲ.....ဒီမိန်းကလေး ဘာတတ်နိုင်တော့သလဲ၊ ဒီမိန်းကလေးကို ဘယ်သူက လာကူညီနိုင်တော့မလဲ၊ သူ့ရဲ့ကောင်းကြီး မြောင်ရင်ဖုန့်ဟာ အကျဉ်းစံဖြစ်ရင်ဖြစ် မဖြစ်ရင် သေနေလောက်ပေပြီ"

လိုယွမ်ဟို့က.....

"ကဲ.....ကျုပ်တို့ဆီမှာလဲ ပုလဲဆံထိုး ရှိနေပြီ၊ ကေရာဇ်ကြီးလီချွမ့်ဝှမ်ရဲ့ လက်သုံးတော်ဓားလဲ ရှိနေပြီ၊ ဒါဆိုရင် ရတနာသိုက်ကြီးကို ကျုပ်တို့ တူးဖော်နိုင်ပြီပေါ့ဗျာ၊ တူးဖော်လို့ရတဲ့ရတနာတွေကို ကေရာဇ်ကြီးဆီ ဆက်သမယ်၊ ဒါဆိုရင် ပေဘီမှာရှိတဲ့ လူတိုင်းလူတိုင်းဟာ အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



မြင့်မားတဲ့ ရာထူးဌာနန္တရကြီးတွေ ချီးမြှင့်ခံကြရမှာပါဗျာ''

သူသည် စကားပြောရင်းမှ လူတိုင်းမျက်နှာကို အကဲခတ်ကြည့်လိုက်၏။ အချို့က ဝမ်းသာကျေနပ်နေသည်။ အချို့က မျက်မှောင်ကြုတ်နေသည်။

မျက်မှောင်ကြုတ်နေသည့်လူများမှာကား ထောင်ပိုင်ဇွေ့တို့သားအဖဖြစ်သည်။

သူတို့သည် ရာထူးဌာနန္တရကို အလိုမရှိပေ။ ရွှေ ငွေ ကျောက်သံပတ္တမြားတည်းဟူသော ရတနာကိုသာ အလိုရှိကြ၏။

လိုပွမ်ဟို့သည် အလွန်တရာ ပါးနပ်၏။

ထောင်ပိုင်ဇွေ့တို့၏ စိတ်သဘောကို ချက်ချင်း ရိပ်မိသည်။

အချို့သောလူများသည်ပင်လျှင် ထောင်ပိုင်ဇွေ့တို့သားအဖကဲ့သို့ စိတ်သဘောထား ရှိလိမ့်မည်ဖြစ်ကြောင်း နားလည်၏။

ထို့ကြောင့် သူ၏စကားကို တစ်ထစ်လျှော့ချလိုက်သည်။

''ကျုပ်ပြောတာလဲ ဆုံးအောင် နားထောင်ကြဦးပေါ့ဗျာ၊ အခု ကျုပ်တို့ တွေ့ရမယ့် ရတနာတွေက တောင်ပုံရာပုံ ရှိနေမှာပါဗျာ''

''လူတစ်ကိုယ်စာ နိုင်သလောက် ယူကြလို့ ဒီရတနာပုံကြီးဟာ သိသိသာသာကြီး ယုတ်လျော့သွားမှာ မဟုတ်ပါဘူးဗျာ''

''ဒီတော့ တစ်ကိုယ်စီ နိုင်သလောက် ယူကြပေါ့ဗျာ၊ ကျန်တာတွေကိုတော့ ကေရာဇ်ကြီးဆီ ဆက်သကြတာပေါ့၊ ဒါဆိုရင် ကျုပ်တို့အားလုံးလဲ သူဌေးဖြစ်မယ်၊ ရာထူးဌာနန္တရတွေလဲ ရကြမယ်''



''ကဲ.....ဘယ်လိုသဘောရကြသလဲ''

ထောင်ပိုင်ဇွေ့နှင့်ထောင်ကြည်အန်းတို့မှအပ ကျန်လူအားလုံး ကျေနပ်သွားကြ၏။

ထို့ကြောင့် ထိုအကြံအစည်ကို လက်ခုပ်လက်ဝါးတီးလျက် ကောင်းချီးပေးရင်း ရွှင်လန်းတက်ကြွနေကြပေတော့သည်။

\+ + +

ထန်ချင်ဝင်းသည် အတွင်းခန်း၌ အနားယူနေခဲ့သည်။

စင်စစ် သူမအဖို့ ဤမျှ အနားယူရန် ပင်ပန်းခြင်း မရှိပါ။

သို့သော် ထန်းလုံအဖွဲ့နှင့် ပတ်သက်၍ ပြောကြားနေခဲ့သည့် အကြောင်းအရာများ၌ ထန်းလုံအဖွဲ့၏ အခြားကိစ္စများကိုသာမက မိမိ၏ အရှက်တကွဲ အကျိုးနည်းဖြစ်ရပ်များကိုပါ ထုတ်ဖော်ပြသပြီး ဖြစ်နေသဖြင့် ရှက်ရှက်နှင့် ဤအခန်းထဲသို့ ဝင်နေခဲ့ခြင်းဖြစ်သည်။

သူမ သိထားပါသည်။

ဤတောင်ကလပ်ထိပ်ပေါ်သို့ ရောက်နေသည့် သိုင်းသမားများသည် တစ်ဦးတစ်ယောက်၏ ယုတ်မာမှုများကို တမင်သက်သက် ထုတ်ဖော်လို၍ ဤသို့ ပြောနေကြခြင်း မဟုတ်ကြပေ။

အကြောင်းတစ်ကြောင်းကို ထုတ်ဖော်ရင်း ထိုအကြောင်းနှင့် ပတ်သက်နေသည့်လူ၏ ယုတ်မာမှုများမှာ ညောင်မြစ်တူးရင်း ပုတ်သင်ဥပေါ်သွားသည့်သဘောသာဖြစ်ပါသည်။

သူမအနေဖြင့် ထိုအချက်ကို ပို၍ယုံကြည်ခြင်းမှာ ဤတောင်

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ပေါ်သို့ ရောက်ရှိလာသူများတွင် မြောင်ယိုလန့်မှအပ အခြားမည်သူမျှ လူကောင်း မဟုတ်သည်ကို သိရှိထား၍ဖြစ်သည်။

သူမသည် အနောက်ဘက်အခန်းထဲ၌ ပုန်းရှောင်နေစဉ် ကျယ်လောင်သော ကောင်းချီးပေးသံများကို ကြားလိုက်ရသဖြင့် လွန်စွာ စိတ်ဝင်စားသွားသည်။

သူမ၏အခန်းထဲမှ ထွက်လာပြီး ခန်းမကြီး၏တံခါးဝတွင် လာရောက် ရပ်ကြည့်မိတော့သည်။

\+ + +

ထိုအချိန်တွင် လိုယွမ်ဟို့သည် အလွန်စိတ်ဝင်စားဖွယ်ရာ အလုပ်တစ်ခုကို လုပ်ဆောင်လျက် ရှိနေလေပြီ။

လူအားလုံးလိုလို လိုယွမ်ဟို့အား ဝိုင်းကြည့်နေကြသဖြင့် ထန်ချင်ဝင်းသည်လည်း လူအုပ်ကြီးဝိုင်းနေရာသို့ ရောက်မှန်းမသိ ပြန်လည်ရောက်ရှိလာတော့သည်။

သူတို့နှင့် သီးသီးခြားခြား ကင်းကင်းလွတ်လွတ် ရှိနေသူမှာ မြောင်စားလန့်နှင့် မြောင်ယိုလန့်၏ အစေခံမလေး ခင်တို့သာဖြစ်ပေသည်။

ခင်သည် မြောင်ယိုလန့်အား ပြုစုပေးနေသဖြင့် မြောင်ယိုလန့် မှာ အနည်းငယ်ခံသာနေပေတော့သည်။

♛ ♛ ♛



အခန်း (၄၆)

## ရတနာခေတာင်ထိပ် ခွေးသိပ်ရအောင်

လိုယွမ်ဟို့တို့သည် ဂျူနီဦးခေါင်း ပုလဲဆံထိုးကလေးကို စားပွဲပေါ်တင်ပြီး သူ့ဦးခေါင်းထက်မှ ဆံပင်တစ်ချောင်းကို ဆွဲနုတ် လိုက်သည်။ ဂျူနီရုပ်၏ပါးစပ်ထဲသို့ ထိုးသွင်းလိုက်သည်။

အခြားတစ်ဘက်အပေါက်မှ ထွက်လာသည့် ဆံခြည်မျှင်ကလေးကို ကျန်လက်တစ်ဘက်ဖြင့် ဆွဲယူလိုက်ပြီး ခပ်တင်းတင်းဆွဲ လိုက်ရာ ဂျူနီ၏ပါးစပ်ကလေး ပွင့်ဟသွားတော့သည်။

သူသည် ဟိုယခင်က မြောင်ရင်ဖုန့် ပြုလုပ်ခဲ့သည့်နည်းကို မြင်ခဲ့ရသူဖြစ်၍ ထိုနည်းအတိုင်း ပုလဲဆံထိုးကလေး၏ လျှို့ဝှက်ချက်ကို ဖွင့်နေခြင်းပင်ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပုလဲဆံထိုးကို ကောက်ကိုင်ပြီး စားပွဲပေါ်သို့ မှောက်ချလိုက်သည်။

လူအားလုံးသည် စိတ်တထင့်ထင့်ဖြင့် ကြည့်နေကြသည်။

လိုယွမ်ဟို့ မြင်တွေ့ခဲ့ရသည့် လျှို့ဝှက်မြေပုံသည် ယခု ရှိမှ ရှိပါ့ဦးမလားဟု တထိတ်ထိတ် တွေးနေကြသည်။

စက္ကူလိပ်ကလေးတစ်လိပ်သည် စားပွဲခုံပေါ်သို့ ရှောရှောရှူရှူ ကျလာရာ အားလုံးပင် ဟင်းခနဲ သက်ပြင်းချလိုက်မိကြလေတော့သည်။

လိုယွမ်ဟို့သည် စက္ကူလိပ်ကလေးကို ကောက်ယူပြီး အသေအချာ လေ့လာနေသည်။

ပုစဉ်းတောင်ပံကဲ့သို့ ပါးလွှာသော စက္ကူကလေးသည် နှစ်ပရိစ္ဆေဒ ကြာမြင့်ပြီဖြစ်၍ ဝါကျင့်ကျင့်ဖြစ်နေသည်မှအပ အခြားဘာမျှ မပျက်စီးသေးပေ။

ထိုသို့ မပျက်စီးရသည့်အကြောင်းမှာ ပုလဲဆံထိုး၏အတွင်း လှိုဏ်ခေါင်းကလေးအတွင်း နေမထိ လေမထိ လုံခြုံစွာ သိမ်းခဲ့ခြင်းကြောင့် ဖြစ်နိုင်ပေသည်။

လိုယွမ်ဟို့သည် စက္ကူလိပ်ကလေးကို ဖြည်းညင်းစွာ ဖြည်လိုက်သည်။

ဖြန့်သားသည့်စက္ကူကလေး၏ လေးဘက်လေးတန် ထောင့်စွန်းများကို လက်ဖြင့် ဖိုင်းဖိထားလိုက်ကြသောအခါ ကလောင်တန်



တစ်ချောင်းကဲ့သို့ မတ်မတ်ထောင်နေသည့် တောင်တစ်လုံးကို တွေ့လိုက်ကြရ၏။

တောင်၏ဘေး၌ သေးငယ်သော စာလုံးကလေးများ ရေးသားထား၏။

'ဝူလန့်တောင်မှ ယိပိဖုန်းတောင်ထိပ်' ဟူသတည်း။

'ဝူလန့်' ၏အဓိပ္ပာယ်မှာ 'သစ်ခွနက်တောင်' ဟု အဓိပ္ပာယ်ရရှိပြီး 'ယိပိဖုန်း' ဟူသည်မှာ 'ကျောက်မျက်ကလောင်တံ တောင်ထိပ်' ဟု အဓိပ္ပာယ် ရရှိသည်။

မျက်ခုံးဖြူပေါင်စုက အော်ကြီးဟစ်ကျယ် ရွတ်ဖတ်ပြောကြားပြလိုက်သည်။

"ဝူလန့်တောင်၊ ယိပိဖုန်းတောင်ထိပ်၏ အနောက်ဘက်ခြမ်းတဲ့ဗျ ဟားဟားဟား..... ကျုပ်တို့လောက် ကံထူးတဲ့လူကတော့ မရှိတော့ဘူးဗျို့၊ မရှိတော့ဘူး။ ဟားဟားဟား....."

ကျေနပ်သဘောကျစွာ အော်ဟစ်ရယ်မောနေသည့် မျက်ခုံးဖြူပေါင်စုကိုကြည့်ပြီး ဤတရုတ်ဘုန်းကြီးအိုကြီးသည် ရတနာများကို ရတော့မည်ဟု သိလိုက်ရသဖြင့် ရူးသွပ်သွားလေပြီလားဟု လူအားလုံးက တွေးနေကြသည်။

\+ + +

မျက်ခုံးဖြူပေါင်စုသည် သူ့အား ကြောင်စီစီကြည့်နေသူများ၏ မျက်လုံးများကိုကြည့်ပြီး သူ့အား ရူးသွပ်နေပြီဟု ထင်နေကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိပ်မိလိုက်၏။

"ဘာလဲ.....ခင်ဗျားတို့က ကျုပ်ကို ရူးနေတယ်လို့ ထင်နေကြသလား။ ကျုပ် မရူးဘူးဗျ၊ မရူးဘူး။ ကံထူးလို့ ရယ်နေတာ သိရဲ့လား။ ကျောက်မျက်ကလောင်တံ တောင်ထိပ်လို့ အမိပ္ပာယ်ရတဲ့ ယိပိဖုန်းတောင်ဟာ အခု ကျုပ်တို့ နင်းထားတဲ့တောင်ထိပ်ပေါ့ဗျာ၊ ဟားဟားဟား..... ဒါကြောင့် ကျုပ် ရယ်နေတာ"

"ဗျာ"

အားလုံး အာမေဋ္ဍိတ်သံများ လွှတ်ခနဲ ထွက်သွားကြသည်။ သူတို့သည် မျက်ခုံးဖြူပေါင်စုတွေးသည့်အတွေးကို လုံးဝ မတွေးမိကြပေ။

ယွမ်စစ်ကျိုးက.....

"ခင်ဗျားက ဒီတောင်ထိပ်ဟာ ယိပိဖုန်းတောင်ထိပ်ဆိုတာ သေသေချာချာကော သိလို့လား"

"ဟ.....သေသေချာချာသိဖို့ လိုသေးသလား။ ဒီတောင်ကြီးကို ခင်ဗျားတို့ ဘယ်လိုတက်ခဲ့ကြရသလဲ၊ ဒီလောက်မတ်စောက်တဲ့ တောင်ကြီးဟာ ကလောင်တံကြီးနဲ့ မတူဘူးလား"

"ဟာ.....ဟုတ်သပေါ့ဗျာ၊ ဒီတောင်ထိပ်က ကလောင်တံကြီးတစ်ချောင်း ထောင်ထားသလို မတ်စောက်နေတာပဲကိုးဗျ၊ ဟုတ်ပြီ ဟုတ်ပြီ.....ဒီတောင်ထိပ် ဟုတ်ပြီ"

ယွမ်စစ်ကျိုးမှာ ကြူး၍ အော်ဟစ်တော့သည်။



မျက်ခုံးဖြူပေါင်စုက စက္ကူလိပ်ကလေးပေါ်သို့ လက်ညှိုးထောက်ပြရင်း ပြောလိုက်၏။

"ဟောဒီမှာ ကြည့်ကြ၊ ဆံပင်ချည်ကလေးလို ထောင်နေတဲ့ အချောင်းကလေး ခြောက်ချောင်းတွေ့ရတယ် မဟုတ်လား။ သုံးချောင်းက ရှေ့ဘက်မှာ ရှိတယ်၊ နောက်သုံးချောင်းက နောက်ဘက်မှာ ရှိတယ်၊ ဟောဒီ တောင်ထိပ်ပေါ်မှာလဲ ထင်းရှူးပင်ကြီး ခြောက်ပင် ရှိနေတယ်၊ သုံးပင်က အရှေ့ဘက်မှာ သုံးပင်က အနောက်ဘက်မှာ ဒီလောက် သေချာတဲ့ မြေပုံအညွှန်း ရှိပါဦးတော့မလားဗျ"

\+ + +

သိုင်းသမားများသည် ထင်းရှူးပင်ကြီးများကို မြင်တွေ့နိုင်သည့် နေရာသို့ ပြေးထွက်သွားကြပြီး ရေတွက်ကြည့်ကြသည်။

မျက်ခုံးဖြူပေါင်စုပြောသည့်အတိုင်း တည်ရှိနေသဖြင့် သူတို့အားလုံး အပျော်ကြီးပျော်သွားကြသည်။

ယင်ကြည့်က ချီးကျူးလိုက်၏။

"မျက်ခုံးဖြူပေါင်စုကိုယ်တော်ကြီးကတော့ တကယ့်ကို ချီးကျူးစရာကောင်းလှတယ်ဗျာ၊ တောင်ထိပ်ပေါ်ရောက်ကတည်းက မြေအနေအထားကို လေ့လာပြီးနေပြီပဲဗျ၊ ကျုပ် တကယ်ပဲ ချီးကျူးပါတယ်ဗျာ"

သူတို့လူစုသည် ဤတောင်ထိပ်ကို ရောက်စက သူတို့လောက် ကံဆိုးသူများ ဤလောက၌ မရှိတော့ဟု ထင်မှတ်ခဲ့သည်။

ယခုမူ သူတို့လောက် ကံကောင်းသူများ မရှိတော့ဟု ထင်မှတ်

www.burmeseclassic.com

www.burmeseclassic.com



မိကြပြန်လေ၏။

သူတို့သည် မြောင်းပိုလန်နှင့် ခင်တို့ကို လုံးဝမေ့လျော့ထားပြီး လူယုတ်မာအချင်းချင်း လွန်စွာ စည်းရုံးညီညွတ်နေကြတော့သည်။

♛ ♛ ♛



အခန်း (၄၇)

## သခင်ကြီး တုစပ်ကို

ထိုစဉ် အလွန်စဉ်းစားဖွယ်ရာကောင်းသည့် အချက်တစ်ချက်ကို အရေးတကြီး တွေးတောမိကြသဖြင့်.....

"ဒီမှာ အရေးကြီးတဲ့ အချက်တစ်ချက်ကို ကျုပ် စဉ်းစားမိတယ် ကွ၊ ခင်ဗျားတို့ပါ ဝိုင်းစဉ်းစားကြစမ်းပါ၊ ကျုပ် စဉ်းစားတာ ယုတ္တိရှိ မရှိပေါ့ဗျာ"

လိုယွမ်ဟိုက.....

"ဘာများလဲဗျာ၊ ဆိုစမ်းပါဦး"

"ဒီလိုဗျ၊ ပေဘာဒီတောင်ထိပ်က သခင်ကြီး တုစပ်ကိုဟာ သိုင်းပညာကောင်းသလောက် ဉာဏ်ပညာလဲ အင်မတန်ကောင်းတယ်ဗျ၊ သူဟာ ပေဘာဒီရတနာသိုက်နဲ့ပတ်သက်တဲ့ သတင်းတစ်ခုကို တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



ရာက ရခဲ့လိမ့်မယ်လို့ ကျုပ်တို့ ခန့်မှန်းနိုင်တယ်''

လိုယွန်ဟိုက.....

''ဘယ်လိုဗျ၊ ဘယ်လို ဒီရတနာသိုက်အကြောင်း အခုမှ ကျုပ်တို့ သိကြတာမဟုတ်လားဗျ၊ သူက ဘယ့်နှယ်သိရမှာလဲ''

''ခင်ဗျားတို့က သခင်ကြီးတုစင်ကိုကို အထင်သေးနေကြတာကိုးဗျ၊ ဒီလူကြီးက ခင်ဗျားတို့ ကျုပ်တို့ထက် ဆယ်ဆလောက် ဉာဏ်ကောင်းတယ်ဗျ၊ ထားပါဗျာ၊ သူဟာ ရတနာသိုက်သတင်းကို တစ်နေရာရာကရပြီး ပေဟာဒီတောင်ကလပ်ထိပ်မှာ လာပြီး အခြေစိုက်တာပဲ ဖြစ်ရမယ်'

''ဆက်ပြောစမ်းပါဦးဗျာ၊ ခင်ဗျားအတွေးက အနုမာန အတွေးပဲဗျ''

''ဘာအတွေးပဲ ဖြစ်ဖြစ်ပေါ့ဗျာ၊ ခင်ဗျားတို့ ကြည့်ကြလေဗျာ၊ ဒီလောက် လူအရောက်အပေါက် နည်းလှတဲ့တောင်ထိပ်မှာ အဆောက်အအုံကြီးတွေ ခိုင်ခိုင်ခန့်ခန့် အတည်တကျ တည်ဆောက်ထားတယ်၊ ရည်ရွယ်ချက်တစ်ခုခု မရှိဘဲနဲ့ ဘယ်သူမှ ဒီလောက်အပင်ပန်းမခံဘူးဗျ''

''ရာသီဥတုကိုလဲ ကြည့်စမ်းပါဦးဗျာ၊ လတိုင်းလိုလို နှင်းကျနေတဲ့နေရာ၊ အေးလိုက်တာလဲ လွန်ပါရော၊ ရိက္ခာရဖို့ ဆိုတာကလဲ မလွယ်ဘူး။ ကိုယ့်သေတွင်း ကိုယ်တူးချင်တဲ့လူမျိုးမှ ဒီတောင်ထိပ်မှာ လာပြီး အခြေချမှာဗျ''

''ဒါပေမယ့် သခင်ကြီးတုစင်ကို ဆိုတဲ့လူဟာ ကိုယ့်သေတွင်း



ကိုယ်တူးမယ့်လူလဲ မဟုတ်ဘူး၊ အရူးလဲ မဟုတ်ဘူးဗျ၊ ကျုပ်က သူ့အကြောင်း ကောင်းကောင်းသိနေတဲ့လူပဲဗျာ''

လူအားလုံး တွေဝေသွားကြသည်။

+ + +

မှန်သည်။

အတက်အဆင်းကြိုးကြီး ပြတ်သွားသည်နှင့် တောင်ထိပ်နှင့် တောင်အောက် အဆက်အသွယ်မှာ လုံးဝ ပြတ်တောက်သွားရသည်ကို သူတို့အားလုံး သိမြင်ပြီးကြလေပြီ။

ဤမျှ အဆက်အသွယ် ခက်ခဲသောနေရာကို သခင်ကြီး တုစင်ကိုက အဘယ့်ကြောင့် ရွေးချယ်ရသနည်း။

မျက်ခုံးဖြူပေါင်စုက ဆက်ပြောနေ၏။

''သခင်ကြီး တုစင်ကိုဟာ ဒေသန္တရ ဘာသန္တရ ဗဟုသုတနဲ့ အင်မတန် ပြည့်စုံတဲ့လူဗျ၊ သူလိုလူမျိုးအနေနဲ့ သည့်ထက်နေလို့ထိုင်လို့ကောင်းတဲ့နေရာတွေကို ကောင်းကောင်းကြီး ရွေးချယ်နိုင်ပါတယ်''

''အခုတော့ သူက ဒီတောင်ကလပ်ထိပ်ကိုမှ လာပြီး အခြေချနေတယ်ဗျာ၊ ဒါဘာသဘောလဲဆိုတာ ခင်ဗျားတို့ပဲ ဆက်စပ် စဉ်းစားကြပါဦး။ ကျုပ်စိတ်အထင်တော့ သခင်ကြီး တုစင်ကိုဟာ ရတနာသိုက်ကို ကောင်းကောင်းကြီး ရပြီးသွားပြီလို့ ထင်တယ်ဗျာ''

ထိုစဉ် လိုယွန်ဟို၏မျက်နှာမှာ ရုတ်တရက် သွေးဆုတ်ဖြူရော်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကို မျက်ခုံးဖြူပေါင်စုက သတိပြုလိုက်မိ၏။

"နောင်ကြီး လိုယွမ်ပတို့ ဘာအချက်များကို စဉ်းစားသိမြင်လိုက်သလဲဗျ"

လိုယွမ်ပတို့က စိုးရိမ်တကြီး ပြောလိုက်၏။

"ကျုပ် တွေးမိတဲ့အချက်ကတော့ တကယ့်ကို ရင်ထိတ်စရာပါပဲဗျာ"

"ဘာများလဲဗျာ၊ ကျုပ်တို့လဲ ဝိုင်းပြီးကာကွယ်တန် ကာကွယ်ရမှာပေါ့၊ ပြောပါဦး"

"ခင်ဗျားပဲ ပြောတယ် မဟုတ်လား။ သခင်ကြီး တုစပ်ကိုဟာ ရတနာသိုက်သတင်းကို တစ်နေရာရာက ရလာပြီး ဒီမှာ အခြေချနေထိုင်နိုင်တယ်လို့"

"ဟုတ်ပါတယ်၊ ကျုပ် ပြောခဲ့ပါတယ်"

"သူ ဒီမှာ အခြေချနေထိုင်တာလဲ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီ မဟုတ်လား။ ဒီအဆောက်အအုံတွေကိုပဲ ကြည့်ပေါ့ဗျာ၊ အဲဒါဆိုရင် မလွယ်တော့ဘူးဗျို့"

"သူဟာ ကျုပ်တို့ရဲ့ ရတနာတွေကို အကုန်အစင် သယ်ယူပြီး လောက်ရောပေါ့ဗျာ၊ ပုလင်းကွဲလေးတစ်ခုတောင် ကျန်ရစ်ခဲ့မှာ မဟုတ်တော့ဘူး။ ကျုပ်ပြောတာ မဖြစ်နိုင်ဘူးလားဗျို့"

သိုင်းသမားအားလုံး ထခုန်မိကြတော့၏။

\+ + +



အခန်း (၄၈)

ဓလောဘသားတို့ အစုအဝေး

လိုယွမ်ပတို့၏ စဉ်းစားတွေးတောမှုကို သူတို့ လက်ခံမိလိုက်ကြလေသည်။

မျက်ခုံးဖြူပေါင်စုက ငြိမ်သက်စွာနေရန် လက်နှစ်ဘက်ကို မြှောက်ပြလိုက်၏။

"ငြိမ်ကြပါ ငြိမ်ကြပါ၊ ဒီလောက်လဲ စိတ်ပူမနေကြပါနဲ့"

ထောင်ပိုင်ရွှေ့က ဝင်ပြော၏။

"ဘာဖြစ်လို့ ငြိမ်ရမှာလဲ၊ ခင်ဗျားက ဒီရတနာတွေ ရှိနေတယ်လို့ သိထားလို့လား"

ပေါင်စုက ပြုံးရင်း.....

www.burmeseclassic.com

www.burmeseclassic.com



"တပ်အပ်သေချာတော့ မသိဘူးပေါ့ဗျာ၊ ဒါပေမယ့် စဉ်းစားရသလောက်တော့ ဒီရတနာတွေဟာ မကုန်စင်သေးပါဘူးဗျ"

"ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြပါဦးဗျာ၊ ကျောက်ကြီး လိဏ်ဂူမှာ ရှိတဲ့ခြင်္သေ့ရုပ်ပြိုကျသွားတော့ ကျနော်တို့ကလည်း တာလီ...၊ ဒီတော့မှ ... ခင်ဗျားတို့ ထန်းလုံအဖွဲ့ထဲက ဘယ်နှစ်နှစ်လောက်ကများ သူများဆီ ရောက်သွားဖူးလို့လဲ"

"ဒီပုလဲဆံထိုးကလဲ ဒီအတိုင်းပါပဲ၊ သူ့ရဲ့ကောင်းကြီး မြောင်ရင် ဖုန့်ဆီ ဘယ်သူက သွားလုရဲမှာလဲ၊ ဒီနှစ်ခု မရှိဘဲနဲ့ ရတနာသိုက်ကို မသိနိုင်ပါဘူးဗျ"

"နောက်တစ်ကြောင်းက သခင်ကြီး တုစပ်ကိုနဲ့ ပတ်သက်ပါတယ်၊ သူဟာ ရတနာတွေကို သယ်ယူပြီး နေပြီဆိုရင် သူဟာ ဒီလောက် သီခေါင်လှတဲ့နေရာမှာ ဘယ်နေတော့မလဲဗျာ၊ သည့်ထက် စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိမယ့်နေရာမှာ နေတော့မှာပေါ့"

ယင်ကြည်နှင့် ယွမ်စစ်ကျုံးတို့သည် အားရဝမ်းသာစွာ စားပွဲခုံကြီးကို ဖြန်းခနဲ ရိုက်ချလိုက်သည်။

"မှန်တယ်ဗျို့၊ ခင်ဗျားပြောတာ အများကြီး ဖြစ်နိုင်တယ်၊ ကဲ.....ဘာဖြစ်လို့ ဒီခန်းမကြီးထဲမှာ အချိန်ဖြုန်းနေတော့မလဲ၊ အနောက်ဘက်က ထင်းရှူးပင်ကြီးတွေဆီ သွားကြရင် မကောင်းဘူးလား"

လူအားလုံးတို့သည်း ပြန်လည်၍ တက်တက်ကြွကြွ ဖြစ်လာပြီ တော့၏။

ထိုစဉ်.....



မျက်နှုံးဖြူပေါင်စုက မြောင်ယိုလန်အား ရုတ်တရက် လက်ညှိုး ထိုးလိုက်ပြီး.....

"ကျုပ်တို့ ရတနာတွေရှာတာတော့ ဟုတ်ပါပြီ၊ ဟောဒီ လုံမကလေး မြောင်ယိုလန်နဲ့ သခင်ကြီး တုစပ်ကိုရဲ့ အိမ်တော်သားတွေကို ဘယ်လိုလုပ်ခဲ့ကြမလဲဗျ"

ထိုအခါကျမှ လူအားလုံးသည် ဘဏ္ဍာစိုးကြီးယီကို လိုက်ကြည့် ကြသည်။

ယီကိုလည်း မတွေ့ရတော့။ အခြားအစေခံများကိုလည်း မတွေ့ရတော့ပေ။

ဘဏ္ဍာစိုးကြီးယီနှင့် အစေခံများ မည်သည့်အချိန်က ထွက်သွား ကြသည်ကို သူတို့ လုံးဝ မသိလိုက်ကြပေ။

လိုယွမ်ဟို့က ညည်းတွားလိုက်သည်။

"ဒုက္ခပဲ၊ ဒီလူတွေက ကျုပ်တို့ကို ဒုက္ခပေးနိုင်တယ်ဗျ၊ သူတို့ ထွက်သွားတာကို ကျုပ်တို့ထဲက ဘယ်သူမှ မမြင်လိုက်ကြဘူးလားဗျာ"

ထိုအခါ ထန်ချင်ဝင်းက ဝင်၍ အဖြေပေး၏။

"ကျွန်မ အနားယူနေတဲ့အခန်းထဲက ထွက်လာစက ဦးဦး လိုယွမ်ဟို့က ဆံပင်ချည်နဲ့ ပုလဲဆံထိုးကို ဖွင့်နေပါတယ်၊ အဲဒီအချိန်မှာ ဘဏ္ဍာစိုးကြီးယီရော အစေခံတွေပါ အားလုံး တိတ်တဆိတ်ပဲ ထွက်ခွာ သွားကြပါတယ်၊ ကျွန်မလဲ အရေးမကြီးဘူးထင်လို့ ဒီအကြောင်းကို မပြောမိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



လိုယွမ်ဟို့သည် ဆောက်တည်ရာမရအောင် တစ်စုံတစ်ခုကို လိုက်လံရှာဖွေနေသည်။ ရက်စက်သည့်အမှုအရာ ပေါ်လွင်နေသည်။

♛ ♛ ♛



## အခန်း(၄၉)

## ဒေးတာမန် အကြံကွက်လေးပေါ့

လိုယွမ်ဟို့သည် ဓားရှည်တစ်စင်းကို ဆွဲလာပြီး မြောင်ပယိုလန် ရှေ့သို့ လျှောက်လာ၏။

အားနွဲ့သူ မြောင်ပယိုလန်သည် အထွတ်အမြတ် ဆင်ထားသော ဆံထိုးကလေးလဲ ဆုံး၊ ခေါင်းအတွက်လဲ ပူရ၊ ယခု သူ့ကိုပင် ရန်ပြုတော့ မည်ဖြစ်၍ မရှုံ့မရဲ ဖြစ်နေရှာသည်။

ယင်ကြည်က အရေးတကြီး လှမ်းမေးလေ၏။

"နောင်ကြီး လိုယွမ်ဟို့၊ ဘာလုပ်မလို့လဲဗျ၊ မထိတ်သာ မလန့်သာဗျာ"

www.burmeseclassic.com

www.burmeseclassic.com



လိုယွမ်ပဲ့ကို.....

"ခင်ဗျားကလဲဗျာ၊ သိုင်းသမားရင့်မာကြီးလုပ်နေပြီး ဒီလောက် စိုးရိမ်နေရသလားဗျ၊ ဘာမှ မစိုးရိမ်နဲ့"

"ကျုပ်တို့ဟာ အင်မတန်အရေးကြီးတဲ့ အကြောင်းအရာတွေကို ဟောဒီ မိန်းကလေးရှေ့မှာ ထုတ်ဖော်ပြီးခဲ့ကြပြီဗျ၊ သူကလဲ မှတ်သား ပြီးသွားပြီ"

"သူ မှတ်သားထားတာတွေ ပျောက်သွားအောင်လုပ်ဖို့ တစ်ချက်ပဲ ရှိတော့တယ်"

"သူ့ခေါင်းကို ဖြတ်ပစ်လိုက်ဖို့ပဲ၊ သူ့ကို အသက်ရှင်လျက် ထားခဲ့ရင် နောက်ပိုင်း တက်လာမယ့် ပြဿနာတွေက မသေးဘူးဗျ"

မြောင်ယိုလန်၏ လှပသောမျက်နှာကလေးမှာ သွေးတစ်စက် မျှ မရှိတော့သလို ဖြူရော်သွားသည်။

သူမသည် သိုးငယ်ကလေးတစ်ကောင်ကဲ့သို့ ဘာမျှမလုပ်တတ် ဘဲ ကြောက်လန့်တကြား ကြည့်နေမိတော့သည်။

ထိုစဉ်.....

လိုယွမ်ပဲ့က သူ့ဓားကြီးကို ဖျတ်ခနဲ မြှောက်တင်လိုက်၏။

မြောင်ယိုလန်က အံကိုတင်းတင်း ကြိတ်ထားသည်။

လိုယွမ်ပဲ့၏ ဖွေးဖွေးလက်လက် ဓားထက်ထက်သည် အပေါ်သို့ မြှောက်တက်သွားရာမှ အရှိန်ဖြင့် ကျဆင်းလာနေသည်။

သိုးငယ်ပမာ ကြောက်လန့်လည်စင်း နေရရှာသော မြောင်ယို

BURMESE CLASSIC



လန်၏လည်ကုပ်ဆီသို့ လာရောက်မထိတွေ့သေးမီ စက္ကန့်ပိုင်းအချိန်က လေးသည် အလွန်အရေးကြီးနေပေသည်။

မြောင်ယိုလန်သည် ဘယ်ဆီရောက်နေမှန်း မသိသော ဖခင်ကြီး ကို အတမ်းတကြီး တမ်းတလျက် အမြော်ကိုကြီး မြော်ကိုးကာ ကြောက်ရွံ့ ထိတ်လန့်လှ၍ အသည်းကြွေလုအောင် တုန်လှုပ်ချောက်ချားဖြင့်သော မျက်ရည်စက်များ တဲတွေတွေ စီးဖြာသွယ်ကျလာရရှာလေသတည်း။

လိုယွမ်ပဲ့ကား ခေါင်းငုံ့လည်စင်းနေသော မြောင်ယိုလန်၏ လည်ကုပ်ဆီသို့ ဓားကိုမြှောက်မိုး၍ မခုတ်ပိုင်းနိုင်မီကလေးတွင်.....

ထိုလျှပ်တစ်ပြက်အချိန်ကလေးတွင် အဖြစ်ဆိုးတစ်ခုဖြင့် ကြုံရရှာလေ၏။

ထိုအဖြစ်ကား အခြားမဟုတ်။

ခုတ်ပိုင်းရန် ရွယ်မိုးထားသော လိုယွမ်ပဲ့၏နောက်မှ ရောက်နေ သူကြောင့်တည်း။

လျှပ်တစ်ပြက် တစ်စက္ကန့်မျှ အချိန်ကလေးကို အသုံးပြု၍ အံ့ပြသသော၊ ကျေးဇူးရှင်ကိုကယ်တင်ခွင့်ရသောအဖြစ်၊ သခင့်အချစ်ကို ခံယူရင်း သခင့်အဖြစ်ကို မရှုဆိတ်နိုင်၍ တဟုန်ထိုး ဝင်ရောက်လာပေ သူတည်း။

ထိုစဉ် မြောင်ယိုလန်၏ အခြွေအရံမလေး ခင်သည် လှစ်ခနဲ ခုန်ထွက်လာပြီး လိုယွမ်ပဲ့၏လက်မောင်းကို အားရပါးရ ကိုက်ချလိုက် တော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ သွားများသည် လက်မောင်းထဲ အတော်ကြီးစိုက်နစ်ဝင်သွား၏။

"အား"

အမှတ်မထင် အကိုက်ခံလိုက်ရသောကြောင့် လိုယွမ်ဟို့မှာ ဓားကိုအထိတ်တလန့်လွှတ်ချလိုက်မိ၏။

"ချွမ်း"

ဓားရှည်ကြီးသည် ကြမ်းပြင်ပေါ်သို့ ကျသွားသည်။

နီရဲသော သွေးများသည် လက်မောင်းတလျှောက်စီးဆင်းလာသည်။

ခင်သည် အားရပါးရကိုက်ပြီး ချက်ချင်းနောက်သို့ ဆုတ်သွားသည်။

သို့သော် သူမသည် လိုယွမ်ဟို့ကို လက်ညှိုးငေါက် ငေါက်ထိုး၍ ရန်တွေ့တော့သည်။

"ရှင် ရှင်သေချင်းဆိုးနဲ့ သေသွားချင်သလား။ ရှင့်ကိုယ်ရှင် မန်ချူးဘုရင်ရဲ့ကိုယ်ရံတော်ဆိုပြီး သိပ်ဘဝင်မြင့်နေသလား။ ကျွန်မ သခင်မလေးရဲ့ ခန္ဓာကိုယ်မှာ ဓားခြစ်ရာကလေးတစ်ခုဖြစ်သွားရင်တော့ ရှင့်အရေပြားတွေကို လွှာပစ်မယ်၊ အကြောတွေကိုတစ်စချင်း ထုတ်ပစ်မယ်၊ အသားကို ဓားနဲ့နုပ်နုပ်စဉ်းပစ်မယ်၊ ရှင်လုပ်ရဲ လုပ်ကြည့်၊ ရှင်တင်မကဘူး ပေဟဒီမှာ ရှိနေတဲ့လူအားလုံးကို အဲသည်လို လိုက်ပြီး တုံ့ပြန်မယ်"

BURMESE CLASSIC .com



ခင်သည် အကြောက်အရွံ့မရှိဘဲ သူ့စိတ်ထဲရှိသမျှ စကားလုံးများဖြင့် ကြိမ်းမောင်းငေါက်ငမ်းနေတော့သည်။

လိုယွမ်ဟို့မှာ မိမိအသား နာရသည့်အထဲ မလောက်လေး မလောက်စား မိန်းမငယ်လေးက သူ့အား အသားလွှတ် ကြိမ်းမောင်းပြီး ခြောက်နေသဖြင့် လွန်စွာဒေါသထွက်လာသည်။

သူသည် ရှေ့နစ်လှမ်း ခုန်တိုးလိုက်ပြီး ခင်၏မျက်နှာကို ပြင်းထန်လှသော လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

"ဝိုး"

"ဖတ်"

လိုယွမ်ဟို့၏လက်သီးသည် ခင်၏မျက်နှာကိုမထိဘဲ လွဲချော်သွား၏။

ထိမှားထိလိုက်လျှင် ခင်သည်ထိုနေရာ၌ တစ်ချက်တည်းနှင့် အသက်ထွက်သွားပေလိမ့်မည်။

ဤသို့ လွဲချော်သွားရခြင်းမှာ ရွှံးယွမ်ရှန့်က ရုတ်တရက် ခုန်ဝင်လာပြီး သူ့လက်မောင်းကို ခပ်ဆတ်ဆတ်ကလေး ပုတ်ထုတ်လိုက်သောကြောင့်ဖြစ်လေသည်။

(စာစဉ်-၄) ပြီး၏။

(စာစဉ်-၅)ကို ဆက်လက်ဖတ်ရှုပါရန်

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com